yadanarbonnews.com

# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း (၁၁)ရက် ၊ တနင်္လာနေ့ ၊ (4-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၉၆)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။


၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညို၊ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် “ရှင်ပင်သာလျောင်း” ခေါ် “ရွှေသာလျောင်း” ရုပ်ပွားတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် ဩဂုတ် ၃**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် ဇနီး ဒေါ်ကြူကြူလှ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

**ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီးသို့ ရောက်ရှိဖူးမြော်ကြပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်သည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီး အထက်ပစ္စယံရှိ ဆုတောင်းပြည့် ဘီလူးရန်နိုင်ဘုရားအား ဖူးမြော်ကြည်ညိုပြီး ရွှေသင်္ကန်းကပ်လှူပူဇော်သည်။

ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး တာဝန်ရှိသူများကို စေတီတော်မြတ်ကြီးနှင့် ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲရေး၊သန့်ရှင်းသပ်ရပ်ပြီး ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုကြောင်း၊

စာမျက်နှာ ၁၆ ကော်လံ ၁

**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကို ရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း
လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
ဈေးဝယ်ခြင်း ၊Internet Bill ပေးဆောင်ခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊
ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊
E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊
အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို
ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

Myanmar MOBILE MONEY
anywhere
anytime
anyone

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံ၍ စီးပွားရေးကိုဆောင်ရွက်သည့်နိုင်ငံဖြစ်သည်။ ကျေးလက်နေပြည်သူအများစုသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုဆောင်ရွက်ခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ပြီး ဆင်းရဲမှုလျှော့ချနိုင်ရမည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားမှာလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်ထုတ်လုပ်နိုင်ရေး အားလုံးကအလေးပေးဆောင်ရွက်သွားကြရန်လိုပေသည်။

စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမြေများကို စနစ်တကျအသုံးချရန်လိုသကဲ့သို့ တစ်ဧကပန်းတိုင်အထွက်နှုန်းများတိုးတက်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုပေသည်။ သို့မှသာ ပြည်တွင်းစားသုံးမှုဖူလုံမှုရှိမည်ဖြစ်သည့်အပြင် ပြည်ပသို့ပါတင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သောသွင်းအားစုများကိုလည်း နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသော လေးမျိုးမှာ အဓိကလိုအပ်ချက်ဖြစ်သည်။ မျိုးကောင်းရန်၊ အာဟာရပြည့်ဝသည့်မြေဩဇာရရှိရန်၊ ရေလုံလောက်စွာရရှိရန်နှင့် နည်းစနစ်ကောင်းမွန်စွာဖြင့် စိုက်ပျိုးနိုင်ရန်လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်က တောင်သူများကို စိုက်ပျိုးရေးလုပ်ငန်းတွင် အဆင်ပြေချောမွေ့စေရန်အတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်း၊ မြေဩဇာနှင့် မျိုးကောင်းမျိုးသန့်များ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်း၊ အခြားလိုအပ်သောသွင်းအားစုများပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပေသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအားဖြင့် ပြည်တွင်းမှထွက်ရှိသည့် ကုန်ပစ္စည်းများကို အရည်အသွေးမီမီ အဆင့်အတန်းမြင့်မြင့်ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး ကြိုးစားကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်လုပ်ငန်းများသည် မြန်မာနိုင်ငံ၏ အခြေခံလုပ်ငန်းများဖြစ်သည်။ ထိုအခြေခံလုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ပေသည်။

ပြည်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှရရှိသည့် ကုန်ကြမ်းများကိုအခြေခံ၍ ကုန်ထုတ်လုပ်ငန်းများ ထူထောင်လုပ်ကိုင်ခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကဏ္ဍ ပိုမိုတိုးတက်လာမည်ဖြစ်ပြီး ပြည်ပဝင်ငွေတိုးတက်ရရှိလာနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆိုသည့်အတိုင်း လက်တွေ့ကျသည့် လုပ်ငန်းများတွင် ကျေးလက်စီးပွားရေးကို မြှင့်တင်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်သည်။ သို့မှသာ အဆိုပါလုပ်ငန်းများမှထွက်ရှိသော ထုတ်ကုန်များကို ပြည်ပတင်ပို့ရောင်းချနိုင်ပြီး ပြည်ပဝင်ငွေရရှိကာ ပြည်သူများ၏လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပေသည်။

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြင်ဆင်မွမ်းမံဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှု



**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဩဂုတ် ၂ ရက် နံနက်ပိုင်းက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရား၊ စေတီ၊ ပုထိုးများ ပြန်လည်ပြင်ဆင်မွမ်းမံဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ ပဉ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်စေတီတော်သို့ သွားရောက်ပြီး ကုသိုလ်တော်မြတ်စွာဘုရားကိုဖူးမြော်၍ ငလျင်ဒဏ်ကြောင့် ဘုရား၊ စေတီ၊ ပုထိုးတော်များနှင့် သာသနိကအဆောက်အအုံများ၏ ထိခိုက်ပျက်စီးခဲ့မှုတို့အပေါ် မူလလက်ရာအတိုင်း ပြန်လည်ပြင်ဆင်မွမ်းမံထားမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထား ကိုးကွယ်တော်မူအပ်သော ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယစွယ်တော်မြတ် စေတီတော်(မန္တလေး)သို့ ရောက်ရှိပြီး ဖူးမြော်ကြည်ညို၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် ပြန်လည်ပြင်ဆင်မွမ်းမံဆောင်ရွက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြစ်ငယ်-ထုံးဘို တိုးဂိတ်သို့ရောက်ရှိပြီး ယာဉ်အန္တရာယ် ကင်းရှင်းစေရန် ယာဉ်ကြောရှုပ်ထွေးမှုများမဖြစ်ပေါ်စေရေး၊ယာဉ်စစ်ဆေးခြင်းများ စနစ်တကျဖြစ်စေရေး၊ အမြင်တင့်တယ်သန့်ရှင်းသာယာလှပရေး၊ လမ်းမကြီးပေါ်တွင် ရေဝပ်ရေတင်ခြင်းများမရှိစေရန် ရေနုတ်မြောင်းစနစ်များ ကောင်းမွန်စေရေးတို့အတွက် လုပ်ငန်းများဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကကတစ်ငါးပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကကတစ်ငါး ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ကကတစ်ငါး ပိသာချိန် ၄၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကကတစ်ငါးပိသာချိန် ၆၃၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ငပုတောမြို့နယ်ကနေ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ကကတစ်ငါးပိသာချိန် ၆၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်ခဲ့လို့ တင်ပို့ရောင်းချအား တက်ခဲ့တာဖြစ်ပါတယ်။ တင်ပို့အားတက်တော့ ကုန်သွယ်လုပ်ငန်း၊ ရေလုပ်ငန်းလုပ်တဲ့သူတွေ အဆင်ပြေလာပါတယ်''ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကကတစ်ငါး တစ်ပိသာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၄၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ကကတစ်ငါး အပါအဝင် ရေထွက်ကုန်များ အများအပြား တင်ပို့ရောင်းချနေရခြင်းကြောင့် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၀၉၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၀၉၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၈၃၉၄၄ ဧကစိုက်ပျိုးရန်လျာထားပြီး မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၀၉၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ပဲတီစိမ်း ၈၃၉၄၄ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၀၉၂၆ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ်ကန့်ဘလူမြို့နယ်တွင် ပဲတီစိမ်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အလုပ်သမားဆေးရုံကြီး(မန္တလေး)ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှု

**မန္တလေး ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဩဂုတ် ၂ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး(မန္တလေး) ဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထိုသို့ ကြည့်ရှုစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အလုပ်သမားဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများကို ဆေးရုံဥပမိရပ် ကောင်းမွန်စေရေး၊ ဆေးရုံဝင်းအတွင်းအပြင် အစဉ်အမြဲ သန့်ရှင်းသပ်ရပ်ရေး၊ စက်ရုံ၊ အလုပ်ရုံများနှင့် အစိုးရဝန်ထမ်းများ အားကိုးအားထားပြုနေရသည့်ဆေးရုံဖြစ်ပြီး ကျန်းမာရေးဆိုင်ရာ စစ်ဆေးကုသမှုများပေးရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် စိတ်ချမ်းမြေ့စေရေးအလေးထားဆောင်ရွက်ရန်တို့ကိုမှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများ၊ အခြေခံပညာစာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သန့်ရှင်းသာယာလှပရေးတို့အတွက် နယ်မြေခံတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများနှင့်မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**







မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ လှထိပ်တင်စတိုး၊ နေခြည်စတိုး၊ စန္ဒာစတိုး၊ ဖိုးလပြည့် စာရေးကိရိယာ မိသားစုတို့က ဦးဘိုနီ+ဒေါ်လှလှ၊ ဒေါ်ကေသီတို့အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၁၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ဝမ်းတွင်းမြို့နယ် ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားဖြူကျေးရွာအုပ်စု ကံကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၁၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်း ပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကံကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၁ ဦးကို ငွေကျပ် ၄၁ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၇ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉ ဒသမ ၁၅ သန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ပွင့်ဖြူမြို့နယ် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၁၇၈၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၁၇၈၇ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချည်မျှင်ရှည်ဝါ ၁၇၅၅ ကေ စိုက်ပျိုးရန် လျာထားပြီး ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၇၈၇ကေထိစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေပြည့်မီစေရန် ဆက်လက်ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ချည်မျှင်ရှည်ဝါ ၁၇၅၅ ကေ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၇၈၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေကိုလဲပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ချည်မျှင်ရှည်ဝါ စိုက်ပျိုးတာနဲ့ ပတ်သက်ပြီး မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြဖို့ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့၊ သွင်းအားစုများ စနစ်တကျသုံးစွဲကြဖို့ စိုက်ပျိုးရေးအသိပညာပေးတာတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်တွင် ချည်မျှင်ရှည်ဝါ စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကေများတိုးချဲ့စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ချည်မျှင်ရှည်ဝါ အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းကုန်ထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပေးနိုင်သည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် ချည်မျှင်ရှည်ဝါကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဟသ်ာတမြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ် ကောင်းမွန်နေ

**ဟသ်ာတ ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ဒေသထွက် သခွားသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဟသ်ာတမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် ဒေသထွက် သခွားသီးများ ဈေးကွက်တွင် ယခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်၍ ယနေ့ထိ အရောင်းအဝယ် ပြုလုပ်လျက်ရှိပြီး တစ်ရက်လျှင် သခွားသီးအလုံးရေ ၄၅၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ်ကောင်းမွန် နေကြောင်း၊ အဆိုပါ သခွားသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကထွက်တဲ့ သခွားသီးတွေကိုအခြားမြို့နယ်တွေက ဝယ်ယူအားများနေပါတယ်။ လက်ရှိ သခွားသီး အလုံးရေ ၅၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု အရောင်းအဝယ်ကောင်းနေတဲ့ သခွားသီးတွေက အရည်သွေးကောင်းပြီး လတ်ဆတ်မှုရှိပါတယ်။ ဒေသထွက်ကုန်ဖြစ်တော့ သက်သာပြီး သန့်ရှင်းလတ်ဆတ်တဲ့ စားသောက်ကုန်တွေကိုစားသုံးနိုင်မှာဖြစ်ပါတယ်။ အခြားဒေသတွေက ဒီဘက်ကနေတင်ပို့တဲ့ သခွားသီးတွေကို အဝယ်လိုက်နေပါတယ်။ အခုလိုဒေသထွက်ကုန်သခွားသီးတွေ ဝယ်ယူအား ကောင်းလာတော့စိုက်ပျိုးတဲ့တောင်သူတွေ အခွင့်အလမ်း ပိုမိုအဆင်ပြေလာပါတယ်" ဟု ဟသ်ာတမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ဟသ်ာတမြို့နယ်တွင် လက်ရှိ သခွားသီးများအပါအဝင် ဒေသထွက် ကုန်စိမ်းသီးနှံများပေါ်နေသည့်အချိန် ဖြစ်ကြောင်း၊ အဆိုပါ ဒေသထွက် သခွားသီးများဝယ်ယူအားကောင်းလာခြင်း၊ ဒေသထွက်ကုန်များကို အရောင်းအဝယ်ပြုလုပ်ရခြင်း၊ ကုန်စည်များ သယ်ယူရသည့် ကုန်ကျစရိတ်သက်သာခြင်း၊ ကုန်ပစ္စည်း လတ်ဆတ်မှုရှိခြင်း စသည့်အကျိုးကျေးဇူးများရှိနေကြောင်း ဟသ်ာတမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဘဝတာဝန်

ချစ်နိုင်(စိတ်ပညာ)

**နိဒါန်း**

"**ဘဝရည်မှန်းချက်**" အကြောင်းနှင့်ပတ်သတ်၍ ဤစာရေးသူသည် အကြိမ်ပေါင်းများစွာရေးခဲ့၊ ပြောခဲ့ဖူးလှပေပြီ။ "**ဘဝတာဝန်**" ဟူသောအကြောင်းအရာကို ဘယ်မှာရေးခဲ့ဖူးပါသနည်း။ ဘယ်နေရာ၊ ဘယ်မြို့ရွာဆီမှာ ဟောပြောခဲ့ဖူးပါသလဲ စဉ်းစားကြည့်သောအခါ ပြန်လည်သတိရစရာ မပေါ်ပါ။ ဟုတ်ပေမည်။ ဘယ်မှာမှ မရေးဖူးခဲ့၊ မပြောခဲ့မိဖူးဘူးကိုး။ ရှိခဲ့ဖူးလေသည်ဟု အထောက်အထားနှင့် ပြန်တွေ့သည်ရှိသော် စာရေးသူတော်တော်မေ့တတ်ချေပြီဟုသာ အပြစ်တင်ပါလေတော့။ ဖော်ပြနိုင်သူကို ကျေးဇူးတင်ရပါမည်ပေါ့။

**ဘဝတာဝန်** ဟူသောအကြောင်းအရာက အင်မတန် ကျယ်ဝန်းလေးနက်လှသော်လည်း စာရေးသူကတော့ အောက်ဖော်ပြပါအကြောင်းအရာ ခေါင်းစဉ်အစုခုနစ်ခုခွဲ၍သာ အဆီအနှစ်လဲပါအောင် တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကိုလည်းထိရောက်အောင် ကြိုးစား၍ တင်ပြပါမည်–

- ၁။ **ဘဝတစ်ခုရလာခြင်း**
- ၂။ **သင့်မှာစွမ်းအင်များစွာရှိပါ၏**
- ၃။ **ကျေးဇူးတင်စရာလူတွေ**
- ၄။ **တုံ့ပြန်ကျေးဇူး**
- ၅။ **အိမ်ထောင်သားမွေး**
- ၆။ **ဝန်းကျယ် ခြံကျယ်ကျယ်နှင့်စံအိမ်**
- ၇။ **အသက်အရွယ်အပိုင်းအခြား**

**ဘဝတစ်ခု**

စာဖတ်သူနှင့် စာရေးသူတို့သည် ကံကောင်း၊ အကြောင်းလှစွာ ဘဝတစ်ခုကို ရလာခဲ့သည်မှာ သေချာပါသည်။ ဘဝကလူ့ဘဝဖြစ်၏။ ငရဲ၊ တိရစ္ဆာန် စသော ဘုံအဆင့်အတန်းမဟုတ်။ ကြိုးစားလျှင် ကြိုးစားသလောက်၊ လမ်းမှန်လျှင်မှန်ကန်သလောက်၊ ထွန်းပေါက်ကြီးမြောက်နိုင်စွမ်းရှိသော ရေခံ၊ မြေခံ အခြေအနေ လူ့ဘုံမဟုတ်လော။ အခြေခံ လူ့အခွင့်အရေးများကို အလိုလိုရနေခဲ့ကြပေပြီ။ လူ၏အသိဉာဏ်ကို ရလာခဲ့ကြပေသည်။ အကောင်းအဆိုး အမျိုးမျိုး တွေ့ကြုံလာရမည့် အခြေအနေကတော့ မိမိ၏ရွေးချယ်လျှောက်လှမ်းသော ဘဝလမ်းကြောင်း မှန်ခြင်း၊ မှားခြင်း၊ တရားမျှတခြင်း၊ မတရား မမျှတခြင်း၊ အများသူငါအတွက် ကောင်းကျိုးပြုရာ ရောက်ခြင်း၊ ဆိုးကျိုးဒုက္ခသက်ရောက်စေခြင်း စသော မိမိလုပ်ဆောင်ချက်များအတိုင်း အကျိုးဆက်အဆိုး သို့မဟုတ် အကောင်း ထွက်ပေါ်လာမည်ဖြစ်၏။ ဘယ်နတ်သိကြား၊ ဒေဝတာ၊ ဗြဟ္မာ၊ ဘုရားဖန်ဆင်းရှင်ကမှ ကောင်းအောင်ဆိုးအောင် ဖန်တီးပေးလိမ့်မည်မဟုတ်။ ဖန်ဆင်းရှင်(God) ကို ယုံခြင်း၊ မယုံခြင်းက စာဖတ်သူ၏သဘောပါ။ မိမိဘဝကို မိမိလိုသလို ဆုံးဖြတ်ပိုင်ခွင့် တချို့ရှိသည်။ အချို့ပိတ်ပင်ကန့်သတ်မှုရှိသည်ဟု သိရပါမည်။ ဟိုတယ်မှာဖြစ်စေ၊ စားသောက်ဆိုင်တစ်ခုခုမှာဖြစ်စေ၊ မျက်နှာသစ်ခန်း၊ ရေချိုးခန်း၊ သန့်စင်ခန်းတို့မှာ အမျိုးသား၊ အမျိုးသမီး ခွဲခြားထားလျှင် ကိုယ့်သဘောနှင့်ကိုယ်ဝင်လို့မရပေ။ လူမှာ အခွင့်အရေးတွေများစွာ ရှိနေသည်မှန်စေ၊ အချိန်နှင့်နေရာ၏ ကန့်သတ်ချက်တချို့ရှိတတ်ကြ၍ အရာရာမှာ တံခါးမရှိ၊ ဓားမရှိ အကြွင်းမဲ့လွတ်လပ်ခွင့်ဆိုသည်ကမူ စိတ်ကူးထဲမှာရှိနိုင်ပါသော်လည်း လက်တွေ့မှာကား ပကတိအခြေအနေအရ မဖြစ်နိုင်ပေ။

ဘဝတစ်ခု၏တန်ဖိုးကား ရှင်ခြင်းနှင့်သေခြင်း အပေါ်မူတည်ပါသည်။ သေပြီဆိုမှတော့ ဘာလူ့အခွင့်အရေးကိုမှအော်ဟစ်တောင်းဆိုနေ၍ မရတော့ပေ။ အသက်ရှင်နေစဉ်မှာ လူသားတစ်ယောက်အနေနှင့် အမှိုက်မဖြစ်ရန်နှင့် ဆူးပြောင့်မဖြစ်စေရန်တော့ ရှင်သန်တတ်မှ အဓိပ္ပာယ်ရှိပေလိမ့်မည်။

**သင့်မှာစွမ်းအင်ရှိ၏**

သင်သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ သင်အသုံးချတတ်သည်ဖြစ်စေ၊ သင်အသုံးမချတတ်သည်ဖြစ်စေ၊ သင့်မှာ ကိုယ်ပိုင်စွမ်းအင်များ အံ့သြစရာကောင်းလောက်အောင်ရှိနေပါ၏။ ဝီလျှမ်ဂျိမ်း (William James) (၁၈၄၂ – ၁၉၁၀) ဆိုသော အမေရိကန် စိတ်ပညာပါမောက္ခကတော့ လူများသည် အမှန်တကယ်ရှိသော စွမ်းရည် ၁၀၀ မှ ရှစ်ရာခိုင်နှုန်း သို့မဟုတ် ၁၀ ရာခိုင်နှုန်းလောက်သာ အသုံးချနေတတ်ကြပါသည်ဟု ဆိုလေသည်။ ထူးချွန်သူများ၊ ထူးခြားသော ပုဂ္ဂိုလ်များသည် လူ့စွမ်းအားများကို ၁၀ ရာခိုင်နှုန်းအထက် များစွာပိုမိုအသုံးပြုနိုင်သူများဟု ဆိုရမည်လား မသိပေ။ သူကရေးခဲ့သည်။

**❖ရည်မှန်းချက်မြင့်မြင့်မားမားထားရှိလျက်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ အပြန်အလှန် ရိုရိုသေသေ လေးလေးစားစား၊ စာနာနားလည်တတ်သော ဆက်ဆံရေးသဘောထားများဖြင့် လက်တွဲကြိုးစားလိုက်ပါက ဆယ်စုနှစ် တစ်ခေတ်ကာလအတွင်းမှာပင် မျက်စိအောက်မှာ မထင်မှတ်ခဲ့သောအောင်ပွဲများစွာကို တိုးတက်အောင် ဖန်တီးနိုင်ကြပါလိမ့်မည်။ လောကကို အကောင်းမြင်နိုင်မှ ဒုက္ခကို ကျော်လွှန်ဖြတ်သန်းနိုင်ပေသည်။ လူတိုင်းလူတိုင်းက စည်းကမ်းစနစ်တကျနှင့် ကျင့်ဝတ်သိက္ခာ ပြည့်စုံကြသော နိုင်ငံသားများက တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတော်ကိုဖန်တီးရန် ဘဝတာဝန်ဖြစ်ပါသည်။ ❖**

"Human beings, by changing the inner attitudes of their minds can change the outer aspects of their lives."

လူ့ဘဝဖြစ်တည်ရှင်သန်မှုမှာ မိမိစိတ်နေသဘောထားကိုပြောင်းလဲလိုက်ခြင်းအားဖြင့် သူတို့ဘဝတွေရဲ့ ပြင်ပပုံပန်းသွင်ပြင်လက္ခဏာတွေပါ ပြောင်းလဲသွားစေတတ်ပေသည်။ မြတ်စွာဘုရား ဟောကြားတော်မူသော စိတ္တေနနိယတေလောကော။ စိတ်သည် လောကကိုဆောင်သည် ဟူသောသဘောကို ထိုပါမောက္ခလည်း နားလည်သိမြင်ခဲ့ပုံရလေ၏။ လူ့ဘဝမှာ အကျင့်သည် အရေးပါလှ၏။

လူတစ်ယောက်သည် မိမိကိုယ်ကို သူခိုး၊ ဓားပြဟု ခံယူထင်မှတ်လေသူသည် လူကြီးလူကောင်းဖြစ်ဖို့ရာ စိတ်ကူးမရှိဘဲ ခိုးဖို့၊ တိုက်ဖို့၊ လုယက်ဖို့သာ ကြံစည်လျက် သူခိုး၊ ဓားပြဘဝဖြစ်နေရခြင်း မဟုတ်ပေလော။ သူ့ဘဝကို သူ့အမြင်၊ သူ့ခံယူချက်၊ သူ့အလေ့စရိုက်သာလျှင် ဖန်တီးခြင်းဖြစ်ပေတော့သည်။ အကျင့်က စွဲစေသည်။

လူတိုင်းမှာ စွမ်းအင်များမည်မျှရှိသနည်းသိလိုလျှင် ပဋ္ဌာန်းတရားဒေသနာများကို လေ့လာသင်ယူစေလိုပေသည်။ သင့်မှာရှိသောစိတ်စွမ်းအားသည် မည်မျှတန်ခိုးကြီးမားကြောင်း သိချင်ပါက အဘိဓမ္မာ မြတ်ဒေသနာကို ဆည်းပူးပါ။ "အာသေဝန ပစ္စယော" အကြိမ်ကြိမ်ဖြစ်ခြင်းအကျင့်။ လေ့လာနားလည်ထားသင့်၏။

**ကျေးဇူးတင်စရာ**

ခြင်ကလေးတစ်ကောင်၊ ယင်ကလေးတစ်ကောင်ပင်ဖြစ်စေ၊ သတ္တဝါတချို့မှာ မိခင်ဖခင်က အထူးမွေးမြူပြုစုစရာ မလိုပေ။ ငှက်ကလေး၊ ကြက်ကလေးမှစ၍ ကျွဲ၊ နွားတွေ၊ ဆင်တွေကတော့ မိခင်က ဂရုတစိုက်ပြုစုမွေးမြူရလေသည်။ အထူးသဖြင့် ကျောရိုးပါသော သတ္တဝါမျိုး။

လူသည် မိခင်၊ ဖခင်က ယုယပြုစုမွေးမြူမှသာ လူသားတစ်ယောက်ရှင်သန်ရပ်တည်နိုင်ရပါ၏။ မိခင်ဖခင်က စွန့်ပစ်ခံရပါကလည်း ဆွေမျိုးသားချင်း သို့မဟုတ် ကရုဏာရှင်လူပုဂ္ဂိုလ်က ပြုစုမွေးမြူမှ လူဖြစ်လာနိုင်ပါ၏။ကလေးငယ်တစ်ယောက်ကို လူလားမြောက်အောင် အချိန်ယူရသကဲ့သို့ ပြုစုယုယ၊ မေတ္တာ၊ အကြင်နာ၊ စာနာနားလည်မှု၊ ချေး၊ သေး၊ သုတ်သင်သန့်စင်၊ ကျွေးမွေးပေးရခြင်းများသည် ကရိကထအလွန်များပါ၏။ မကျန်းမာသူ၊ မသန်စွမ်းသူဆို ပို၍ဂရုစိုက်ခဲ့ရပါ၏။ လူ့ဘဝကားရခဲလှ၏။

စာရေးသူကော၊ စာဖတ်သူပါ မိမိတို့ကို မွေးပေးခဲ့သူ၊ ကျွေးမွေးခဲ့သူတို့၏ ကျေးဇူးတော် အနန္တကို မေ့လျော့သင့်ပါသလား၊ မသိဟန်ဆောင်နေသင့်ပါသလား၊ အနည်းနှင့်အများ မိဘ၊ ဆွေမျိုး၊ ရပ်ရွာ၊ ပတ်ဝန်းကျင်၊ မိမိနိုင်ငံသူ၊ နိုင်ငံသားများ။ မိမိတို့ကလေးဘဝ လသာသာမှာ အပေါင်းအဖော်တွေ ပျော်ပျော်ပါးပါးကစားကြပြီး အိပ်ရာဝင်အိပ်ပျော်သွားခဲ့ချိန်တွင် ရွာတံခါးဝကင်းတဲမှာ ကင်းစောင့်နေကြသော အမှောင်ထုမှာနားစွင့်လျက် ရပ်ရွာကို မအိပ်ဘဲ ကာကွယ်နေကြသည်လေ။

နိုင်ငံတစ်နိုင်ငံအေးချမ်းသာယာလုံခြုံစွာ ပြည်သူအများ စားဝတ်နေရေးစိတ်ချမ်းသာသာနေထိုင်လုပ်ကိုင်နိုင်ကြစေရန် နယ်စွန်နယ်ဖျားတောတောင်ကန္တာရထဲ၌ နိုင်ငံတော်လုံခြုံရေးကာကွယ်ရေးတာဝန်ယူနေကြသူအသီးသီးတို့ကို သူ့နိုင်ငံသားတွေက လေးစားဂုဏ်ပြုတတ်ကြစမြဲမဟုတ်ပေလော။

မိသားစုထဲမှာရှိကြသော မိဘ၊ ညီအစ်ကိုမှ မိသားစုဟု မှတ်ယူရမည်မဟုတ်။ နိုင်ငံ့တာဝန်ကို အသက်ပေးစွန့်၍ ကာကွယ်နေကြသူများ(ဘယ်နိုင်ငံမဆို) သူတို့ကျေးဇူးတရားကို အမြင်ကျယ်စွာနားလည်စာနာရမည်မဟုတ်လား။ ဒါလည်း ဘဝတာဝန်ပေပဲ။

**တုံ့ပြန်ကျေးဇူး**

လူသားတစ်ယောက်မှာ ကျင့်ဝတ်များရှိကြပါသည်။ ကျင့်ဝတ်မှာရှိသော ဆောင်စရာ၊ ဆောင်ရမည့်အချက်များကို သိရပါမည်။ ရှောင်စရာ၊ ရှောင်ရမည့်အချက်များဆိုင်ရာ အမြင်သဘောထား(Concept) ရှိရပါသည်။ အမြင်သဘောထားအပေါ် အခြေခံသော အယူအဆလေးတောင်မရှိအောင် ထုံ၊ အ၊ ညံ့ဖျင်းသော လူစားမျိုးတော့ မရှိသင့်ပေ။ ထို့မျှ လူ့အရည်အချင်းကင်းမဲ့သည့် လူသားကို မွေးမြူခဲ့သူ မိဘမှာ တာဝန်မကင်း။ သူ့ဆရာတွေမှာ တာဝန်မကင်း။ မိဘကျေးဇူး၊ ဆရာသမားကျေးဇူး၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာနားလည်ကြပါစေ။

ကျေးဇူးဆပ်ပါသလား။ သားကောင်း။
လျစ်လျူရှုထားသူကား။ သားမိုက်။
ပြန်၍ဒုက္ခအမျိုးမျိုးပေးနေသလား။ သားဆိုး။

ကျေးဇူးကန်းသူ၊ ကျေးကွင်းစွပ်သူ ထိုလူသားမျိုးကား ခွေးမြီးကောက်များ၊ ကျည်တောက်စွပ်၍ ဖြောင့်အောင်မည်သူမှ ကြိုးစား၍မရနိုင်ပါပေ။ သူပြုသည့်ကံ ထိုသူထံ ပြန်လည်ကျရောက်သည်ကိုသာ တွေ့မြင်ကြရပေလိမ့်မည်။ ရှိစေတော့။

**အိမ်ထောင်သားမွေး**

ဂျပန်နိုင်ငံမှာ ကလေးမွေးဖွားနှုန်းက နှစ်ရှည်ကြာကျဆင်းခဲ့သဖြင့် ကလေးအရွယ်၊ လူငယ်အရွယ် ဦးရေကနည်းပါးလွန်းပြီး လူအိုလူမင်းလူဦးရေက အချိုးအစားများလွန်းနေသဖြင့် အနာဂတ်ဂျပန်အတွက် နိုင်ငံရေးခေါင်းဆောင်များ ပူပန်သောကရောက်နေကြရ၏။ စင်ကာပူနိုင်ငံသည်လည်း လူငယ်ဦးရေအချိုးနည်းခြင်း၊ အိမ်ထောင်ပြုသူ၊ ကလေးမွေးသူနည်းပါးလွန်းခြင်းအတွက် နိုင်ငံ၏ခေါင်းဆောင်များအခက်အခဲကြုံနေရ၏။

မြန်မာနိုင်ငံ၏ ကံကောင်းခြင်းတစ်ရပ်ကား ကလေးငယ်ဦးရေနည်းသော်လည်း လူအိုအသက်ကြီးပိုင်းမများလှသော်လည်း အသက် ၂၅၊ ၄၅ လူငယ်လူလတ်ပိုင်းက အချိုးအစားအများဆုံးအခြေအနေ (သန်းခေါင်စာရင်းအရ)ရှိနေခြင်းကား နိုင်ငံအတွက် စွမ်းအင်မြင့်မားသော လူငယ်များကို အမျိုးသားရေးအမြင်ရှိစွာ နိုင်ငံတော်အပေါ် ကျေးဇူးပြုလိုစိတ်(Right Attitude)ပျိုးထောင်လေ့ကျင့်ပေးပြီး လုပ်ငန်းဆောင်တာ ခေတ်မီတတ်ကျွမ်းမှု(Professional Skill)ရှိစေရန် အားပေးလိုက်မည်ဆိုပါက အချိန်မကြာမြင့်လှဘဲ တိုင်းပြည်တိုးတက်မြင့်မားလာနိုင်သော ပကတိအခြေအနေအခွင့်အလမ်းရှိနေပါ၏။

မိဘတွေက သားသမီးတွေကို အမျိုးဂုဏ်ဇာတိဂုဏ်ကို လေးစားသိရှိအောင် ငယ်စဉ်ကပင် ပုံပြင်ပြောခြင်း၊ သမိုင်းပြောခြင်းတို့ဖြင့် အာရုံစိုက်၍ ပြုစုသင့်ပေသည်။

**ဝင်းကျယ်ခြံကျယ်နှင့်စံအိမ်**

လူသားတစ်ယောက်သည် ဆင်းရဲစွာမွေးဖွားလာရခြင်းအတွက် မျက်နှာငယ်စရာမလိုပေ။ လွန်ခဲ့သော နှစ်ပေါင်း ၄၀၊ ၅၀ က စင်ကာပူနိုင်ငံသားအားလုံးသည် တံငါရွာလေးများမှာ ရွှံ့ထဲနွံထဲဆင်းဆင်းရဲရဲတဲကုပ်၊ အိမ်စုတ်နှင့် နေထိုင်ရှင်သန်ခဲ့ကြရပေသည်။ တရုတ်နိုင်ငံသည်လည်း ထိုအချိန်က ထမင်းပင်ဝဝမစားနိုင်ဘဲ ရွာဘုံဆိုင်၊ ရွာလယ်တဲမှာ နံနက်စာ ဆန်ပြုတ်မျှသာ ခွဲတမ်းအရ ဝေမျှစားသောက်ရပါ၏။

ယနေ့ စင်ကာပူနိုင်ငံသား၊ တရုတ်နိုင်ငံသား၊ ဂျပန်နိုင်ငံသားများသာမက မလေးရှား၊ ထိုင်းနိုင်ငံသားတို့၏ လူနေမှုဘဝအဆင့်သည် အတိတ်နှစ် ၄၀ ကအခြေအနေထက်သိသိသာသာပြောင်းလဲတိုးတက်သွားခဲ့ကြပြီ။ မိမိတို့လည်း နိုင်ငံတော်နှင့် လူမျိုးဂုဏ်ကို မြင့်မားအောင် အဘက်ဘက်က မြင့်မားအောင် ကြိုးစားမြှင့်တင်မည်ဟု အပြုသဘောအမြင်သဘောထား(Positive Attitude)မွေးမြူကြရပါမည်။ အကျိုးဆက်က ပျက်စီးစေသောအဆိုးဘက် အတွေးအမြင်များကို ဖယ်ရှင်းလိုက်ကြပါ။ မြင့်မြင့်တွေး၍ ရဲရဲစဉ်းစား(Think Big)၊ အမြဲကြိုးစားကြရအောင်။ စိတ်ကူးကောင်းပါစေ။ ကံကောင်းကြပေမည်။

အကျယ်ရှင်းလင်းတင်ပြရန် အခြေအနေမပေးသဖြင့် အကျဉ်းချုံးအသိပေးချင်သည်။ စိတ်ကူးရှိရန် မသိမဖြစ်သိရမည့်အခြင်းအရာ နှစ်ချက်ကိုဖော်ပြပါရစေ–

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ခင်ဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နွေစပါး ကေအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

ခင်ဦး ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် နွေစပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ခင်ဦးမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၃၈၁၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၅ ဒသမ ၁၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"နွေသီးနှံစိုက်ပျိုးရာသီ ခင်ဦးမြို့နယ်မှာ စပါး ၂၃၈၁၃ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခုလက်ရှိမှာတော့ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာတွေ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှုမရှိစေဖို့နဲ့၊ ရိတ်သိမ်းပြီးစပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ အသိပညာတွေ ပေးခဲ့ပါတယ်"ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စပါးများ တစ်ဧကအထွက်နှုန်း တိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးခြင်း၊ နည်းပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တောင်သူပညာပေး သင်တန်းနှင့် ပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခြင်း လိုအပ်သည့် သွင်းအားစုများ အချိန်မီရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ စပါးကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

**၁။ ယနေ့အချိန်=ခရစ်နှစ် ၁ မှ ၁၀၀၀ ပြည့်နှစ်= ပထမထောင်စုနှစ်**

**ခရစ်နှစ် ၁၀၀၁ မှ ၂၀၀၀=ဒုတိယထောင်စုနှစ်။**

**ခရစ်နှစ် ၂၀၀၁ မှ ၃၀၀၀=တတိယထောင်စုနှစ်။**

**(Third Millennium)**

သင်နှင့် ကျွန်ုပ်သည် တတိယထောင်စုနှစ်ကာလ၏ ရှေးဦးပိုင်းထိပ်မှာ ရောက်နေခြင်းကို သိမှတ်ထားပါ။

**၂။ ယနေ့နေရာ= ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်မှ ၂၁၀၀ ပြည့်နှစ်အတွင်းသည် (အာရှခေတ်သစ်ထွန်းပေါ်လာမည့်)အလားအလာ ရေခံမြေခံ ကမ္ဘာ့ပထဝီနိုင်ငံရေးပြောင်းလဲနေခြင်းကို ရှုမြင်လိုက်ပါ။**

ထိုအခါ စာဖတ်သူသည် အနည်းငယ်ဘဝင်မြင့်ချင်စိတ်မပေါ်တောင် **"ငါဟာ ဘာကောင်လဲတော့သိမှဖြစ်မည်"**ဟု ရှုမြင်နားလည်လောက်ပေပြီ။

**အသက်အရွယ်**

ဘဝတစ်ခုမှာ အသက်အရွယ်အပိုင်းအခြားက ဘဝမျိုးစုံ၊ ဘဝဇာတ်ခုံပေါ်တွင် ကပြစေခဲ့ပေသည်။ ကလေးဘဝမှာ မိဘအရိပ်မှာ သားကောင်း၊ သမီးကောင်းအဖြစ် နေခဲ့ရမည်။ ငယ်စဉ်အခါ ပညာရှာရမည်။ ယဉ်ကျေးချိုသာ၊ စိတ်ရင်းကောင်း၍ ကိုယ်ကျင့်တရားမြင့်မားသူဖြစ်ရပေမည်။ စည်းကမ်းသည် လူ့တန်ဖိုးပင်ဖြစ်၍ စည်းကမ်းရှိသောအကျင့်ကို ကိုယ်တိုင်မွေးမြူနိုင်ရမည်။ စည်းကမ်းရှိကြသော မိသားစုဘဝတိုးတက်လာကြ၏။ စည်းကမ်းရှိသောနိုင်ငံများ တိုးတက်သွားကြပေပြီ။

ဘယ်အသက်အရွယ်မှာဖြစ်ဖြစ်၊ စည်းကမ်းကျင့်ဝတ်၊ လူသားဂုဏ်ရည်မြင့်မားနေရပေမည်။ ရည်မှန်းချက်မြင့်မြင့်မားမားထားရှိလျက်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ အပြန်အလှန်ရိုရိုသေသေ လေးလေးစားစား၊ စာနာနားလည်တတ်သော ဆက်ဆံရေးသဘောထားများဖြင့် လက်တွဲကြိုးစားလိုက်ပါက ဆယ်စုနှစ်တစ်ခေတ်ကာလအတွင်းမှာပင် မျက်စိအောက်မှာ မထင်မှတ်ခဲ့သော အောင်ပွဲများစွာကို တိုးတက်အောင် ဖန်တီးနိုင်ကြပါလိမ့်မည်။ လောကကို အကောင်းမြင်နိုင်မှ ဒုက္ခကို ကျော်လွှန်ဖြတ်သန်းနိုင်ပေသည်။

**နိဂုံး**

လူတိုင်းလူတိုင်းက စည်းကမ်းစနစ်တကျနှင့် ကျင့်ဝတ်သိက္ခာပြည့်စုံကြသော နိုင်ငံသားများက တိုးတက်ဖွံ့ဖြိုးသော နိုင်ငံတော်ကို ဖန်တီးရန် ဘဝတာဝန်ဖြစ်ပါသည်။

## ဘဝတက်လမ်းသို့

– အကောင်းမြင် မြတ်စိတ်ထား
နှလုံးသား လှပရာ၊
ကိုယ်ချင်းစာ ကြင်နာသိနှင့်
ထားရှိမေတ္တာ၊
ဖေးမလို့ တူယှဉ်ကာ
ဖြူစင်စွာ နေထိုင်ရင်း၊
ဘဝတာ အလှလွှမ်း၍
ငြိမ်းချမ်းစေခြင်း။

– မနာလို ဝန်တိုကင်း
ချစ်ခြင်းဖြင့် မငြူစူ၊
ဒုစရိုက် အမိုက်မှား
ရှောင်ရှားကာမူ၊
နိုးကြားလျက် ကြိုးစားယူ
ရိုးသားသူ ဘဝလမ်း၊
လောကစံ ခက်ခဲလည်း
အောင်ပွဲတွေလွှမ်း။

– ကုသိုလ်မှု ထုံမွှမ်းလို့
မဆုံးတမ်း တိုးတက်စေ၊
ဇွဲ လုံ့လ ဝီရိယ
ရှိကြကာပေ၊
ဗဟုသုတ ပညာတွေ
သင်ကာဖွေ ဖြည့်ဆည်းပေး၊
ကိုယ့်ဘဝ ကိုယ့်တက်လမ်း
မျှော်မှန်းကြလေး။ ။

အဝေရာကိုကို

# ကံမမြို့နယ် ဆုံကုန်း-အလပ်လယ်-ရှားစေးဖို-ရှမ်းကွင်း-အင်ဘတ်တော ကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းနေမှုလုပ်ငန်း စစ်ဆေး

ကံမ ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆုံကုန်း–အလပ်လယ်–ရှားစေးဖို–ရှမ်းကွင်း–အင်ဘတ်တောကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်အောင်သန့်၊ ကံမမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်အေးနန်းထွေးနှင့်တာဝန်ရှိသူများက ဆုံကုန်း–အလပ်လယ်–ရှားစေးဖို–ရှမ်းကွင်း–အင်ဘတ်တောကျေးရွာချင်းဆက်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက ကျေးရွာငါးရွာမှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ဆုံကုန်း၊အလပ်လယ်၊ ရှားစေးဖို၊ ရှမ်းကွင်း၊ အင်ဘတ်တော ကျေးရွာချင်းဆက်လမ်း အရှည်ပေ တစ်မိုင်၊ အကျယ် ၁၆ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ချောခင်းခြင်း လုပ်ငန်းကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စု (ငွေလုံးငွေရင်း)ရန်ပုံငွေကျပ် သန်း ၁၆၀ ဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဆက်လူ

## နိုင်ငံတကာ သတင်းများ

# တရုတ်နှင့် ရုရှားနိုင်ငံတို့က ဂျပန်ပင်လယ်ဒေသ၌ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှု စတင်

ပေကျင်း ဩဂုတ် ၃

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် နှစ်နိုင်ငံ ပူးတွဲရေတပ်စစ်ရေး လေ့ကျင့်မှုကို ယနေ့တွင် ဂျပန်ပင်လယ်ဒေသ၌ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်၍ အမေရိကန်နိုင်ငံဦးဆောင်သော ကမ္ဘာ့အစီအစဉ်ကို တန်ပြန်ထိန်းညှိရန် ကြိုးစားနေသည့် နိုင်ငံများဖြစ်ကြသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် ဂျိုင်းဆီး-၂၀၂၅ အမည်ရှိ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုကို ရုရှားနိုင်ငံ ဗလာဒီဗော့စတော့ဆိပ်ကမ်းအနီး ဂျပန်ပင်လယ်ရေပြင်အတွင်း ယနေ့တွင် စတင်ခဲ့ခြင်းဖြစ်သည်။

သုံးရက်ကြာမြင့်မည့် ဂျိုင်းဆီး-၂၀၂၅ ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ရုရှားနှင့် တရုတ်နိုင်ငံတို့မှ စစ်သင်္ဘောများ၊ စစ်လေယာဉ်များက ရေငုပ်သင်္ဘောချေမှုန်းရေး၊ လေကြောင်းရန်ကာကွယ်ရေးနှင့် ရေပြင်တိုက်ပွဲဝင် လေ့ကျင့်မှုများကို ပူးတွဲ၍ ပြုလုပ်မည်ဖြစ်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဂျိုင်းဆီး-၂၀၂၅ ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုတွင် ရုရှားရေတပ်သင်္ဘောများနှင့်အတူ တရုတ်ရေတပ်စစ်သင်္ဘော လေးစီးတို့ ပါဝင်ကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့သည် ဂျိုင်းဆီး ပူးတွဲရေတပ်စစ်ရေး လေ့ကျင့်မှုများကို ၂၀၁၂ ခုနှစ်ကပင် နှစ်စဉ်ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



# မလေးရှားဘုရင် ဆူလ်တန် အီဘရာဟင် ရုရှားနိုင်ငံသို့ သွားရောက်မည်



ကွာလာလမ်ပူ ဩဂုတ် ၃

မလေးရှားဘုရင် ဆူလ်တန် အီဘရာဟင် ဆူလ်တန်အစ်ကန်ဒါးသည် ရုရှားနိုင်ငံသို့ လာမည့်ရက်သတ္တပတ်အတွင်း သွားရောက်မည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါခရီးစဉ်အတွင်း မလေးရှားဘုရင် ဆူလ်တန် အီဘရာဟင်သည် ရုရှားသမ္မတပူတင်နှင့်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း မလေးရှားအစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

မလေးရှား ဘုရင်နန်းတော်၏ သတင်းထုတ်ပြန်ချက်အရ မလေးရှားဘုရင် ဆူလ်တန်အီဘရာဟင်သည် သမ္မတပူတင်၏ ဖိတ်ကြားချက်အရ ဩဂုတ် ၅ ရက်မှ ၁၀ ရက်ထိ ရုရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။

အဆိုပါခရီးစဉ်အတွင်း ရုရှားနှင့် မလေးရှားနိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးထားရှိပြီးနောက်ပိုင်း မလေးရှားဘုရင်တစ်ဦး၏ ပထမဆုံး ရုရှားနိုင်ငံခရီးစဉ်ဖြစ်လာလိမ့်မည်ဖြစ်သည်။

ရုရှားနှင့် မလေးရှားနိုင်ငံတို့သည် ၁၉၆၇ ခုနှစ်တွင် တရားဝင် သံတမန်ဆက်ဆံရေးထားရှိခဲ့သော နိုင်ငံများဖြစ်ကြသည်။

မလေးရှားနိုင်ငံသည် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရေးအတွက် ရည်ရွယ်ထားရာ မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်ကိုယ်တိုင်လည်း ပြီးခဲ့သည့်နှစ်နှစ်တာကာလအတွင်း ရုရှားနိုင်ငံသို့ သုံးကြိမ် သွားရောက်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အစ္စရေး၏ခြိမ်းခြောက်မှု ဆက်ရှိနေဆဲဖြစ်ကြောင်း အီရန်စစ်ဦးစီးချုပ် သတိပေး

တီဟီရန် ဩဂုတ် ၃

အစ္စရေးနိုင်ငံ၏ စစ်ရေးခြိမ်းခြောက်မှု ဆက်ရှိနေဆဲဖြစ်ကြောင်း အီရန်စစ်ဦးစီးချုပ် အမီရဟာတာမီက ယနေ့တွင်ထုတ်ဖော်ပြောကြားထားသည်။

ယခုနှစ် ဇွန်လအတွင်းဖြစ်ပွားခဲ့သည့် ၁၂ ရက်ကြာ စစ်ရေးပဋိပက္ခကာလအတွင်း အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့သည် အီရန်နျူကလီးယား အဆောက်အအုံများကို လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

အစ္စရေးနှင့် အမေရိကန်နိုင်ငံတို့ကို အီရန်နိုင်ငံကလည်း ဒုံးကျည်များ၊ မောင်းသူမဲ့လေယာဉ်များဖြင့် တုံ့ပြန်တိုက်ခိုက်ခဲ့သည်။

လက်ရှိအချိန်တွင်လည်း အီရန်နိုင်ငံအတွက် အစ္စရေး၏ စစ်ရေးခြိမ်းခြောက်မှုရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရန်သူကို လျှော့မတွက်သင့်ကြောင်း အီရန်စစ်ဦးစီးချုပ် ဟာတာမီက နိုင်ငံပိုင်မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

အီရန်နိုင်ငံက ထပ်မံခြိမ်းခြောက်လာပါက အစ္စရေးနိုင်ငံအနေဖြင့် စစ်ရေးအရ ထပ်မံတိုက်ခိုက်ရလိမ့်မည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးက ပြီးခဲ့သည့်လက သတိပေးထားသည်။

အီရန်နှင့် အစ္စရေးတို့ကြား စစ်ရေးပဋိပက္ခမှာ ဇွန် ၁၃ ရက်တွင် စတင်ခဲ့ပြီး ဇွန် ၂၄ ရက်တွင် ပြီးဆုံးခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# လွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံသစ် ပေါ်ထွက်လာခြင်းမရှိပါက လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်မည်မဟုတ်ကြောင်း ဟားမတ်စ်အုပ်စုပြောကြား

ဂါဇာစီးတီး ဩဂုတ် ၃

လွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံသစ် ပေါ်ထွက်လာခြင်းမရှိပါက လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်မည်မဟုတ်ကြောင်း ဂါဇာကမ်းမြောင်အခြေစိုက် ဟားမတ်စ်အုပ်စုက ဩဂုတ် ၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မိမိတို့အနေဖြင့် လွတ်လပ်သည့် ပါလက်စတိုင်းနိုင်ငံသစ်ပေါ်ထွက်လာချိန်ထိတိုင် လက်နက်ကိုင်လမ်းစဉ်ကို ဆက်လက်ကိုင်စွဲမည်ဖြစ်ကြောင်း ဟားမတ်စ်အုပ်စု၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရယူရေး ဆွေးနွေးပွဲများ ရှေ့မတိုးနောက်မဆုတ်ဖြစ်နေချိန်တွင် ဟားမတ်စ်အုပ်စု၏ အဆိုပါကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။



ဟားမတ်စ်အုပ်စုသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးတောင်ပိုင်းမြို့များကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် နှစ်နှစ်နီးပါးကြာမြင့်နေပြီဖြစ်သော ဂါဇာစစ်ရေးပဋိပက္ခ စတင်ဖြစ်ပွားခဲ့ရသည်။

ဂါဇာစစ်ရေးပဋိပက္ခကို အဆုံးသတ်ရေးအတွက် အဓိကတောင်းဆိုချက်တစ်ရပ်အဖြစ် ဟားမတ်စ်အုပ်စု လက်နက်ဖြုတ်သိမ်းရန် အစ္စရေးနိုင်ငံက တောင်းဆိုထားသည်။

ဂါဇာစစ်ရေးပဋိပက္ခကာလအတွင်း အစ္စရေးနိုင်ငံဘက်တွင် လူဦးရေ ၁၂၀၀ သေဆုံးခဲ့ရပြီး ဂါဇာကမ်းမြောင်ဒေသ၌ လူဦးရေ ၇၂၀၀၀ ကျော်သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဒီဇယ်ဆီ ၁၀၇ တန် သယ်ဆောင်ထားသည့် ယာဉ်နှစ်စီး ဂါဇာဒေသသို့ ဝင်ရောက်မည်

ကိုင်ရို ဩဂုတ် ၃

ဒီဇယ်ဆီ ၁၀၇ တန် သယ်ဆောင်ထားသည့်လောင်စာဆီတင်ယာဉ်နှစ်စီး မကြာမီကာလအတွင်း ဂါဇာကမ်းမြောင်ဒေသသို့ ဝင်ရောက်မည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဂါဇာကမ်းမြောင်ဒေသသို့အကူအညီများ ဝင်ရောက်မှုကို အစ္စရေးတပ်မတော်က လပေါင်းများစွာ ပိတ်ပင်ခဲ့ပြီးနောက် ဂါဇာကမ်းမြောင်သို့ လောင်စာဆီတင်ယာဉ်များဝင်ရောက်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

လောင်စာဆီပြတ်လပ်မှုကြောင့် ဂါဇာကမ်းမြောင်ဒေသအတွင်းရှိ ဆေးရုံများမှာ လုပ်ငန်းလည်ပတ်ရန် အခက်တွေ့နေကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အစ္စရေးနိုင်ငံ၏ ပိတ်ပင်မှုကြောင့် ယခုနှစ် မတ်လမှစ၍ ဂါဇာကမ်းမြောင်ဒေသသို့ လောင်စာဆီဝင်ရောက်မှု မရှိသလောက်နည်းပါးသွားကြောင်း သိရသည်။

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား အပစ်အခတ်ရပ်စဲထားစဉ်ကာလ ယခုနှစ်ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလတို့အတွင်း ဂါဇာကမ်းမြောင်ဒေသသို့ လောင်စာဆီတင်ယာဉ်အစီးရေ ၇၀၀ ကျော် ဝင်ရောက်နိုင်ခဲ့သည်။

သို့ရာတွင် ယခုနှစ်မတ်လအတွင်း အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ကျိုးပေါက်ခဲ့ပြီးနောက် ဂါဇာကမ်းမြောင်ဒေသသို့ လောင်စာဆီတင်ယာဉ်များ ဝင်ရောက်မှု ရပ်တန့်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ၂၀၂၇ ခုနှစ် ဩဂုတ် ၂ ရက်တွင်ပေါ်ပေါက်မည့် နေကြတ်မှုဖြစ်စဉ်က လာမည့်နှစ်ပေါင်း ၁၀၀ အတွင်း အချိန်အကြာဆုံးနေကြတ်မှု ဖြစ်လာမည်



**ဝါရှင်တန် ဩဂုတ် ၃**

၂၀၂၇ ခုနှစ် ဩဂုတ် ၂ ရက်တွင် ပေါ်ပေါက်မည့် နေကြတ်မှုဖြစ်စဉ်သည် လာမည့်နှစ်ပေါင်း ၁၀၀ အတွင်း အချိန်အကြာဆုံး နေကြတ်မှု ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ၂၀၂၇ ခုနှစ် ဩဂုတ် ၂ ရက်တွင် ဖြစ်ပွားမည့် နေအပြည့်ကြတ်မှုဖြစ်စဉ်သည် အချိန်ကာလအားဖြင့် ခြောက်မိနစ်နှင့် ၂၃ စက္ကန့်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နေအပြည့်ကြတ်မှုဖြစ်စဉ်သည် ၂၁၁၄ ခုနှစ်ထိ အချိန်ကာလ အကြာမြင့်ဆုံးနေအပြည့်ကြတ်မှုအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

၂၀၂၇ ခုနှစ် ဩဂုတ် ၂ ရက် နေအပြည့်ကြတ်မှု ဖြစ်စဉ်ကို အာဖရိက၊ ဥရောပနှင့် အရှေ့အလယ်ပိုင်းဒေသများမှ ပြည်သူများ မြင်တွေ့နိုင်မည်ဖြစ်ကြောင်း သိရသည်။

နာဆာသိပ္ပံပညာရှင်များ၏ အဆိုအရ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၂ ရက်တွင်လည်း နေကြတ်မှုဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်မည်ဖြစ်ပြီး ၎င်းနေကြတ်မှုကို ဂရင်းလန်ကျွန်း၊ အိုက်စလန်၊ စပိန်၊ ရုရှားနှင့် ပေါ်တူဂီနိုင်ငံတို့မှ ပြည်သူများ မြင်တွေ့နိုင်မည်ဖြစ်ကြောင်း သိရသည်။

နေနှင့်ကမ္ဘာတို့ကြားမှ ဂြိုဟ်ရံလ တိုက်ရိုက်ဖြတ်သန်းချိန်တွင် နေအပြည့်ကြတ်မှုဖြစ်စဉ် ပေါ်ပေါက်တတ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## Space-X ကုမ္ပဏီက ၁၀ ကြိမ်မြောက် စမ်းသပ်ပစ်လွှတ်မှုအတွက် Starship အာကာသဒုံးပျံ၏ဒုံးအင်ဂျင်များကို စက်နှိုးစမ်းသပ်ခဲ့

**ဝါရှင်တန် ဩဂုတ် ၃**

အမေရိကန်နိုင်ငံအခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ၁၀ ကြိမ်မြောက် စမ်းသပ်ပစ်လွှတ်မှုအတွက် ပြင်ဆင်သည့်အနေဖြင့် Starship အာကာသဒုံးပျံ၏ ဒုံးအင်ဂျင်များကို စက်နှိုးစမ်းသပ်ခဲ့ကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship အာကာသဒုံးပျံ၏ ဒုံးအင်ဂျင်များ စမ်းသပ်မှုကို ဩဂုတ် ၁ ရက်တွင် ဆောက်သ်တက္ကဆက်ဒေသ စတားဘေ့စ်အာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Starship အာကာသဒုံးပျံ ၁၀ ကြိမ်မြောက် စမ်းသပ်ပစ်လွှတ်မှုပြုလုပ်မည့်အချိန်ကို Space-X ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။



Space-X ကုမ္ပဏီသည် အင်္ဂါဂြိုဟ်နှင့် လကမ္ဘာဆီသို့ လူသားများပို့ဆောင်ရေး ရည်ရွယ်ချက်ဖြင့် Starship ဒုံးပျံများကို ၂၀၂၃ ခုနှစ် ဧပြီလကပင် စတင်စမ်းသပ်လွှတ်တင်ခဲ့သည်။

Space-X ကုမ္ပဏီအနေဖြင့် ယခုနှစ် ဇန်နဝါရီလ၊ မတ်လနှင့် မေလတို့တွင် Starship ဒုံးပျံများကို စမ်းသပ်ပစ်လွှတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်က နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၃**

အာကာသယာဉ်မှူး လေးဦး လိုက်ပါသွားသည့် Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်သည် ဩဂုတ် ၂ ရက်တွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

Crew Dragon အာကာသလူသယ်ယာဉ်သည် လွှတ်တင်ပြီး ၁၅ နာရီအကြာတွင် တောင်ပစိဖိတ်ဒေသအထက် ကမ္ဘာပတ်လမ်းပေါ်၌ နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် Space-X ကုမ္ပဏီတို့သည် Crew-11 မစ်ရှင်အရ အဆိုပါ Crew Dragon အာကာသလူသယ်ယာဉ်ကို ဩဂုတ် ၁ ရက် ညပိုင်းတွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အာကာသလူသယ်ယာဉ်နှင့်အတူ နာဆာအာကာသယာဉ်မှူး နှစ်ဦး၊ ရုရှားအာကာသယာဉ်မှူး တစ်ဦးနှင့်ဂျပန်အာကာသယာဉ်မှူးတစ်ဦးတို့ လိုက်ပါသွားပြီး နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်၌ ခြောက်လကြာတာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

Crew-11 မစ်ရှင် အာကာသယာဉ်မှူး လေးဦးရောက်ရှိလာခဲ့ပြီးနောက် ယခုနှစ် မတ်လမှစ၍ နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်သို့ ရောက်ရှိနေသည့် Crew-10 မစ်ရှင် အာကာသယာဉ်မှူး လေးဦးတို့အနေဖြင့် ကမ္ဘာမြေအပြန်ခရီး စတင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

Crew-10 အာကာသယာဉ်မှူး လေးဦးတို့သည် ဩဂုတ် ၆ ရက်တွင် Space-X ကုမ္ပဏီ၏ Crew Dragon အာကာသလူသယ်ယာဉ်ဖြင့် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## စမ်းသပ်ဆဲဆေးတစ်မျိုးဖြင့် အယ်ဇိုင်းမားရောဂါ အခြေအနေဆိုးရွားလာမှုကို တားဆီးပေးနိုင်

**လန်ဒန် ဩဂုတ် ၃**

စမ်းသပ်ဆဲ ဆေးတစ်မျိုးဖြင့် အယ်ဇိုင်းမားရောဂါ အခြေအနေဆိုးရွားလာမှုကို တားဆီးပေးနိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

လက်တွေ့ စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Trontinemab အမည်ရှိ အထက်ပါဆေးသစ်သည် အယ်ဇိုင်းမားရောဂါကို ကုသရာတွင် အထိရောက်ဆုံး ဆေးဝါးဖြစ်လာနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် ဗြိတိန်သုတေသန ပညာရှင်များသည် အယ်ဇိုင်းမားရောဂါကို ကာကွယ်နိုင်ရေးအတွက် ရောဂါမဖြစ်သေးသူများကို Trontinemab ဆေးဖြင့် ကုသပေးရန် သင့်၊ မသင့်ကို စဉ်းစားလျက်ရှိသည်။

Trontinemab ဆေးသည် အယ်ဇိုင်းမားရောဂါဖြစ်ပွားရခြင်း၏နောက်ခံအကြောင်းတရားဖြစ်သည့် ပရိုတင်းများကို ဦးနှောက်အတွင်းမှ ရှင်းထုတ်ပေးနိုင်ကြောင်း သိရသည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Trontinemab ဆေးဖြင့် ကုသမှုခံယူခဲ့သူ လူနာ ၉၀ ရာခိုင်နှုန်းတို့မှာ သီတင်းပတ် ၂၈ ပတ်အကြာတွင် ဦးနှောက်အတွင်းရှိ ဘီတာအမီလွိုက်ပရိုတင်းများ ရှင်းလင်းလာသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ထို့ပြင် Trontinemab ဆေးသည် လက်ရှိသုံးစွဲနေသည့် အယ်ဇိုင်းမား ကုထုံးများထက်လည်း ဘေးထွက်ဆိုးကျိုးပိုနည်းကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ရေအိမ်သုံးစဉ် စမတ်ဖုန်းသုံးစွဲမှုကြောင့် လိပ်ခေါင်းရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာ

**နယူးယောက် ဩဂုတ် ၃**

ရေအိမ်သုံးစဉ် စမတ်ဖုန်းသုံးစွဲမှုအလေ့အထကြောင့် အမေရိကန်နိုင်ငံသားများကြား လိပ်ခေါင်းရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာကြောင်း သုတေသနပညာရှင်များက ဩဂုတ် ၂ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အူလမ်းကြောင်း စစ်ဆေးမှုခံယူသူ သုံးဦးလျှင် တစ်ဦးတွင် လိပ်ခေါင်းရောဂါလက္ခဏာများ တွေ့ရှိရကြောင်း သိရသည်။

လိပ်ခေါင်းရောဂါသည် ဝမ်းချုပ်ခြင်း၊ အလေးအပင်မခြင်း၊ အထိုင်များလွန်းခြင်းတို့ကြောင့် ဖြစ်ပွားတတ်ကြောင်း သိရသည်။

သို့ရာတွင် အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ လိပ်ခေါင်းရောဂါဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းတရားများထဲတွင် ရေအိမ်ဝင်ရောက်စဉ် ဖုန်းသုံးစွဲမှုအလေ့အထလည်း ပါဝင်နိုင်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် စစ်တမ်းများအရ အမေရိကန်ပြည်သူ လေးပုံသုံးပုံခန့်မှာ ရေအိမ်ဝင်စဉ် ဖုန်းသုံးစွဲတတ်ပြီး အသက် ၁၈ နှစ်နှင့် ၂၉ နှစ်ကြား လူငယ်များ ရေအိမ်ဝင်စဉ် ဖုန်းသုံးစွဲတတ်ကြောင်း သိရသည်။

ဖုန်းသုံးစွဲမှုကြောင့် ရေအိမ်ဝင်ချိန် ပို၍ကြာမြင့်လာတတ်ရာ အူလမ်းကြောင်း အောက်ပိုင်းရှိ သွေးကြောများအပေါ် ဖိအားမြင့်မားလာပြီး လိပ်ခေါင်းရောဂါဖြစ်ပွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO



နိုင်ငံတကာ
**အားကစားသတင်းများ**

## မေဂျာလိဂ် လိဂ်ဖလားပြိုင်ပွဲတွင် တိုက်စစ်မှူး မက်ဆီ ဒဏ်ရာကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရ

နယူးယောက် ဩဂုတ် ၃

မေဂျာလိဂ် လိဂ်ဖလားပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တွင် အင်တာမီယာမီအသင်းက မက္ကဆီကိုကလပ်နီကာရာအသင်းနှင့် တွေ့ဆုံခဲ့ရာ တိုက်စစ်မှူး မက်ဆီအနေဖြင့် ပွဲကစားချိန် ၁၁ မိနစ်တွင် တံကောက်ကြောဒဏ်ရာ ပြင်းထန်စွာရရှိခဲ့မှုကြောင့် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီသည် အသင်းတိုက်စစ်ပိုင်းကို အသင်းဖော်ကစားသမား ဆွာရက်ဇ်နှင့်အတူ ဦးဆောင်လာခဲ့သော်လည်း ပွဲကစားချိန် ၁၁ မိနစ်အရောက်တွင် ပြိုင်ဘက်ကစားသမားနှင့် ထိခိုက်မိသည့် တိုက်စစ်မှူး မက်ဆီအနေဖြင့် တံကောက်ကြောဒဏ်ရာကြောင့် ဆက်လက်ကစားနိုင်ခြင်းမရှိတော့ဘဲ အသင်းဖော်ကစားသမား ဖက်ဒရာရီကိုနှင့် လူစားလဲခဲ့ရသည်။

ထို့နောက် အသင်းအနေဖြင့် ပွဲကစားချိန် ၁၂ မိနစ်အရောက်တွင် ဒီပေါလ်၏ဖန်တီးပေးမှုမှ ဆီဂိုဗီယာက ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ ဖိအားပေးကစားမှုကြောင့် ပွဲချိန် ၁၇ မိနစ်တွင် ကစားပုံကြမ်းတမ်းခဲ့သည့် ခံစစ်ကစားသမား ဖယ်ကွန်အနီကတ်ဖြင့် ထုတ်ပယ်ခဲ့ရပြီးနောက် ကစားအားကျဆင်းသွားချိန်တွင် နီကာရာအသင်းက ပွဲချိန် ၃၃ မိနစ်တွင် ချေပဂိုး သွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် နီကာရာအသင်းကလည်း ခံစစ်ကစားသမားတစ်ဦး အနီကတ်ဖြင့် ထွက်ခွာခဲ့ရချိန်တွင် အင်တာမီယာမီအသင်း ကစားအားမြင့်တင်ခဲ့သော်လည်း နီကာရာအသင်းက တန်ပြန်တိုက်စစ်မှ ပွဲချိန် ၈၁ မိနစ်တွင် ဦးဆောင်ဂိုးရခဲ့သဖြင့် အင်တာမီယာမီအသင်းချေပဂိုးရရှိရေး အစွမ်းကုန်ကြိုးပမ်းခဲ့ရာ မိနစ် ၉၀ တွင် အလာဘာက ချေပဂိုး သွင်းယူနိုင်ခဲ့ပြီး ပင်နယ်တီ အဆုံးအဖြတ်ယူခဲ့ရသည်။

ပင်နယ်တီတွင် အင်တာမီယာမီအသင်းက ငါးဂိုး လေးဂိုးဖြင့် နိုင်ပွဲရခဲ့သဖြင့် တတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး အဆိုပါပွဲစဉ်ကို မက္ကဆီကိုကလပ် နေစီယွန်နယ်အသင်းနှင့်လာမည့် ဩဂုတ် ၇ ရက်တွင် ကစားရမည်ဖြစ်သော်လည်း တိုက်စစ်မှူး မက်ဆီအနေဖြင့် ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်၍ လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML



### အားကစားသတင်းအတိုအထွာများ

- တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် စပါးအသင်းနှင့် နယူးကာဆယ်အသင်းတို့ ခြေစမ်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း စပါးအသင်းမှ ကွင်းလယ်ကစားသမား မက်ဒီဆင် ဒူးဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း နည်းပြသောမတ်ဖရန့်က အတည်ပြုပြောကြားခဲ့သည်။
- မာဆေးအသင်းက ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ဝီယာ့ကို တစ်ရာသီအငှားစာချုပ်အတွက် ယူရိုတစ်သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီး စာချုပ်ကုန်ဆုံးပါက ပြောင်းရွှေ့ကြေး ယူရို ၁၄ သန်းဖြင့်ခေါ်ယူမည်ဖြစ်သည့်အပြင် ကစားသမားအတွက် အပိုဆုကြေး ယူရိုသုံးသန်းရရှိမည်ဖြစ်ကြောင်း သိရသည်။
- အာဆင်နယ်အသင်းမှ ထွက်ခွာသွားသည့် ကွင်းလယ်ကစားသမား သောမတ်ပါတေးကို ဗီလာရီးရဲလ်အသင်းက အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ခေါ်ယူ၍ နှစ်နှစ်စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။ ML

## အမျိုးသမီး ကိုပါအမေရိကဖလား ဖိုလ်လုပွဲတွင် ဘရာဇီးအမျိုးသမီးအသင်း ချန်ပီယံဆုဆွတ်ခူး




ကွီတို ဩဂုတ် ၃

၂၀၂၅ အမျိုးသမီး ကိုပါအမေရိကဖလားဖိုလ်လုပွဲစဉ်အဖြစ် ကိုလံဘီယာအမျိုးသမီးအသင်းနှင့် ဘရာဇီးအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘရာဇီးအမျိုးသမီးအသင်းက ပင်နယ်တီအဆုံးအဖြတ်တွင် ငါးဂိုး လေးဂိုးဖြင့် အနိုင်ယူ၍ ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သောကြောင့် ကိုပါအမေရိကဖလား သမိုင်းတွင် ဆုဖလားကိုးကြိမ်ထိ ရယူနိုင်သည့် အသင်းဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ကိုလံဘီယာအသင်းက ပွဲကစားချိန် ၂၅ မိနစ်ကတည်းက ဘရာဇီးအသင်းကို ဦးဆောင်ဂိုးသွင်းယူ၍ ပြိုင်ပွဲကို ထိန်းချုပ်ကစားရန် ကြိုးပမ်းလာခဲ့သောကြောင့် ပထမပိုင်းပွဲကစားချိန် ၄၅ မိနစ်ထိ တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း နာကျင်အချိန်ပိုတွင် ဘရာဇီးအသင်းက ပင်နယ်တီမှ ချေပဂိုး သွင်းယူနိုင်ခဲ့၍ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဦးဆောင်ဂိုးရရှိရေး တိုက်စစ်မြှင့်တင်လာခဲ့ရာ ပွဲချိန် ၆၉ မိနစ်တွင် ဘရာဇီးခံစစ်ပိုင်းအမှားမှ ကိုလံဘီယာအသင်းက ဒုတိယအကြိမ် ဦးဆောင်ဂိုးရရှိခဲ့သဖြင့် ဘရာဇီးအသင်းဖိအားအောက်ကျရောက်ခဲ့ပြီး တိုက်စစ်ပိုင်းလူစားလဲမှုပြုလုပ်ခဲ့သောကြောင့် ပွဲချိန် မိနစ် ၈၀ တွင် ချေပဂိုး ပြန်လည်ရရှိခဲ့သော်လည်း ကိုလံဘီယာအသင်းက ကစားအားကျဆင်းသွားခြင်းမရှိဘဲ တိုက်စစ်မြှင့်တင်လာခဲ့ရာ ပွဲချိန် ၈၈ မိနစ်တွင် တတိယအကြိမ် ဦးဆောင်နိုင်ခဲ့ပြီးနောက် ခံစစ်အားပြုခဲ့သဖြင့် ဘရာဇီးအသင်းက နာကျင်အချိန်ပိုမိနစ် ၉၀ ကျော်တွင် ချေပဂိုးထပ်မံသွင်းယူနိုင်ခဲ့သောကြောင့် သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရသည်။

အချိန်ပိုပွဲကစားချိန်တွင် အတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားသည့် ဘရာဇီးအသင်းက ပွဲချိန် ၁၀၅ မိနစ်တွင် ဦးဆောင်ဂိုး ရရှိခဲ့သော်လည်း ကိုလံဘီယာအသင်းက ပွဲချိန် ၁၁၅ မိနစ်တွင် ချေပဂိုး ပြန်လည် သွင်းယူနိုင်ခဲ့သဖြင့် ပင်နယ်တီ အဆုံးအဖြတ်ခံယူခဲ့ရာ ပင်နယ်တီတွင် ဘရာဇီးအသင်းက ခုနစ်ကြိမ်ကန်သွင်းခဲ့ရာတွင် ငါးဂိုး ရရှိခဲ့သော်လည်း ကိုလံဘီယာအသင်းက ခုနစ်ကြိမ်တွင် လေးဂိုးသာရရှိခဲ့သဖြင့် ငါးဂိုး လေးဂိုးဖြင့် ဘရာဇီးအသင်းက နိုင်ပွဲရရှိခဲ့ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ Ref : FotMob

Trs : ML

## တိုက်စစ်မှူး ဝယ်လ်ဆင်ကို ဝက်စ်ဟမ်းအသင်း အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ခေါ်ယူ




လန်ဒန် ဩဂုတ် ၃

ဝက်စ်ဟမ်းအသင်းသည် ပြီးခဲ့သည့် ဖွန်လကုန်က နယူးကာဆယ်အသင်းနှင့် လမ်းခွဲခဲ့သည့် တိုက်စစ်မှူး ဝယ်လ်ဆင်ကို အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ခေါ်ယူ၍ တစ်နှစ်စာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၃၃ နှစ်ရှိ တိုက်စစ်မှူးသည် နယူးကာဆယ်အသင်းတွင် ဘောလုံးရာသီ ငါးရာသီကစားခဲ့ရာတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၁၃၀ တွင် သွင်းဂိုး ၄၉ ဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် အသင်းအနေဖြင့် သက်တမ်းတိုးရန်မစီစဉ်တော့သဖြင့် အလွတ်ပြောင်းရွှေ့ခွင့်နှင့် ထွက်ခွာခဲ့ခြင်းဖြစ်သည်။

ဝယ်လ်ဆင်သည် နယူးကာဆယ်အသင်း တိုက်စစ်ပိုင်းတွင် တိုက်စစ်မှူး အစ်ဆက်ခ်နောက်တွင်သာ ကစားနေရသော်လည်း အစ်ဆက်ခ်အနေဖြင့် ဒဏ်ရာပြဿနာကြောင့် ပြီးခဲ့သည့် ဘောလုံးရာသီ နှစ်ရာသီဆက်တိုက် ပြိုင်ပွဲစုံပါဝင်နိုင်ခြင်းမရှိချိန်တွင် တိုက်စစ်မှူး ဝယ်လ်ဆင်က နယူးကာဆယ်အသင်းတိုက်စစ်ကို ဦးဆောင်နိုင်ခဲ့သဖြင့် ဝက်စ်ဟမ်းအသင်းနည်းပြ ပေါ်တာက ပရီးမီးယားလိဂ်ပြိုင်ပွဲ အတွေ့အကြုံကောင်းများရှိနေသည့် ၎င်းကို တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

ယခင်က တိုက်စစ်မှူးဝယ်လ်ဆင်ကို ပရီးမီးယားလိဂ်သို့ တန်းတက်လာသည့် လိဒ်ယူနိုက်အသင်းကခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့သော်လည်း ပြောင်းရွှေ့မှု ကြန့်ကြာနေသောကြောင့် ဝက်စ်ဟမ်းအသင်းက ဝယ်လ်ဆင်၏ ခြေစွမ်းပိုင်းကို သဘောကျသည့်အတွက် တိုက်စစ်ပိုင်းတွင် လူငယ်ကစားသမားများနှင့် တွဲဖက်အသုံးပြုနိုင်ရန် ကာလတိုစာချုပ်ဖြင့် ခေါ်ယူရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## ရီးရဲလ်မက်ဒရစ်အသင်းတွင် ဆက်လက်ကစားနိုင်ရန် ရိုဒရီဂိုမျှော်လင့်

မက်ဒရစ် ဩဂုတ် ၃

လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ရိုဒရီဂိုသည် အသင်းတွင် ဆက်လက်ကစားနိုင်ရန်အတွက် မျှော်လင့်နေကြောင်း သိရသည်။

ရိုဒရီဂိုသည် ရီးရဲလ်မက်ဒရစ်အသင်းတွင် အစောပိုင်းက ပွဲကစားခွင့် နည်းပါးခဲ့သော်လည်း နောက်ပိုင်းနှစ်များတွင် နည်းပြဟောင်း အန်ဆယ်လော့တီလက်အောက်တွင် ပွဲကစားခွင့်များ ပြန်လည်ရရှိခဲ့ကာ ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းတိုက်စစ်ပိုင်းတွင် အမ်ဘက်ပီ၊ ဗင်နီစီးယက်တို့နှင့်အတူ အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီအကုန်က ရီးရဲလ်မက်ဒရစ်အသင်းက သက်တမ်းတိုးစာချုပ်အတွက် ရိုဒရီဂိုအား ကမ်းလှမ်းခဲ့ချိန်တွင် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ရိုဒရီဂိုတို့အကြား ဆက်ဆံရေးတင်းမာလာခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်း နည်းပြသစ် အလွန်ဆိုက အသင်းတိုက်စစ်ပိုင်းတွင် အာဒါဂူလာနှင့် ဂါစီယာတို့ကိုသာ အသင်းတွင် ဆက်လက်ထားရှိလိုပြီး ရိုဒရီဂိုကို ပြန်လည်ရောင်းချလိုသည့်အတွက် အနာဂတ်မရေမရာဖြစ်လာခဲ့သည်။

အစောပိုင်းက ရိုဒရီဂိုကလည်း အသင်းမှ ထွက်ခွာရန်ကြိုးပမ်းခဲ့သော်လည်း နောက်ပိုင်း၌ အသင်းတွင်သာ ဆက်လက်ကစားလိုသည့်အတွက် အသင်းနှင့် ဆက်လက်လက်တွဲနိုင်ရန် မျှော်လင့်နေပြီး ဆွေးနွေးမှုများလည်း လုပ်ဆောင်နေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်မည့် သတင်းများကို တိုင်ဆန်ဖျူရီငြင်းဆို



လန်ဒန် ဩဂုတ် ၃

လက်ဝှေ့လောကမှ အနားယူသွားပြီဖြစ်သည့် ပြိုင်ဘက်ကင်းကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်းဗြိတိန်လက်ဝှေ့သမားတိုင်ဆန်ဖျူရီသည် လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်မည်ဖြစ်ကြောင်း သတင်းများထွက်ပေါ်လာခဲ့ပြီးနောက် skysports သတင်းဌာနက တိုင်ဆန်ဖျူရီအား ဆက်သွယ်မေးမြန်းခဲ့ရာ ထွက်ပေါ်နေသည့် သတင်းများမှာ မှန်ကန်မှုမရှိကြောင်းတိုင်ဆန်ဖျူရီက တုံ့ပြန်ငြင်းဆိုခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

တိုင်ဆန်ဖျူရီသည် လက်ဝှေ့လောကမှ အနားယူရန် စီစဉ်နေပြီဖြစ်သော လက်ရှိကမ္ဘာ့ဟဲဗီးဝိတ်တန်းပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံ အူဆက်ခ် သို့မဟုတ် ဗြိတိန်လက်ဝှေ့သမား အန်တိုနီဂျိုရှုအာနှင့် ထိုးသတ်ရန်အတွက် လက်ဝှေ့လောကသို့ပြန်လည်ဝင်ရောက်ရန် ပြင်ဆင်နေကြောင်းဗြိတိန်သတင်းဌာနအသီးသီးက ရေးသားဖော်ပြခဲ့ကြသည်။

တိုင်ဆန်ဖျူရီသည် ပထမတစ်ကြိမ် အနားယူခဲ့ပြီးနောက် လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက် လာခဲ့ဖူးသည့်အတွက်ကြောင့် ယခုကဲ့သို့ သတင်းများ ထွက်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Skysports သတင်းဌာနမှ တိုင်ဆန်ဖျူရီအား ဆက်သွယ်မေးမြန်းခဲ့ရာတွင် တိုင်ဆန်ဖျူရီက “လက်ဝှေ့လောကထဲပြန်ဝင်ဖို့ လုံးဝအစီအစဉ်မရှိပါဘူး။ ကျွန်တော် အသက်ကြီးနေပါပြီ။ ကျွန်တော့် မုတ်ဆိတ်တွေတောင် ဖြူလာပြီ။ လက်ဝှေ့အားကစားဆိုတာလူငယ်တွေအတွက် ပိုပြီးတော့အဆင်ပြေပါတယ်။ ဒါကြောင့် လက်ဝှေ့လောကထဲကိုဘယ်တော့မှပြန်ဝင်လာမှာမဟုတ်ပါဘူး”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports
Trs : AZL

# နီကိုလပ်ဂျက်ဆင်ကို အပြီးသတ်ရောင်းချရန် ချဲလ်ဆီးအသင်း ကြိုးပမ်းနေ

လန်ဒန် ဩဂုတ် ၃

ချဲလ်ဆီးအသင်းက လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အရောင်းစာရင်းတင်ထားသည့် နီကိုလပ်ဂျက်ဆင်ကို လာမည့်ရက်သတ္တပတ်အတွင်း အပြီးသတ် ရောင်းချနိုင်ရန်အတွက် ကြိုးပမ်းလျက်ရှိနေကြောင်း သိရသည်။

နီကိုလပ်ဂျက်ဆင်သည် ပြီးခဲ့သည့်နှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ဗီလာရီးရဲလ်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီ ရာသီဝက်ကာလထိ နည်းပြမာရက်စ်ကာလက်အောက်တွင် အဓိကပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း ရာသီနှောင်းပိုင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက် ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံခဲ့ရသူဖြစ်သည်။

နီကိုလပ်ဂျက်ဆင်သည် ရာသီပြီးဆုံးခါနီး ပွဲစဉ်များတွင် ခြေစွမ်းပြသနိုင်ရန်ရုန်းကန်ခဲ့ရမှုနှင့်အတူ မလိုလားအပ်သည့်အနီကတ်များ ပြသခံခဲ့ရပြီးနောက် နည်းပြမာရက်စ်ကာက ရောင်းချရန်အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းက အသင်းတိုက်စစ်ပိုင်းအတွက် လက်ရှိအပြောင်းအရွှေ့ကာလတွင် ဒီလပ်စ်နှင့် ဂျာအိုပက်ဒရိုတို့ကိုခေါ်ယူခဲ့ပြီးနောက် နီကိုလပ်ဂျက်ဆင်ကို ပြန်လည် ရောင်းချရန်ကြိုးပမ်းနေပြီး ၎င်းကို မန်ယူအသင်းနှင့် စီးရီးအေကလပ်အသင်းများက ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# Wyndham Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ကင်မရွန်းယန်းဦးဆောင်

နယူးယောက် ဩဂုတ် ၃

အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ်တွင် ကျင်းပနေသည့် Wyndham Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကင်မရွန်းယန်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက်အချက် ၂၀ လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်ထားကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။



ကိုလံဘီယာ ဂေါက်သီးရိုက်ကစားသမား အီချာဗာရီယာက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက် လျော့ရိုက်ကာအမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ထားနိုင်ပြီး အမေရိကန်ဂေါက်သီးရိုက် ကစားသမားများဖြစ်ကြသည့် မစ္စနာ၊ ခရစ်ကစ်နှင့် အင်္ဂလန်ဂေါက်သီးရိုက် ကစားသမားအာရွန်ရိုင်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ကင်မရွန်းယန်းသည် အမှတ်ပေးဇယား၏ ဒုတိယနေရာမှ လိုက်လံဖိအားပေးနေသည့် အီချာဗာရီယာကို ရိုက်ချက် ငါးချက်ထိ ဖြတ်ထားနိုင်သည့်အတွက်ကြောင့် ချန်ပီယံဆုဆွတ်ခူးနိုင်ရန် ရေပန်းစားလျက်ရှိသည်။

ကင်မရွန်းယန်းက “တတိယနေ့မှာအရမ်းကောင်းတဲ့ ရိုက်ချက်တချို့ကို ရိုက်နိုင်ခဲ့ပါတယ်။ နောက်ဆုံးနေ့မှာလည်း အခုလိုပဲ အကောင်းဆုံး ကစားနိုင်အောင် အာရုံစိုက်သွားပါမယ်။ ကျွန်တော့်အနေနဲ့ပြိုင်ပွဲတော်တော်များများမှာ ချန်ပီယံဖြစ်ခွင့်ရဖို့ နီးစပ်ခဲ့တယ်။ ဒါပေမဲ့ ဒုတိယနေရာနဲ့ပဲ ကျေနပ်ခဲ့ရတဲ့ အကြိမ်ကများပါတယ်။ ဒီတစ်ကြိမ်မှာတော့ ဒုတိယနေရာနဲ့ အဆုံးမသတ်ဖို့အတွက် နောက်ဆုံးနေ့မှာ အကောင်းဆုံးကြိုးစားကစားသွားမှာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ပီအက်စ်ဂျီအသင်းက ချီဗာလီယာနှင့် ဇာဗာညီတို့ကို စတာလင်ပေါင် သန်း ၁၀၀ ကျော်အသုံးပြု၍ ခေါ်ယူမည်




ပဲရစ် ဩဂုတ် ၃

ပီအက်စ်ဂျီအသင်းက လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် လိုင်လီအသင်းမှ ဂိုးသမား ချီဗာလီယာနှင့် ဘုန်းမောက်အသင်းမှ ခံစစ်ကစားသမား ဇာဗာညီတို့ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ကျော် အသုံးပြုပြီး ခေါ်ယူနိုင်ရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

ပီအက်စ်ဂျီအသင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် အဆင်မပြေဖြစ်နေသည့် အဓိက ဂိုးသမားဒွန်နာရမ်မာကို လက်လွှတ်ရနိုင်သည့် အခြေအနေများကြောင့် ၎င်း၏ နေရာတွင် ဂိုးသမား ချီဗာလီယာနှင့်အစားထိုးလိုခြင်းဖြစ်သည်။

ဂိုးသမား ချီဗာလီယာကိုယ်တိုင်ကလည်း ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကစားလိုသည့်အတွက် အကြိုသဘောတူညီမှု ရရှိထားပြီး လိုင်လီအသင်းနှင့်လည်း ပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၄၀ ဖြင့် ခေါ်ယူနိုင်ရန်နီးစပ်နေပြီး လာမည့်ရက်ပိုင်းအတွင်းအပြောင်းအရွှေ့ပြီးမြောက်ဖွယ်ရှိနေသည်။

ချီဗာလီယာနှင့် လိုင်ယွန်အသင်းတို့ စာချုပ်သက်တမ်းမှာလည်း တစ်နှစ်သာ ကျန်ရှိတော့သည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့်လက်လွှတ်ရနိုင်သည့် အခြေအနေများကြောင့် လိုင်လီအသင်းက စတာလင်ပေါင် သန်း ၄၀ ဖြင့် လက်လွှတ်ရန် နီးစပ်လျက်ရှိနေသည်။

အလားတူ ပီအက်စ်ဂျီအသင်းက ပြီးခဲ့သည့်ဘောလုံးရာသီက ဘုန်းမောက်အသင်းနှင့် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သည့်ဇာဗာညီကို ခေါ်ယူရန်အတွက် ကြိုးပမ်းခဲ့ရာမှ ပြောင်းရွှေ့ကြေး အနည်းဆုံး စတာလင်ပေါင် ၆၅ သန်း အများဆုံး စတာလင်ပေါင် သန်း ၇၀ ဖြင့် ခေါ်ယူနိုင်ရန်နီးစပ်နေပြီး နောက်ဆုံးအဆင့်ဆွေးနွေးမှုများ ပြုလုပ်နေကာ လာမည့်ရက်ပိုင်းအတွင်း အပြောင်းအရွှေ့ အပြီးသတ်နိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

Ref : Fabrizio Romano
Trs : STA

# National Bank Open ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ပိုပိုင်ရင်က ဟိုလ်ဂါရှနီကိုအနိုင်ရရှိ

တိုရွန်တို ဩဂုတ် ၃

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ကျင်းပနေသည့် National Bank Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ဩစတြေးလျတင်းနစ်ကစားသမား ပိုပိုင်ရင်နှင့် ဒိန်းမတ်တင်းနစ်ကစားသမား ဟိုလ်ဂါရှနီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အနိုင်ရရှိရန် ရေပန်းစားနေသည့် ဟိုလ်ဂါရှနီကို ပိုပိုင်ရင်က (၄-၆ ၊ ၆-၂ ၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင်ဖော်ပြခဲ့သည်။

ပိုပိုင်ရင်သည် ပထမပွဲငယ်တွင် ဟိုလ်ဂါရှနီအားရှုံးနိမ့်ခဲ့သော်လည်းဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသည့် ရလဒ်များဖြင့် ပြန်လည်အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပိုပိုင်ရင်သည် လက်ရှိချန်ပီယံ တစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ရန် ရေပန်းစားလျက်ရှိသည်။




ပိုပိုင်ရင်က “လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ဖို့အတွက်တော့ အကောင်းဆုံးကြိုးစားနေပါတယ်။ လက်ရှိအချိန်အထိတော့ အဆင်ပြေနေတုန်းပါပဲ။ ကစားရတာ တော်တော်လေးကို ပျော်ပါးနေပါတယ်။ အဓိကကတော့ ဖိအားကင်းနေတာပါ။ ပွဲအတွင်းမှာလည်း ပြိုင်ဘက်ကစားသမားထိန်းရခက်နိုင်တဲ့ရိုက်ချက်တွေ ဆက်တိုက်ရိုက်နိုင်ခဲ့တယ်။ ဒီနေ့ပွဲစဉ်မှာအထူးအားရ ကျေနပ်မိတာကတော့ လက်ပြန်ရိုက်ချက်တွေပဲ ဖြစ်ပါတယ်။ နောက်တစ်ဆင့်မှာလည်း ဒီလိုစွမ်းဆောင်ရည်မျိုးတွေကို ဆက်ထိန်းနိုင်မယ်လို့ မျှော်လင့်ပါတယ်” ဟု ပြောကြားခဲ့သည်။

ပိုပိုင်ရင်သည် ကွာတားဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမားဇီရက်ဖ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည့်အတွက် သုံးပွဲဆက်တိုက် ခက်ခဲသည့် ပြိုင်ဘက်များဖြင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL

# ကောင်းမှုကုသိုလ် ပြုစေလို

ဘုန်းသန့်စင်

**ကောင်းမှု**

ဘဝတွင် အောင်မြင်မှုကိုရရှိလိုသည့် လူငယ်များသည် မိမိတို့၏ ပြုမူပြောဆိုလုပ်ကိုင်မှုတိုင်းကို ကောင်းမွန်မှန်ကန်ပြီး ဘဝအတွက်အကျိုးရှိသည့် အလုပ်များဖြစ်ရန် ကြိုးစားရမည်ဖြစ်သည်။ "ကောင်းမှုမြတ်နိုး ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌တည်စေမင်း"ဆိုသကဲ့သို့ လုပ်ရပ်တိုင်းသည်ဘဝအတွက် ကောင်းကျိုးကိုဖြစ်စေမည့်အလုပ်တို့ဖြစ်နေမည်ဆိုပါက ထိုကောင်းမှုတို့၏အကျိုးကို ပြန်လည်ခံစားရမည်သာဖြစ်သည်။

"ကာယကမ္မ – ကိုယ်အမူအရာဖြင့် ပြုလုပ်မှု၊ ဝစီကမ္မ – စကားဖြင့် ပြုလုပ်ဆောင်ရွက်မှု၊ မနောကမ္မ – အတွင်းစိတ်သက်သက်ဖြင့် ကြံစည်ပြုလုပ်မှု၊" ဆိုသည့်ပြုလုပ်မှုတိုင်းတွင် ကောင်းသောပြုလုပ်မှု (ကောင်းသည့်ကုသိုလ်၊ ကောင်းသည့်ကံ) ဖြစ်နေရန်လိုသည်။ ကံဆိုသည်မှာကား ချက်ချင်းလက်ငင်း အကျိုးပေးတတ်သည့် သဘောရှိသကဲ့သို့ တစ်ခါတစ်ရံတွင် အကျိုးပေးရန်အတွက် အချိန်ကြာမြင့်စွာ စောင့်ရတတ်သည်။ ဘဝများခြားသည်ထိ မိမိနှင့် အတူပါလာတတ်ပြီး အကျိုးပေးတတ်သည့်အရာသည်ကလည်း ကံပင်ဖြစ်သည်။ ထိုကံတို့ကိုမူ လူတို့က မမြင်ရသည့်အတိတ်ကံများဟု အလွယ်တကူ မှတ်ယူကြသည်။

**ကိုယ်ပြုသည့်ကံ**

ကံနှင့်စပ်လျဉ်း၍ ဓမ္မပဒဒေသနာတော်တွင် မြတ်စွာဘုရားရှင်က မကောင်းမှုပြုလုပ်ထားသူဖြစ်လင့်ကစား ထိုအကုသိုလ်ကံ ရင့်ကျက်လာပြီး အကျိုးမပေးမီ ချမ်းသာသုခကို ခံစားရနိုင်သော်လည်း အကုသိုလ်ကံ အကျိုးပေးချိန်ရောက်သည့်အခါ ဆင်းရဲဒုက္ခမျိုးစုံကို ခံစားရနိုင်သည်ဟု ဟောကြားခဲ့သည်။ ကိုယ်ပြုသည့်ကံ ပဲတင်သံ ကိုယ့်ထံပြန်လာမည်ဆိုသကဲ့သို့ပင် မိမိပြုလုပ်ခဲ့မိသော ကုသိုလ်၊ အကုသိုလ်အကျိုးအပြစ်များကို မိမိသာပြန်လည် ခံစားရမည်ဖြစ်သည်။ ကောင်းမှုကုသိုလ် ပြုလုပ်ထားသူဖြစ်လင့်ကစား ထိုကုသိုလ်ကံရင့်ကျက်လာပြီး အကျိုးမပေးမီ ဆင်းရဲဒုက္ခကို ခံစားရနိုင်သော်လည်း ကုသိုလ်ကံအကျိုးပေးချိန်ရောက်သည့်အခါ ချမ်းသာသုခကို ခံစားရနိုင်မည်ဖြစ်သည်ဟု မြတ်စွာဘုရားဟောကြားထားသည်။

**ဘုရင်ဖြစ်စေမည့် အခွင့်အရေး**

ဗာရာဏသီပြည်တွင် နေထိုင်သည့် ထင်းခွေယောကျ်ားတစ်ဦးသည် မြို့မှထွက်၍ ထင်းခွေထွက်ခဲ့ရာတွင် အချိန်လင့်၍ မြို့တွင်းဝင်မရဖြစ်ကာ မြို့ပြင်ရှိ နတ်ကွန်းတစ်ခုဘေးတွင်အိပ်လေသည်။ နတ်ကွန်းအနီး သစ်ပင်ကြီးတစ်ပင်၏ အပေါ်ကိုင်းတွင် အိပ်သော ကြက်တစ်ကောင်က မစင်စွန့်ချရာတွင် အောက်ကိုင်းတွင် အိပ်သောကြက်အပေါ်သို့ ကျရောက်သွားလေသည်။ ထိုအခါ "အသင်ကြက် အဘယ်အတွက်ကြောင့် ငါ၏အလွန်တန်ဖိုးရှိလှသော ခန္ဓာကိုယ်ပေါ်သို့ မစင်စွန့်ရသနည်း"ဟု အော်ပြောလေသည်။ အထက်ကိုင်းတွင် အိပ်စက်သောကြက်က "သင့်တန်ဖိုးကိုငါမသိ မည်မျှတန်၍ပြောရသနည်း" ဟုမေးလေသည်။ "ငါ၏အသားသည် သိဒ္ဓိတန်ခိုးနှင့် တန်ဖိုးတို့ အလွန်ကြီးသဖြင့် အရုဏ်တက်တွင် ငါ့အားသတ်၍ မီးကျီးခဲ၌ ကင်စားသူသည် အသပြာတစ်ထောင်ရမည်"ဟု အောက်ကိုင်းမှကြက်က အညှံ့မခံ ခွန်းတုံ့ပြန်လေသည်။

"သင်သည် အသပြာတစ်ထောင်မျှသာ တန်သည်။ ငါ၏တန်ဖိုးကား သင့်ထက်များစွာကြီးလေသည်။ ငါ့ကိုသတ်၍ ငါ၏ဦးခေါင်းကို စားရသူသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ရသည့် ဘုရင်အဖြစ်ရမည်။ အသားကိုစားရသူသည် ယောကျ်ားဖြစ်သော် စစ်သူကြီး၊ မိန်းမဖြစ်သော် မိဖုရားအဖြစ်ရမည်။ အရိုးနားတွင်ကပ်နေသော အသားကလေးမျှကိုပင် စားရသူသည် ရဟန်းဖြစ်သော် မင်းဆရာဘဝ ရောက်မည်။ ယောကျ်ားဖြစ်သော် ဘဏ္ဍာစိုးဖြစ်ရမည်။"ဟု အထက်ကိုင်းမှ ကြက်က ၎င်း၏ဂုဏ်ဒြပ်တို့ကို ပြန်လည်ပြောဆိုကာ အချေအတင်ဖြစ်ကြလေသည်။ ကြက်နှစ်ကောင်ဖြစ်သော ဇာတ်လမ်းအစုံကို ထင်းခွေယောကျ်ားကြားသော် စားရကံကြုံလို့ မှတ်ဆိတ်ပျားစွဲခြင်းဖြစ်သည်ဟု တွေးမိလေသည်။ ထိုမှတစ်ဖန် ငါသည် ဘုရင်အဖြစ်ကို ရသင့်သောသူဖြစ်သည်ဟုမှတ်ယူပြီး အထက်ကိုင်းမှ ကြက်ကို တက်၍ ဖမ်းကာ သတ်ပစ်လေသည်။

**အတိတ်ကံမကောင်းခဲ့**

ထင်းခွေယောကျ်ားသည် မနက်မိုးသောက် အလင်းရောက်သော် သတ်ထားသည့် ကြက်ကိုယူ၍ အိမ်သို့ပြန်ကာ ဇနီးဖြစ်သူကို ကောင်းမွန်စွာချက်ခိုင်းလေသည်။ ဇနီးဖြစ်သူက ကြက်သားဟင်းကျက်သော် စားသောက်ရန်အတွက် ပြင်ဆင်ပေးလေသည်။ ထိုအခါ ထင်းခွေ ယောကျ်ားက "ရှင်မ ဤကြက်သားသည် သာမညကြက်သားမဟုတ်။ အလွန်တန်ဖိုးရှိသော သိဒ္ဓိတန်ခိုးတို့ဖြင့် ပြည့်နှက်နေသောကြက်၏ အသားဖြစ်သည်။ ခေါင်းကို ငါစား၍ ဧကန်စင်စစ်မင်းအဖြစ်ကိုရမည်။ ရှင်မသည်ကား အသားကိုစား၍ မိဖုရားအရာ ရယူနိုင်သည်။ ဂင်္ဂါမြစ်အတွင်းတွင် ကိုယ်လက်သန့်စင်ပြီးမှသာ မြစ်ကမ်းနံဘေး အတူစားကြစို့။"ဟုပြောကာ ဂင်္ဂါမြစ်အနီးသို့ သွားကြလေသည်။ ကြက်သားဟင်းနှင့် ထမင်းတို့ကို တောင်းဖြင့် ထည့်ကာ ယူဆောင်လာပြီး မြစ်ကမ်းနံဘေးတွင်ချ၍ ထားပြီးလျှင် နှစ်ဦးသား ဂင်္ဂါမြစ်အတွင်း ရေချိုးဆင်းကြလေသည်။

ထင်းခွေယောကျ်ားနှင့်ဇနီး နှစ်ဦးရေချိုးဆင်းခိုက်တွင် လေတို့ကထန်လာပြီး မြစ်ရေသည်တက်လာသဖြင့် ကြက်သားဟင်းထည့်ထားသည့်တောင်းသည် မြစ်ရေတွင်မျောပါသွားလေသည်။ ကြက်သားဟင်းကို ဆယ်ဖို့ထက် အသက်လုကာ ကမ်းထက်သို့ကူးခတ်ပြီး တက်ခဲ့ရလေသည်။ ရေစီးအတိုင်းမျောပါသွားသော ကြက်သားဟင်းထည့်ထားသည့်တောင်းသည် ဂင်္ဂါမြစ်အတွင်း ဆင်တို့ကိုရေချိုးပေးနေသော ဆင်ထိန်းတစ်ဦးထံသို့ရောက်သွားလေသည်။ ဆင်ထိန်းလည်း အိမ်သို့ယူဆောင်သွားလေသည်။ အိမ်သို့ရောက်သော် ဆင်ထိန်းတို့ဇနီးမောင်နှံ ကိုးကွယ်သည့်ရသေ့သည် ဆွမ်းခံကြွလာခိုက်နှင့် ကြုံသဖြင့် ကြက်သားဟင်းဖြင့် ဆွမ်းကပ်လေသည်။ ရသေ့သည် အမြော်အမြင်ရှိပြီး ကြက်သားဟင်း၏ အံ့မခန်းအစွမ်းတို့ကိုလည်း သိသဖြင့် ကြက်ခေါင်းကို ဆင်ထိန်းကိုစားစေပြီး ကြက်၏အသားကို ဆင်ထိန်း၏ဇနီးကို စားစေသည်။ ကိုယ်တိုင်ကမူ အရိုးနားတွင်ကပ်နေသော အသားအနည်းငယ်ကို ဘုဉ်းပေးလေသည်။

**ပြုခဲ့ဖူးသည့် ကောင်းမှုအထူးရှိခဲ့**

တစ်နေ့တွင် ဗာရာဏသီပြည်သို့ တိုင်းတစ်ပါးမှ ဝင်ရောက်တိုက်ခိုက်သည့်အခါ ဗာရာဏသီမင်းသည် ရုပ်ဖျက်၍ တိုက်ပွဲဝင်လေသည်။ ဆင်ထိန်းကို မိမိ၏ အဆင်တန်ဆာတို့ကိုပေး၍ တိုက်ပွဲဝင်စေသည်။ ထိုတိုက်ပွဲတွင် ကံဆိုးစွာဖြင့် ရုပ်ဖျက်ထားသည့် ဘုရင်သည်မြားမှန်၍ နတ်ရွာစံလေသည်။ ဆင်ထိန်းလည်း ထိုတိုက်ပွဲကို ကောင်းစွာဦးစီး၍ တိုက်သဖြင့် အောင်နိုင်ခဲ့လေသည်။ ဘုရင်ကြီး နတ်ရွာစံပြီးနောက် မှူးကြီး၊ မတ်ရာ၊ သေနာပတိတို့က ရှုပ်ရှုပ်ချုံချုံတိုက်ခဲ့မှုကြောင့် တိုက်ပွဲကိုအောင်မြင်ခဲ့သော ဆင်ထိန်းကို ဘုရင်အဖြစ်တင်မြှောက်ကာ ထီးနန်းအပ်လေသည်။ ကျေးဇူးသိတတ်သည့် ဆင်ထိန်းသည် ဆရာရသေ့ကို နန်းတော်အတွင်းသို့ ပင့်ဆောင်၍ မင်းဆရာအဖြစ်ထားလေပြီး ဇနီးကို မိဖုရားအရာသို့ထားလေသည်။

> **❖ ဘဝတွင်အောင်မြင်မှုကို ရယူပိုင်ဆိုင်ထားသည့် လူတစ်ဦးသည် တစ်ချိန်က ကြိုးစားအားထုတ်မှုများကို အခြားသူများထက်ပို၍ ဆောင်ရွက်ခဲ့သည့်အကြောင်းကြောင့် အောင်မြင်မှုအသီးအပွင့် အကျိုးကျေးဇူးများကို ခံစားရခြင်းဖြစ်သည်။ ငယ်စဉ်ကတည်းက မိမိအပါအဝင် လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေမည့်အရာများကိုသာ ပြုလုပ်ခဲ့မည်ဆိုပါက အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည် မဟုတ်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် အနာဂတ်ကာလ အောင်မြင်ခြင်း အသီးအပွင့်များကို ရယူခံစားလိုလျှင် လက်ရှိပစ္စုပ္ပန် အကြောင်းတရားတွင် ကောင်းသောအလုပ်ကောင်းမှုကုသိုလ်များ ဖြင့် ပြည့်နှက်နေစေရေး ကြိုးစားသင့်ပေသည်။ ❖**

အတိတ်တွင်ပြုခဲ့ဖူးသော ကံတို့သည် မိမိတို့၏ လက်ရှိဘဝထိ ထပ်ကြပ်မကွာ လိုက်ပါလာတတ်လေသည်။ အတိတ်တွင် ပြုခဲ့ဖူးသည့် ကောင်းမှုကုသိုလ် မရှိခဲ့သည့် ထင်းခုတ်သမားဇနီးမောင်နှံသည် မင်းအဖြစ်ကိုရနိုင်သည့် ကြက်သားကိုစားရကံ ကြုံခဲ့သော်လည်း မစားရဘဲ အသက်လုကာ ပြေးခဲ့ရသည်။ ဘုန်းကံကြီးမားသည့်မင်းအဖြစ်ရသော်လည်း အတိတ်တွင်ပြုခဲ့သည့် အကုသိုလ်ကံတို့ အကျိုးပေးချိန်တန်လာသည့်အခါ ရုပ်ဖျက်၍ တိုက်ပွဲဝင်သော်လည်း မြားမှန်၍ သေပွဲဝင်ခဲ့ရသည်။ ဆင်ထိန်းသည်ကား အတိတ်တွင်ပြုခဲ့သည့် ကောင်းမှုကုသိုလ်ကံတို့က အကျိုးပေးချိန်တန်လာသည့်အခါတွင် သိဒ္ဓိတန်ခိုးတို့ ပြည့်နှက်နေသည့် ကြက်သားကို စားရပြီး မင်းအဖြစ်သို့ ရသည်။

**ကောင်းမှုကိုသာ ပြုကြပါ**

လောကလူ့ရွာတွင် လူသားတို့ ပြုလုပ်အပ်သော အရာများကို ခွဲခြားကြည့်သည့်အခါတွင် ကောင်းမှု၊ မကောင်းမှုနှစ်မျိုးသာရှိသည်။ ကံဆိုသည်မှာ မိမိ ပြုလုပ်သောအလုပ်သာဖြစ်သဖြင့် ကောင်းမှုကိုဖြစ်စေသည့်အလုပ်တို့ကိုပြုလုပ်ရမည်မှာ မိမိတို့တာဝန်ပင်ဖြစ်သည်။ အတိတ်တွင် ပြုလုပ်ခဲ့ဖူးသောအရာတို့ကို ပြန်လည်ပြင်ဆင်၍မရနိုင်တော့သဖြင့် အတိတ်ကပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်ကံတို့ရှိ၊ မရှိကို သိရန်မလွယ်ကူပေ။ လက်ရှိပစ္စုပ္ပန်တွင် မကောင်းမှုဟူသမျှကို တတ်နိုင်သမျှရှောင်ရှားကာ ကောင်းမှုကုသိုလ်တို့ကို တတ်နိုင်သမျှ ကြိုးစားပြုလုပ်ကြခြင်းဖြင့် ဘဝခရီးလမ်းကို လျှောက်လှမ်းသင့်ပေသည်။

လောကလူ့ရွာ၌ ဘာသာအယူဝါဒတို့မည်မျှပင် ကွဲပြားခြားနားနေစေကာမူ လူသားအားလုံးယုံကြည်လက်ခံထားသည့် လောကနိယာမတစ်ခုမှာ အကြောင်းကြောင့် အကျိုးဖြစ်သည်ဆိုသောတရားပင်ဖြစ်သည်။ ဘဝတွင်အောင်မြင်မှုကို ရယူပိုင်ဆိုင်ထားသည့်လူတစ်ဦးသည် တစ်ချိန်က ကြိုးစားအားထုတ်မှုများကို အခြားသူများထက် ပို၍ဆောင်ရွက်ခဲ့သည့်အကြောင်းကြောင့် အောင်မြင်မှုအသီးအပွင့် အကျိုးကျေးဇူးများကို ခံစားရခြင်းဖြစ်သည်။ ငယ်စဉ်ကတည်းက မိမိအပါအဝင် လူမှုပတ်ဝန်းကျင်ကို ထိခိုက်စေမည့်အရာများကိုသာ ပြုလုပ်ခဲ့မည်ဆိုပါက အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်မည်မဟုတ်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် အနာဂတ်ကာလ အောင်မြင်ခြင်း အသီးအပွင့်များကို ရယူခံစားလိုလျှင် လက်ရှိပစ္စုပ္ပန်အကြောင်းတရားတွင် ကောင်းသော အလုပ်ကောင်းမှုကုသိုလ်များဖြင့် ပြည့်နှက်နေစေရေး ကြိုးစားသင့်ပေသည်။

**သမ္မပ္ပဓာန်တရားလေးပါး လက်ကိုင်ထား**

လက်ရှိကာလ လူငယ်ဘဝတွင် ပြုလုပ်နေသော ကံအကြောင်းတရားများက ကောင်းမွန်နေမည်ဆိုပါက အနာဂတ်အကျိုးတရားများလည်း တိုးပွားလာမည်သာဖြစ်သည်။ အသီးအပွင့်တို့ဖြင့် ဝေဆာလှပနေသော သစ်ပင်တစ်ပင်သည် ရေသောက်မြစ်အပါအဝင် မြေကြီးအတွင်းသို့ တိုးဝင်နေသည့် အမြစ်များ၏စွမ်းပကားကြောင့်သာ ရှင်သန်နေရခြင်းဖြစ်သည်။ အမြစ်ဆိုသော အကြောင်းတရားတို့သည် မြေဆီ၊ မြေနှစ်၊ မြေဩဇာများကို ကောင်းမွန်စွာ စုပ်ယူပေးနိုင်သဖြင့် ရှင်သန်ကြီးထွား၍ အသီးအပွင့်ဝေဆာခြင်းဆိုသည့် အကျိုးတရားကိုရရှိခြင်းဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် "ဖြစ်ပြီးသော အကုသိုလ်တို့ကို ပယ်ဖို့ရန်အားထုတ်ခြင်း၊ မဖြစ်သေးသောအကုသိုလ်တို့ မဖြစ်ဖို့ရန် အားထုတ်ခြင်း၊ မဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်ခြင်းငှာ အားထုတ်ခြင်း၊ ဖြစ်ပြီးသော ကုသိုလ်တရားတို့ တိုးပွားဖို့ရန် အားထုတ်ခြင်း" သမ္မပ္ပဓာန်တရားလေးပါးကို လက်ကိုင်ထားကာ လူ့ဘဝကို လျှောက်လှမ်းစေလိုသည်။

"ပုဗ္ဗေ စ ကတ ပုညတာ"ဆိုသည့် ရှေးကပြုဖူးသော ကောင်းမှုအထူးရှိခြင်း ဂုဏ်ဒြပ်ကို ပြည့်ဝအောင် ကြိုးစားနိုင်သည်မှာ လက်ရှိဘဝတွင် ကုသိုလ်ကောင်းမှုများကို တတ်နိုင်သမျှကြိုးစားပြုလုပ်ခြင်းပင်ဖြစ်သည်။ အတိတ်တွင် မိမိတို့ပြုခဲ့သည့်ကံ (လုပ်ခဲ့သည့်အလုပ်) တို့သည် ကောင်းသည်၊ ဆိုးသည်ကို ဝေဖန်ပိုင်းခြားတတ်ရန်လိုသည်။ လက်ရှိအခြေအချိန်တွင် "ကာယကံ၊ ဝစီကံ၊ မနောကံ" ဟူသည့်ကံသုံးပါးစလုံးတွင် ကောင်းမှုတို့ဖြင့် ပြည့်နှက်နေစေရေး ကြိုးစားရမည်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအနေဖြင့် ကောင်းမှုကုသိုလ်ကံတို့ဖြင့် ပြည့်နှက်နေသည့်ဘဝကို ဖန်တီးခြင်းဖြင့် အနာဂတ်ဘဝသာယာလှပနိုင်မည်ဖြစ်ပေသည်။

**ကိုးကား**

–ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုများ၊

–နေ့စဉ်ထုတ်သတင်းစာများ။

# အမုန်းမျက်ရည် ဇာတ်လမ်းတွဲကန်တော့ပွဲပေးအခမ်းအနား ကျင်းပ



ရန်ကုန် ဩဂုတ် ၃

Royal King Production က ရိုက်ကူးထုတ်လုပ်မည့် အမုန်းမျက်ရည် ဇာတ်လမ်းတွဲကန်တော့ပွဲပေးအခမ်းအနားကို ဩဂုတ် ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်ကြီးတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ် ပါဝင်ထားသူ သရုပ်ဆောင် ထက်အောင်ရှိုင်းထံမှ သိရသည်။

အဆိုပါ အမုန်းမျက်ရည် ဇာတ်လမ်းတွဲ၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို တွဲဖက်ဒါရိုက်တာ နေခန့်ကျော်က ရေးသားထားပြီး ဒါရိုက်တာ တင်အောင်ကျော်က Royal King Production အတွက် တာဝန်ယူကာ ပုံဖော်ရိုက်ကူးသွားမည်ဟု သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီဇာတ်ကားမှာ ခပ်ကြမ်းကြမ်းဆိုးရဲ့ ကာရိုက်တာနဲ့ ပါဝင်ထားပါတယ်။ ကျွန်တော့်က ဇာတ်ကောင်ကာရိုက်တာတွေအပေါ် မူတည်ပြီး ဇာတ်လမ်းတွေ လက်ခံဖြစ်တာများပါတယ်။ ပရိသတ်အကြိုက်တွေ့စေမဲ့ ဒရာမာဇာတ်လမ်းတွဲလေးပါ" ဟု သရုပ်ဆောင် ထက်အောင်ရှိုင်းက ပြောပြသည်။

အမုန်းမျက်ရည် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ထက်အောင်ရှိုင်း၊ ရှင်မွေလ၊ ဘုန်းမင်းနေလ၊ သားညီ၊ ဘုန်းလျှံဦး၊ ဝင်းမြင့်၊ ဇင်မျိုး၊ နိုင်လူ၊ ကျော်ဇင်ထွဋ်၊ ယွန်းယွန်း၊ ယမုံမြင့်မြတ်၊ မေလသံစဉ်၊ ဘောဘီမောင်၊ ဝါဝါအောင်၊ အိမ့်ကြဖြူ၊ သူဇာပွင့်တို့ ပါဝင်မည်ဖြစ်သည်။ အဆိုပါ ဇာတ်လမ်းတွဲသည် အပိုင်း ၂၀ ပါဝင်မည်ဖြစ်ပြီး For You Cinema Channel က ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။

ASH

# Subversion ဇာတ်ကား၌ မင်းသား မိုက်ကယ်ပီနား ပါဝင်မည်ဖြစ်

နယူးယောက် ဩဂုတ် ၃

Amazon MGM ၏ Subversion လျှို့ဝှက်သည်းဖို အက်ရှင် ဇာတ်ကားတွင် မင်းသား မိုက်ကယ်ပီနား ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

Subversion ဇာတ်ကားတွင် မင်းသား မိုက်ကယ်ပီနားသည် မင်းသား ခရစ်ဟမ်းစဝပ်၊ မင်းသမီး လီလီဂျိမ်းတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၌ မင်းသား မိုက်ကယ်ပီနား သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးပေ။

Subversion ဇာတ်ကားသည် တရားမဝင် ကုန်ပစ္စည်းများကို အန္တရာယ်များသည့် ရေငုပ်သင်္ဘောတစ်စီးဖြင့် နိုင်ငံတကာရေပြင်ကို ဖြတ်၍ ပို့ဆောင်ပေးရန် ဒုစရိုက်အဖွဲ့တစ်ဖွဲ့၏ အကျပ်ကိုင်မှုခံခဲ့ရသော ရေတပ်အရာရှိတစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Subversion ဇာတ်ကားကို ဒါရိုက်တာ ပက်ထရစ်ဗိုးရက်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အင်ဒရူးဖာဂူဆန်က ရေးသားပေးထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# သုံးပန်လှ Group Art Exhibition ပန်းချီပြပွဲကို ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် ပြသလျက်ရှိ

ရန်ကုန် ဩဂုတ် ၃

သုံးပန်လှ Group Art Exhibition ပန်းချီပြပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ Artistic Space Art Gallery တွင် ဩဂုတ် ၁ ရက်က စတင်ပြသလျက်ရှိပြီး ဩဂုတ် ၅ ရက်ထိ ပြသမည်ဖြစ်ကြောင်း အဆိုပါပြပွဲတွင် ပါဝင်ပြသနေသည့် ပန်းချီ နေဆန်းက ပြောပြ၍ သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပန်းချီ ဖိလ၊ နေဆန်း၊ ရဲမြင့် (Forward)၊ မိုးကျော်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် ရေးဆွဲထားသည့် အကြောင်းအရာစုံ ပန်းချီကား ၇၀ ကျော်ကို ဩဂုတ် ၁ ရက်မှ ဩဂုတ် ၅ ရက်ထိ ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

"Artistic Space Art Gallery မှာ သုံးပန်လှလို့ အမည်ပေးထားတဲ့ Group Art Exhibition ပန်းချီ













ပြပွဲကို ပြသလျက်ရှိပါတယ်။ ဒီပြပွဲကတော့ ကျွန်တော်တို့ရဲ့ မတူညီတဲ့အမျိုးအစား၊ ရေးဟန်တွေကို ဩဂုတ် ၁ ရက်မှစတင်ကာ ဩဂုတ် ၅ ရက်ထိ မနက် ၁၀ နာရီကနေညနေ ၅ နာရီထိပြသနေတာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြပါအုံးလို့ လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်"ဟု ပန်းချီ နေဆန်းက ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆x၂၄) လက်မ၊ (၂၄x၂၄) လက်မ၊ (၁၈x၂၄) လက်မ၊ (၁၈x၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၁၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# ရက္ခခေါင်းလောင်း ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၇ ရက်မှစတင်ကာ Fortune -TV ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည်

ရန်ကုန် ဩဂုတ် ၃

Aung Thu Phyo Production Video ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရက္ခခေါင်းလောင်း ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ် ၇ ရက်မှ စတင်ကာ Fortune – TV ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင်ရန်ကျော်က ပြောပြ၍ သိရသည်။

ရက္ခခေါင်းလောင်း ရုပ်သံဇာတ်လမ်းတွဲ၏ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ထက်မြက်နိုင်ဇင်က ရေးသားထားပြီး စီစဉ်သူ စည်သူနှင့် ဒါရိုက်တာ ကိုမိုး၊ နေညီမ်းတို့က Aung Thu Phyo Production Video ထုတ်လုပ်ရေးအတွက် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက စုန်းကားလို ထိတ်လန့်သည်းဖိုပုံစံဇာတ်လမ်းပါ။ ဒီဇာတ်လမ်းကို လက်ခံဖြစ်တာက ကလေးတွေက ကျွန်တော့်ကို လေးလေးစားစားနဲ့ ဒီဇာတ်လမ်းလေးရိုက်ချင်ပါတယ်ဆိုပြီး ကမ်းလှမ်းတာကြောင့်ပါ။ ငွေကြေးတတ်နိုင်ကြတာလဲ မဟုတ်ဘူး။ သူတို့ပိုက်ဆံလေးနဲ့ သူတို့ရှင်နိုးရိုက်တဲ့အပေါ် ကိုယ်ကစာနာစိတ်နဲ့ ပါဝင်ဖြစ်တာပါ။ ကလေးတွေက တကယ့်ကို ဝါသနာပါတယ်။ ကျွန်တော့်ရဲ့ အခန်းတွေက အများကြီးမဟုတ်ဘူး။ နေရာလေးလဲ သေချာပေးထားပါတယ်။ ဒါကြောင့် ရိုက်ဖြစ်လိုက်တာပါ။ ဒီဇာတ်ကားက အောက်လမ်းတို့ ဘာတို့ဆိုတော့ ကိုယ်တိုင်လဲ စိတ်ဝင်စားတာလဲ ပါပါတယ်။ ကျွန်တော့်ကို အထက်လမ်းဆရာတစ်ယောက်နေရာက မြင်တွေ့ရမှာပါ"ဟု သရုပ်ဆောင် ရန်ကျော်က ပြောပြသည်။

ရက္ခခေါင်းလောင်း ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်ရန်ကျော်၊ ကောင်းမြတ်မိုး၊ ဒွိဂူ၊ နေရောင်အလင်း၊ ဖိုင်းထက်၊ ကိုဖြိုးမောင်မောင်၊ ရဲမာန်၊ ရွှင်ပျော်၊ ရွှေအိုး၊ နေဘုန်းခန့်၊ မုဏ်း၊ ခိုင်သင်းဦး၊ဟေမာန်အောင်အောင်၊ စန်းစန်းဝင်း၊ မျိုးမျိုး၊ မေသော်တာစိုး၊ ချစ်ခြူးယမုံ၊ ဆောင်းနှင်းဖြူနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# James Bond ဇာတ်ကားသစ်အတွက် ဇာတ်ညွှန်းကို စတီဗင်နိုက်က ရေးသားမည်

နယူးယောက် ဩဂုတ် ၃

Amazon MGM ၏ James Bond ရုပ်ရှင်ဇာတ်ကားသစ်အတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ စတီဗင်နိုက်က တာဝန်ယူ ရေးသားပေးမည်ဖြစ်ကြောင်း ဩဂုတ် ၂ ရက် သတင်းများအရ သိရသည်။

ဇာတ်ညွှန်းရေးဆရာ စတီဗင်နိုက်က နာမည်ကျော်ဗြိတိသျှ ရုပ်သံဇာတ်လမ်းတွဲ ဖြစ်သည့် Peaky Blinders ဇာတ်လမ်းတွဲကို ဖန်တီးခဲ့သူဖြစ်သည်။

Amazon MGM သည် James Bond ဇာတ်ကားများ ရိုက်ကူးထုတ်လုပ်ခွင့်ကို ရရှိခဲ့ပြီးနောက် James Bond ဇာတ်ကားသစ်ရိုက်ကူးရေးအတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

Amazon MGM ၏ James Bond ဇာတ်ကားသစ်ကို ပြင်သစ်ဒါရိုက်တာ ဒင်းနစ်ဗီလီနေ့ဗ်က တာဝန်ယူ ရိုက်ကူးပေးမည်ဖြစ်ကြောင်း သိရသည်။

James Bond ဇာတ်ကားသစ်၏ ဂျိမ်းဘွန်းဇာတ်ကောင်အပါအဝင် ဇာတ်ကောင်နေရာများအတွက် သရုပ်ဆောင်များကို Amazon MGM က ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing pays homage to ancient prominent pagodas in Bago, cordially greets pilgrims


Senior General Min Aung Hlaing accepts a Dhamma gift at the Hsutaungpyae Swetawshin Mahazedi Pagoda.


Senior General Min Aung Hlaing offers gold foils to the Hsutaungpyae Balu Yannaing Buddha Image.


Senior General Min Aung Hlaing signs the guest book of the Hsutaungpyae Shwemawdaw Pagoda.

**Nay Pyi Taw August 3**

Chairman of the State Security and Peace Commission of the Republic of the Union of Myanmar Senior General Min Aung Hlaing, accompanied by his wife Daw Kyu Kyu Hla, Joint Executive Chief General Ye Win Oo of the National Defence and Security Council and his wife, the entourage, the Bago Region Chief Minister and officials, paid homage to ancient prominent pagodas in Bago of Bago Region today.

**Hsutaungpyae Shwemawdaw Pagoda**

The Senior General and his wife, and party paid homage to Hsutaungpyae Shwemawdaw Pagoda in Bago and offered alms in the emerald alms-bowl, fruits, flowers, water and oil lights.

The Senior General and party also paid homage to Hsutaungpyae Balu Yannaing Buddha Image on the upper terrace of the pagoda and offered gold foils.

After going round the pagoda clockwise, the Senior General gave guidance to officials, saying that it is necessary to constantly maintain the pagoda and religious buildings in the precinct for long-term existence and keeping them neat and tidy for magnificence. Families of the Tatmadaw (Army, Navy and Air) will donate marble slabs to be placed on the platform of the pagoda for convenience of pilgrims. In so doing, the platform must be placed with systematic drainage facilities. And, officials were urged to supervise the work process to be completed as quickly as possible. The Senior General then cordially greeted pilgrims.

The Senior General viewed ancient Buddha images, ornaments, and utensils displayed at the historical museum of the pagoda and gave guidance on systematic preservation of these ancient objects and other measures.

The Senior General signed the guests book of the pagoda and presented cash donation for the overall renovation of the pagoda to officials who returned Dhamma gifts.

**Shwethalyaung reclining Buddha image**

The Senior General, his wife and party proceeded to Shwethalyaung reclining Buddha image called Shinpinthalyaung and paid homage. They offered flowers, water and oil lights.

The Senior General and party went round the pagoda. The Senior General gave guidance to officials for carrying out necessary maintenance to ensure strengthening of the image, *See Page 13*


Senior General Min Aung Hlaing accepts a Dhamma gift at the Shwethalyaung reclining Buddha image.


Senior General Min Aung Hlaing greets pilgrims at the Shwethalyaung reclining Buddha image.

# Chairman of State Security and Peace Commission Senior General Min Aung Hlaing inspects restoration and conservation of Kanbawzathadi Golden Palace in Bago


Senior General Min Aung Hlaing visits the Kanbawzathadi Golden Palace.


Senior General Min Aung Hlaing observes the display of excavated teak columns.

**Nay Pyi Taw August 3**

Chairman of State Security and Peace Commission of the Republic of Union of Myanmar Senior General Min Aung Hlaing, accompanied by wife Daw Kyu Kyu Hla, Joint Executive Chief of the Office of the National Defence and Security Council General Ye Win Oo and wife, members of the entourage, the Bago Region chief minister and officials, inspected restoration and conservation of ancient cultural heritage of Kanbawzathadi Golden Palace in Bago.

The Senior General and wife and party arrived at the palace and were conducted round the sites that displayed teak columns excavated from the place where the old royal audience hall was located, a painting of a royal ceremony in which respects were paid to the king, documentary photos of King Anawrahta's Thirizeyabumi Golden Palace (Bagan period), King Bayintnaung's Kanbawzathadi Golden Palace (Hanthawady period), King Alaungmintaya's Shwebonyadana Mingala Golden Palace (Konbound period), and King Mindon's Myanansankyaw Golden Palace (Yadanbon period) that were restored and reconstructed in accord with their original designs, progress in restoration and conservation of Kanbawzathadi Golden Palace, royal items of ancient Myanmar kings, conservation of royal audience hall, excavation of Kanbawzathadi Golden Palace by officials.

Regarding the presentations, the Senior General said ancient teak columns and ancient royal items displaced in the palace are invaluable historical heritages. Hence, every detail must be restored meticulously and handed over throughout the generations. Modern methods must be applied to produce high resolution photos and quality paintings. Displays must clearly reflect the support provided to race, religion, traditions and culture and fine arts during the time of ancient Myanmar monarchs, their impressive royal palaces and their power and greatness. Kanbawzathadi Golden Palace must be under constant protection and conservation for its magnificence and pleasantness., and the Hanthawady old city must be also excavated. The entire moat of the Kanbawzathadi Golden Palace must be restored.

The Senior General and party then inspected the progress in rebuilding the 16-horse-drawn royal carriage of King Bayintnaung in its original style and gave necessary guidance.

During the inspection of Theinni portcullis of the Hanthawady Wall, they heard a report on points of Bago, ancient Hanthawady, the mote and gates there are under restoration.

In response, the Senior General said the restoration of ancient cultural heritages amounts to arousing the patriotism of future generations. As they are noteworthy historical heritages, they must be restored with special care. The ancient moat circling the ancient Hanthawady must be restored and the Theinni portcullis must be erected and restored through modern methods. The environs of the moat should be turned into a peaceful and pleasant relaxing place for the public.


Senior General Min Aung Hlaing looks round in ancient Hanthawady city.

The Senior General and party looked around the Hanthawady Wall and areas along the moat and urban Bago in a motorcade, and gave instructions to ensure proper flow of Bago River, which passes through Bago, by erecting rock retaining walls.

In 915 ME (AD 1553) King Bayintnaung built a new grand palace, which had a floor area of 3400 squaremeters, 20 gates, five each at the sections facing different directions, and named it Kanbawzathadi Golden Palace. When the King passed away at the age of 66 in 943 ME (AD 1581), his son, Nanda, ascended the throne. During his reign, Hanthaway fell and the palace was burnt down. Department Archaeology conducted research on and excavation of the palace, which was buried under the rubbles for about 400 years, from the early 1990 to 1997. The excavation of the royal audience hall began on 13 December 1993 and found the brick foundations of the royal audience hall, connecting hall, and right-wing hall. Moreover, the excavators also found the remains of teak pillars and some had names of the providers. The royal audience hall, left-wing hall, right-wing hall and connecting hall were restored to their original designs based on the records of the excavated parts. The palace is now crowded with local and foreign visitors. 100

*From Page 12*

keep the image clean and pleasant for magnificence. The Senior General cordially greeted pilgrims.

The Senior General signed the guests books of the image and donated cash to the fund for overall renovation to officials who returned Dhamma gifts.

The Senior General and party visited religious objects and traditional handiworks shops in the prayer hall.

**Hsutaungpyae Swetawshin Mahazedi Pagoda**

The Senior General and party visited Hsutaungpyae Swetawshin Mahazedi Pagoda built by Hanthawady Hsinbyumyarshin King Bayintnaung who established the second Myanmar empire in Mazin Ward of Bago, paid homage and offered fruits, flowers, water and oil lights.

After signing the guests book of the pagoda, the Senior General presented cash donations for all-round renovation of the pagoda to officials who gave back Dhamma gifts.

The Senior General gave guidance to officials to constantly carry out necessary maintenance of the pagoda for long-term existence.

As today was a public holiday, prominent pagodas in Bago were packed with pilgrims from four corners of the nation. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဥရောပ Eurosam ကုမ္ပဏီက ASTER B1NT ဒုံးကျည်သစ်ကို အောင်မြင်စွာစမ်းသပ်ပစ်ခတ်နိုင်ခဲ့



ဥရောပလေကြောင်းကာကွယ်ရေးစနစ်ထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သော Eurosam သည် ဇူလိုင် ၃၀ ရက်တွင် ASTER B1 New Technology (B1NT) ဒုံးကျည်သစ်ကို အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုကို ပြင်သစ်နိုင်ငံအနောက်တောင်ပိုင်းရှိ DGA Essais de Missiles စမ်းသပ်ရေးကွင်းတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းနေရာသည် အတ္တလန္တိတ်သမုဒ္ဒရာကမ်းရိုးတန်းအနီး Nouvelle-Aquitaine ဒေသတွင်တည်ရှိသော မဟာဗျူဟာမြောက် ဒုံးကျည်စမ်းသပ်ရေးနေရာတစ်ခုဖြစ်သည်။

ဤစမ်းသပ်မှုသည် SAMP/T NG လက်နက်စနစ်၏အဓိကအစိတ်အပိုင်းဖြစ်သည့် ASTER B1NT ဒုံးကျည်၏တိုးချဲ့ပစ်ခတ်နိုင်စွမ်းကို အတည်ပြုပေးနိုင်ခဲ့ပြီး၊ ၎င်းသည် ဥရောပ၏မျိုးဆက်သစ်မြေပြင်အခြေစိုက် လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်ဖြစ်လာခဲ့သည်။ ASTER B1NT ဒုံးကျည်သည် MBDA နှင့် Thalesကုမ္ပဏီတို့ ပူးပေါင်းပိုင်ဆိုင်သော Eurosam ကုမ္ပဏီအုပ်စုမှ ထုတ်လုပ်ထားသည့် နည်းပညာအဆင့်မြင့်ဆုံး ဒုံးကျည်အမျိုးအစားဖြစ်ပြီး၊ ၎င်းကိုအဆင့်မြင့်လေကြောင်းနှင့် ပဲ့ထိန်းဒုံးကျည်ခြိမ်းခြောက်မှုများကို တန်ပြန်ရန် အထူးထုတ်လုပ်ထားသည်။

ASTER B1NT ဒုံးကျည်၏ အဓိကတိုးတက်မှုများတွင် Thales ကုမ္ပဏီမှ ထုတ်လုပ်သည့် ရေဒါစနစ်သစ်ပါဝင်ပြီး၊ ၎င်းသည် ပစ်မှတ်ခြေရာခံခြင်း၊ ပစ်မှတ်ခွဲခြားသတ်မှတ်ခြင်းနှင့် အီလက်ထရွန်နစ်တန်ပြန်တိုက်ခိုက်မှုများအား တွန်းလှန်နိုင်စွမ်းကို သိသိသာသာမြှင့်တင်ပေးသည်။ ဒုံးကျည်တွင် အဆင့်မြင့်ကွန်ပျူတာစနစ်များနှင့် လမ်းညွှန်မှုနည်းလမ်းများလည်း ထည့်သွင်းထားသောကြောင့် ယခင် ASTER 30 Block 1 ထက် ပိုမိုရှုပ်ထွေးသော ခြိမ်းခြောက်မှုများကို တာဝေးနှင့်အမြင့်အတော်များများနေ၍ တားဆီးပစ်ချနိုင်စွမ်းရှိမည်ဖြစ်သည်။

ASTER B1NT ဒုံးကျည်၏ အမြင့်ဆုံးပစ်ခတ်နိုင်သည့်အကွာအဝေးမှာ ကီလိုမီတာ ၁၅၀ ခန့်ရှိသည်ဟုခန့်မှန်းထားပြီး အရှိန်ပြင်းစွာဖြင့် ပျံသန်းဝင်ရောက်လာနိုင်သည့် တာတိုပစ်ပဲ့ထိန်းဒုံးကျည်များ၊ ရေဒါဖမ်းမမိအောင် ဖန်တီးထားသည့်ကိုယ်ပျောက်လေယာဉ်များနှင့် ခရုဇ် ဒုံးကျည်များကိုပါ တားဆီးပစ်ချနိုင်သည်။ ၎င်း၏အဆင့်မြှင့်ထားသော တွန်းကန်အားစနစ်(အင်ဂျင်)နှင့် ထိန်းချုပ်ရေးစနစ်များသည် နောက်ဆုံးတိုက်ခိုက်မှုအဆင့်တွင် လှုပ်ရှားစစ်ကစားနိုင်စွမ်းရှိသည့်အတွက် မြန်နှုန်းမြင့် ပစ်မှတ်များကိုပါ တိုက်ခိုက်ချေမှုန်းနိုင်မည်ဖြစ်သည်။

ဤဒုံးကျည်ကို ပြင်သစ်နှင့် အီတလီတပ်ဖွဲ့များ လက်ရှိအသုံးပြုနေသော SAMP/T လေကြောင်းရန်ကာကွယ်ရေးစနစ်နေရာတွင် အစားထိုးမည့် SAMP/T NG စနစ်တွင်တပ်ဆင်ပစ်ခတ်၊ အသုံးပြုရန်ရည်ရွယ်ထားသည်။ SAMP/T NG စနစ်တွင် အဆင့်မြင့်ဘက်စုံသုံးရေဒါစနစ်၊ ဒေတာပေါင်းစပ်နိုင်သော ဒစ်ဂျစ်တယ်ထိန်းချုပ်စနစ်တို့ပါဝင်ပြီး လျင်မြန်စွာတပ်ဖြန့်နေရာချထားနိုင်မည်ဖြစ်သည်။ ASTER B1NT ဒုံးကျည်ကို ဤစနစ်ထဲသို့ ပေါင်းစည်းအသုံးပြုနိုင်ခြင်းသည် NATO ၏လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်များနှင့် ချောမွေ့စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် ခိုင်မာသောဖြေရှင်းချက်တစ်ခုကို အာမခံပေးနိုင်လိမ့်မည်ဖြစ်သည်။

စမ်းသပ်မှုများ အောင်မြင်စွာပြုလုပ်နိုင်ခဲ့ပြီးနောက် ပြင်သစ်လေတပ်၊ အီတလီကြည်းတပ်နှင့် အီတလီလေတပ်တို့ထံသို့ ဤဒုံးကျည်သစ်များကိုလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပြီး ဥရောပ၏ လေပိုင်နက်လုံခြုံရေးကို သိသိသာသာ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ASTER B1NT ဒုံးကျည်ကို ကြည်းတပ်နှင့်ရေတပ်နှစ်ခုစလုံးအတွက် အသုံးပြုနိုင်ခြင်းသည် ဥရောပကာကွယ်ရေးစနစ်များ၏ ခိုင်မာအားကောင်းမှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကာ ဘက်ပေါင်းစုံမှ လေကြောင်းနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများကို တညီတညွတ်တည်း တန်ပြန်ချေမှုန်းနိုင်ရန် အာမခံချက်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

**Eurosam new Aster B1NT missile proves long-range air defense capability with second successful live-firing test.ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်က နေရောင်ခြည်စွမ်းအင်သုံး အလိုအလျောက် ပျံသန်းနိုင်သော မောင်းသူမဲ့လေယာဉ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့

အမေရိကန်နိုင်ငံ Skydweller Aero ကုမ္ပဏီသည် နေရောင်ခြည်စွမ်းအင်သုံး အလိုအလျောက်ပျံသန်းနိုင်သော မောင်းသူမဲ့လေယာဉ်ကို အမေရိကန်ရေတပ်တွင် အသုံးပြုရန်အတွက် အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုအတွင်း မောင်းသူမဲ့လေယာဉ်စနစ်သည် မစ္စစ္စပီပြည်နယ်၊ Stennis မြို့ပေါ်တွင် နေရောင်ခြည်စွမ်းအင်ကိုအသုံးပြု၍ လေထဲတွင်အချိန်ကြာကြာ ပျံသန်းနေနိုင်ခဲ့ကြောင်း၊ ရေကြောင်းဆိုင်ရာထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်ရေး တာဝန်များတွင် အဆိုပါ မောင်းသူမဲ့လေယာဉ်စနစ်၏ စွမ်းဆောင်ရည်ကို သက်သေပြနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ ၎င်းစမ်းသပ်မှုကို ၇၃ နာရီကြာ ပျံသန်းမှုလုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ပြီး လေထဲတွင် အချိန်ကြာမြင့်စွာ ပျံသန်းနိုင်ရန်အတွက် လိုအပ်သော စွမ်းအင် သတ်မှတ်ချက်များအတိုင်း ပြည့်မီခဲ့ကြောင်း သိရသည်။

ထို့ပြင် ဆက်သွယ်ရေးချိတ်ဆက်မှုများ၊ ပြင်ပအထောက်အပံ့များမပါဘဲ အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ချက်ချမှတ်နိုင်မှုနှင့် လေပြင်းထန်သော ရာသီဥတုအခြေအနေများတွင်ပါ မောင်းသူမဲ့လေယာဉ်၏စွမ်းဆောင်ရည်များကို အကဲဖြတ်ဆန်းစစ်နိုင်ခဲ့ကြောင်း သိရသည်။

အမေရိကန်စစ်ဘက် ရေတပ်လေကြောင်းစနစ်များ ပျံသန်းစမ်းသပ်မှု ပူးပေါင်းဆောင်ရွက်ရေး ရေတပ်လေကြောင်းစစ်ဆင်ရေး လေယာဉ်တပ်မဌာနချုပ် (NAWCAD)၏အဆိုအရ Skydweller Aero ကုမ္ပဏီ၏ နေရောင်ခြည်စွမ်းအင်သုံး အလိုအလျောက်ပျံသန်းနိုင်သော မောင်းသူမဲ့လေယာဉ်ကို ၂၀၂၀ ပြည့်နှစ်ကတည်းက စတင်အကဲဖြတ်စမ်းသပ်နိုင်ခဲ့ကြောင်း သိရသည်။ NAWCAD ၏ မောင်းသူမဲ့လေယာဉ်စနစ်ဆိုင်ရာအကြီးအကဲ Bill Macchioneက "Skydweller UAS ကို ရေတပ်ရဲ့စောင့်ကြည့်ရေးနှင့် ကင်းထောက်ရေး ကွန်ရက်ထဲပေါင်းစပ်လိုက်ခြင်းဟာ ကျွန်တော်တို့ပိုင်ဆိုင်မှုအားလုံးရဲ့ စွမ်းဆောင်ရည်တွေကို အမြင့်ဆုံးထိမြှင့်တင်ပေးနိုင်တဲ့ အလွှာလိုက် ကာကွယ်ရေးကွန်ရက်တစ်ခုကို ဖန်တီးပေးပါတယ်။ ဒီပူးပေါင်းဆောင်ရွက်မှုနည်းလမ်းက မှန်ကန်တဲ့ လုပ်ဆောင်ချက်အတွက် မှန်ကန်တဲ့ နေရာတွေမှာ အသုံးပြုနိုင်စေမှာဖြစ်ပြီး၊ ကျွန်တော်တို့ရဲ့အရင်းအမြစ်တွေကို အကောင်းဆုံးအသုံးချကာ ရေကြောင်းဆိုင်ရာ ကြိုတင်သတိပေးနိုင်စွမ်းကို မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်" ဟု ပြောကြားသွားခဲ့သည်။



Skydweller မောင်းသူမဲ့လေယာဉ်စနစ်သည် အလျား ၇၂ ပေ၊ တောင်ပံအကျယ် ၂၃၆ ပေ ရှိပြီး အလေးချိန် ၅၆၂၀ ပေါင်ရှိသည်။ ကိုယ်ထည်ကို ကာဗွန်ဖိုင်ဘာအစိတ်အပိုင်းများနှင့် အဓိကတည်ဆောက်ထားပြီး payload အလေးချိန် ၃၆၃ ကီလိုဂရမ်ထိ သယ်ဆောင်နိုင်စွမ်းရှိသည်။ ၎င်းကို နေရောင်ခြည်စွမ်းအင်သုံးဆိုလာပြားများဖြင့် ညဘက်နှင့် အလင်းရောင်နည်းပါးသောအခြေအနေမျိုး၌ပင် ရည်မှန်းချက်တာဝန်များ ထမ်းဆောင်နိုင်ရန် အရန်ဘက်ထရီများ တပ်ဆင်ထားသည်။ မောင်းသူမဲ့လေယာဉ်သည် အမြင့်ဆုံးအလျင်နှုန်း တစ်နာရီရေမိုင် ၁၀၀(တစ်နာရီ ၁၁၅ မိုင်/ ၁၈၅ ကီလိုမီတာ) ထိ ပျံသန်းနိုင်ပြီး၊ အမြင့်ပေ ၄၅၀၀၀ ထိ ပျံသန်းနိုင်စွမ်းရှိမည်ဖြစ်ကြောင်း သိရသည်။

**Skydweller Solar Drone Completes Endurance Flight in US Navy Test ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၅၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဩဂုတ် ၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၅၅၁၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် မြေပဲဧက ၉၈၀၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၅၁၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ မြေပဲဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ မြေပဲအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ်နှစ်သိန်းကျော် ကုန်ကျစရိတ်ရှိပြီး တစ်ဧကစိုက်ပျိုးပါက တင်း ၅၀ ကျော်ထွက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ပန်းတနော်မြို့နယ်မှ ကွမ်းရွက်များ အရောင်းအဝယ်ကောင်းမွန်နေ



**ပန်းတနော် ဩဂုတ် ၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ဒေသထွက် ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ ဇူလိုင်လ တတိယပတ်မှ ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသထွက်ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း သိရသည်။

"လက်ရှိ ကွမ်းရွက်တွေက ဒေသတွင်းမှာကို အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ ကွမ်းရွက်တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ဒေသထွက်ကွမ်းရွက်တွေကို ဒေသဈေးအပြင် အခြားဒေသတွေက ဝယ်ယူတာများနေလို့ အရောင်းအဝယ်ကောင်းနေတာပါ။ ဒီဘက်က ကွမ်းရွက် အရောင်းအဝယ်လုပ်ကိုင်သူတွေက ဒေသထွက်ကွမ်းရွက်တွေကို မှာယူတဲ့ဒေသထိ လိုက်လံပို့ပေးတာပါ။ ဒေသထွက် ကွမ်းရွက်တွေကို အရောင်းအဝယ်လုပ်ရတော့ အခက်အခဲမရှိပါဘူး"ဟု ပန်းတနော်မြို့နယ်မှ ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ကွမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ကွမ်းရွက်များကို အခြားဒေသများသို့ တင်ပို့ရောင်းချနေကြောင်း၊ အဆိုပါ ကွမ်းရွက်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလာကြောင်း ပန်းတနော်မြို့နယ်မှ ကွမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဌေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ RBFလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း ဩဂုတ် ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက၂၀၂၄-၂၀၂၅ခု ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) ဖြင့် မိုင်းလွေကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မိုင်းလွေကျေးရွာ၌ ဒေသကျွဲနှင့်နွား မွေးမြူထားရှိဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF)နှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ RBF စီမံကိန်းခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ ဖြင့် စံပြအဖွဲ့၊ အနာဂတ်ဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့်ရွှေနမ့်လွေအဖွဲ့ စသည့် အစုအဖွဲ့လေးဖွဲ့တို့မှ မွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**




# မင်းလှမြို့နယ် ရေခါးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်



**မင်းလှ ဩဂုတ် ၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှက ရေခါးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်းမူဘောင်များ၊ ကျေးရွာပြည်သူလူထုမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဝင်များ ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် အရည်အချင်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ ထမ်းဆောင်ရမည့်တာဝန်များ၊ ခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ ကျေးရွာကော်မတီဝင် ခုနစ်ဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရေခါးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**







ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဖူးမြော်ကြည်ညိုကာ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။

ရှေ့ဖုံးမှအဆက်

ဘုရားဖူးလာ မိဘပြည်သူများ နေပူဒဏ် သက်သာစွာဖြင့် ဘုရားဖူးမြော်ကြည်ညို နိုင်ရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက စေတီတော်ရင်ပြင်တော်အပြည့် စကျင်ကျောက်ပြား ခင်းကျင်းလှူဒါန်းပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ရေဝင်၊ ရေထွက်နေရာများ စနစ်တကျပါရှိစေရေး ဆောင်ရွက်သွားရန်လိုကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုများအား အမြန်ဆုံးပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်ပေးသွားရန်လိုကြောင်းဖြင့် မှာကြားခဲ့ပြီး ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ယင်းနောက် ရွှေမော်ဓောစေတီတော် သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းလက်ရာ ဗုဒ္ဓရုပ်ပွားတော်များ၊ လက်ဝတ်ရတနာများ၊ အသုံးအဆောင်ပစ္စည်းများကိုကြည့်ရှုပြီး စနစ်တကျထိန်းသိမ်းကြရန်နှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးအတွင်း၌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆုတောင်းပြည့် စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် "ရှင်ပင်သာလျောင်း"ခေါ် "ရွှေသာလျောင်း"ရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ဆိုလာနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ထုတ်လုပ်မည့်စက်ရုံကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ New Stellar Energy MM Co.,Ltd ၏ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် စက်တပ်ဆင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အချိန်မီ





ပြီးစီးရေး၊ စနစ်တကျရှိရေး၊ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် အနီးကပ်ကြီးကြပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် Check List များ ပြုစုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများသည် ပြည်ပမှတင်သွင်းသည့် အလားတူပစ္စည်းများနှင့် ဈေးကွက်အတွင်း၌ ဈေးနှုန်း၊ အရည်အသွေးများ ယှဉ်ပြိုင်ရောင်းချနိုင်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးအခြေခံ၍ စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုး

စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်များပြန်လည်ပေးအပ်သည်။

## ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး

ဆက်လက်ပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် "ရှင်ပင်သာလျောင်း" ခေါ် "ရွှေသာလျောင်း" ရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုပြီး ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပပြီး လာရောက်ဖူးမြော်သူများ ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေး လိုအပ်သည့် ပြုပြင်ထိန်းသိမ်းမှုများကို အမြဲမပြတ်ဆောင်ရွက်ရန် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ဘုရားဖူးလာပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။ ယင်းနောက် ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်ပြန်လည်ပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အာရုံခံတန်ဆောင်းအတွင်းရှိ သာသနာရေးဆိုင်ရာပစ္စည်းများနှင့် ရှေးရာလက်မှုပစ္စည်းအရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

## ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီး

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပဲခူးမြို့ မဇင်းရပ်ကွက်ရှိ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်တော်မူခဲ့သော ဟံသာဝတီဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီး ကိုယ်တော်တိုင် တည်ထားကိုးကွယ်ခဲ့သည့် ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကာ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော် သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းလက်ရာဗုဒ္ဓရုပ်ပွားတော်များ၊ လက်ဝတ်ရတနာများနှင့် အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုစဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက စေတီတော်မြတ်ကြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်သည်။ ထို့နောက် စေတီတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဓမ္မလက်ဆောင်များပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် ပြုပြင်မွမ်းမံထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယနေ့သည် အများပြည်သူရုံးပိတ်ရက် ဘုရားစေတီများ၌ အနယ်နယ်အရပ်ရပ်မှ များပြားလျက်ရှိကြောင်း သတင်းဖြစ်သည်နှင့်အညီ ပဲခူးမြို့ရှိ တန်ခိုးကြီး ဘုရားဖူးလာပြည်သူများဖြင့် စည်ကား ရှိသည်။ (၅၀၁)

---

တိုးတက်အောင် တွန်းအားပေးဆောင်ရွက်လျက်ရှိ၍ စိုက်ပျိုးရေရရှိရေး၊ ထွက်ရှိလာသည့် သီးနှံများအခြောက်ခံသည့်လုပ်ငန်းစဉ်များတွင် ဆိုလာများကို အသုံးပြုလျက်ရှိကြောင်း၊ ထို့ကြောင့် ဆိုလာများတပ်ဆင်ထုတ်လုပ်သည့်လုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားပြီး ကုမ္ပဏီတာဝန်ရှိသူများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့်စက်ရုံ တည်ဆောက်နေမှု၊ လျှပ်စစ်သုံးမော်တော်ယာဉ်များအား SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်မည့် စက်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးသည်။

New Stellar Energy MM Co.,Ltd ၏ ဆိုလာနှင့်ဆက်စပ်ပစ္စည်းများ တပ်ဆင်ထုတ်လုပ်မည့်စက်ရုံကို ဇူလိုင် ၂၅ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် စတင်ထုတ်လုပ်နိုင်ရေး ဦးတည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်းနှင့် စက်ရုံတည်ဆောက်ပြီးစီးပါက Solar Panel, Inverter, Battery, PV Bracket များကို အရည်အသွေးပြည့်မီအောင် တပ်ဆင် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် အသိပေးကြေညာချက်

၁။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် အခြားပြည်ပနိုင်ငံများမှ ခွင့်ဖြင့်ဝင်ရောက်လာပြီး ပြန်လည်ထွက်ခွာမည့်သူများကိုလည်းကောင်း၊ မိမိအစီအစဉ် ကျွမ်းကျင်လုပ်သားအဖြစ်လည်းကောင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများကိုလည်းကောင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ်လတွင် လုပ်သား ၃၂၆၄ ဦးနှင့် ၁-၄-၂၀၂၅ ရက်နေ့တွင် ၅၉ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါသည်။

၂။ ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အဆောက်အအုံနှင့် ရုံးခန်းများ ထိခိုက်ပျက်စီးခဲ့သော်လည်း ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်မည့်သူများကို သွားရောက်အလုပ်လုပ်ကိုင်မည့် အမျိုးအစားအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် SOP များနှင့်အညီ ၁-၄-၂၀၂၅ ရက်နေ့မှစ၍ စိစစ်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးအပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘုရင့်နောင်မင်းတရားကြီး စီးနင်းအသုံးပြုခဲ့သည့် မြင်း ၁၆ ကောင် ကသောရထားတော်ကြီး မူလအရွယ်အစားပုံစံတူပြဆောင်ကို ရှေးမူမပျက်ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘောဇသာဒီရွှေနန်းတော်အတွင်း မြေနန်းပြာသာဒ်ဆောင်နေရာမှ တူးဖော်ရရှိသည့် ကျွန်းတိုင်လုံးကြီးများ ပြသထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

☆ **ကျောဖုံးမှအဆက်**

ရေးဆွဲပြသထားရှိမှု၊ အနော်ရထာမင်းတရားကြီး၏ သီရိဇေယျဘူမိ ရွှေနန်းတော် (ပုဂံခေတ်)၊ ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီရွှေနန်းတော် (ဟံသာဝတီခေတ်)၊ အလောင်းမင်းတရားကြီး၏ ရွှေဘုံရတနာမင်္ဂလာရွှေနန်းတော် (ကုန်းဘောင်ခေတ်)၊ မင်းတုန်းမင်းတရားကြီး၏ မြနန်းစံကျော်ရွှေနန်းတော် (ရတနာပုံခေတ်) စသည့် နန်းတော်ကြီးများကို နဂိုမူလပုံစံအတိုင်း တည်ဆောက်ပြုပြင်ထိန်းသိမ်းထားရှိမှု မှတ်တမ်းဓာတ်ပုံများ၊ ကမ္ဘောဇသာဒီရွှေနန်းတော်ကို ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရှေးဘုရင်များအသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ ပြသထားရှိမှု၊ မြေနန်းပြာသာဒ်တော်ကြီး ထိန်းသိမ်းထားရှိမှု၊ ကမ္ဘောဇသာဒီရွှေနန်းတော်ကို ပြန်လည်ဖော်ထုတ်ခြင်း မှတ်တမ်းဓာတ်ပုံများပြသထားရှိမှု စသည့်ပြခန်းအသီးသီးကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအတွင်း ခင်းကျင်းပြသထားရှိသည့် ရှေးဟောင်းကျွန်းလုံးတိုင်ကြီးများ၊ ရှေးဘုရင်များ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ ပြသထားရှိမှု၊ သမိုင်းကြောင်း အထောက်အထားများသည် ငွေကြေးဖြင့် တန်ဖိုးဖြတ်၍မရနိုင်သည့် အဖိုးတန် အမွေအနှစ်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသေးစိတ်စနစ်တကျဖြင့် တန်ဖိုးထားလက်ဆင့်ကမ်းထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း၊ ဓာတ်ပုံများ၊ ပန်းချီများကိုလည်း ခေတ်မီနည်းပညာများအသုံးပြု၍ ကြည်လင်ပြတ်သားမှုနှင့် ဓာတ်ပုံအရည်အသွေး ကောင်းမွန်မှုရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရှေးမြန်မာမင်းတို့လက်ထက် မြန်မာနိုင်ငံတော်၏ အမျိုးဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ၊ အနုသုခုမပညာရပ်များ၊ ဘုရင့်နန်းတော်ကြီးများ၏ ကြီးကျယ်ခမ်းနားစွာဖြင့် တည်ဆောက်ထားရှိမှုများနှင့် ဩဇာတိက္ကမကြီးမားကျယ်ပြန့်ခဲ့မှုများကို ပုံပေါ်အောင်ခင်းကျင်းပြသထိန်းသိမ်းသွားရန်လိုကြောင်း၊ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအတွင်း သန့်ရှင်းသာယာလှပစေရေး အမြဲမပြတ်ထိန်းသိမ်းဆောင်ရွက်နေရမည်ကြောင်း၊ အလားတူ ဟံသာဝတီမြို့တော်ဟောင်း နေရာကို ပြန်လည်ဖော်ထုတ် ထိန်းသိမ်းနိုင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဟံသာဝတီမြို့ဟောင်း ကမ္ဘောဇသာဒီနန်းတော်၏ ကျုံးကိုလည်း တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်မင်းတရားကြီး စီးနင်းအသုံးပြုခဲ့သည့် မြင်း ၁၆ ကောင် ကသောရထားတော်ကြီး မူလအရွယ်အစား ပုံစံတူပြဆောင်ကို ရှေးမူမပျက် ပြန်လည်တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟံသာဝတီမြို့ရိုးရှိ သိန္နိတံခါးနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဟံသာဝတီမြို့ရိုးရှိ သိန္နိတံခါးနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပဲခူးမြို့ ဟံသာဝတီမြို့ဟောင်း၊ ကျုံး၊ မြို့ရိုးနှင့် မြို့တံခါးများဆိုင်ရာ အချက်အလက်များနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ ဟံသာဝတီမြို့ဟောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို မိမိတို့အနေဖြင့် ရှေးမူမပျက်စေဘဲ ပြန်လည်ထိန်းသိမ်းဆောင်ရွက်ထားရှိခြင်းသည် အနာဂတ်လူငယ်များအနေဖြင့် မျိုးချစ်စိတ်ဓာတ်များ ပိုမိုထွန်းကားလာအောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်၍ ရှေးဟောင်းသမိုင်းဝင်

**စာမျက်နှာ ၁၉ သို့**

# ဆင်သေဆည်ရေသောက်စနစ်အတွင်း ယခုနှစ် မိုးစပါး ၈၄၈၆ ဧကနှင့် မိုးသီးနှံ ၃၁၂၃ ဧက စိုက်ပျိုးရန်လျာထား

**နေပြည်တော် ဩဂုတ် ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေဆည်ရေသောက်စနစ်အတွင်း ယခုနှစ် လျာထားမိုးစပါး ၈၄၈၆ ဧကနှင့် မိုးသီးနှံ ၃၁၂၃ ဧက အပြည့်အဝစိုက်ပျိုးနိုင်ရန် ရေသောက်စနစ်အတွင်း စိုက်ပျိုးရေ အဆင်ပြေချောမွေ့စွာပေးဝေနိုင်ရေး စီမံဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ယာယီ ရေသွယ်မြောင်းများအတွင်း ဝင်ရောက်လျက်ရှိသည့် သဲနုန်းများ ရှင်းလင်းဖယ်ရှားနေမှုနှင့် နုန်းဖမ်းတာ တည်ဆောက်ရန် ဆောင်ရွက်နေမှု၊ မိုးစပါး နွေစပါးစိုက်ပျိုးခြင်းအတွက် ဆက်လက် ရေပေးဝေနိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သဲနုန်းတူးဖော်ခြင်း၊ ယာယီနုန်းထိန်းကန် တည်ဆောက်ခြင်း၊ လိုအပ်သော တူးမြောင်းအဆောက်အအုံ လုပ်ငန်းများကို သတ်မှတ်ကာလအချိန်မီ ပြီးစီးရေး၊ ရေလွှဲဆည်အသစ်တည်ဆောက်ရာတွင် ရေရှည်တည်တံ့စွာအသုံးပြုနိုင်သည့် ဒီဇိုင်းပုံစံနှင့် တည်ဆောက်မှုလုပ်ငန်း ဖြစ်စေရေးဆွေးနွေးမှာကြားပြီး ဆင်သေရေလွှဲဆည်အသစ် တည်ဆောက်ရန် လျာထားရွေးချယ်ထားသော နေရာကို ကြည့်ရှုစစ်ဆေးကာ လေ့လာဆန်းစစ်ချက်များ ပြီးစီးပြီဖြစ်၍ အသစ်ရေးဆွဲသောဒီဇိုင်းကို ဩဂုတ်လအတွင်း ပြီးမြောက်အောင်ရေးဆွဲ၍ အတည်ပြုချက် ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

မန္တလေးလျှောင်ကြီး လှုပ်ခတ်မှုကြောင့် ဆင်သေရေလွှဲဆည်၏ ပင်မတမံ (Head Work) တစ်ခုလုံး ထိခိုက်ပျက်စီးခဲ့သဖြင့် ရေသောက်စနစ်အတွင်းရှိ မိုးစပါး၊ နွေစပါး စိုက်ပျိုးခြင်းအတွက် ရေပေးဝေရာ၌ စနစ်တကျရေစီမံခန့်ခွဲမှုပြုလုပ်နိုင်ရန် ဆင်သေရေလွှဲဆည်အသစ်တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိရာ ဆင်သေရေလွှဲဆည်အသစ်မတည်ဆောက်မီနှင့် လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း ရေသောက်စနစ်အတွင်း ယာယီအစီအစဉ်ဖြင့် စိုက်ပျိုးရေပေးဝေရမည်ဖြစ်၍ ရေလွှဲဆည်၏ Under Sluice အပိုင်း၊ ရေခေါ်မြောင်းများအပိုင်းနှင့် ရေသောက်စနစ်အပိုင်းများကို လိုအပ်သည့်နေရာများ၌ ပြုပြင်ခြင်း၊ Structure များ တည်ဆောက်ခြင်း၊ သဲနုန်းတူးဖော်ခြင်းနှင့် ရေသွားလမ်းရှင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ် ကျောက်ဆည်ရွာအနီးရှိ ကင်းသာရေထိန်းတမံသို့သွားရောက်၍ တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် တမံကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားလျက်ရှိ



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံနေမှုကို တွေ့ရစဉ်။



တပ်မတော်သားဆရာဝန်များနှင့် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများကို တစ်နှစ်နီးပါးပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကိုပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက်ပညာသင်ကြားနိုင်ရေးဆောင်ရွက်ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၂ ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား၊ ကျောင်းသူဦးရေ ၄၉၀ ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၄၄၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ တူးဖော်ပေးခြင်းများ ဆောင်ရွက်ပေးသည်။

၎င်းအပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ အဖျားရောဂါနှင့် အထွေထွေရောဂါများဖြင့် ဒေသခံတိုင်းရင်းသားပြည်သူ အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၆၆ ဦး စုစုပေါင်း ၁၀၈ ဦးတို့ကို တပ်မတော်သားဆရာဝန်များနှင့် ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**စာမျက်နှာ ၁၈ မှအဆက်**

အထင်ကရ အမွေအနှစ်များဖြစ်သည့်အတွက် စနစ်တကျဖြင့် ပုံစံတကျဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဟံသာဝတီမြို့ဟောင်းမြို့ရိုးတစ်လျှောက်တွင် ရှေးယခင်ကတည်းကရှိပြီးဖြစ်သည့် ရှေးဟောင်းကျုံးနေရာများကို ပြန်လည်တူးဖော်ထိန်းသိမ်းသွားရန်လိုကြောင်း၊ သိန္ဓိတံခါးရှိ တံတားကိုလည်း ခေတ်မီနည်းပညာများ အသုံးပြု၍ ရှေးမူလက်ရာများအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်သွားရန် လိုကြောင်း၊ ကျုံးဘေးဝန်းကျင်၌ ပြည်သူများ အေးချမ်းစွာဖြင့် အနားယူအပန်းဖြေရန်နေရာများ၊ ကိုယ်လက်ကြံ့ခိုင်ရေး ဆောင်ရွက်နိုင်သည့် နေရာများကို ဆောင်ရွက်ပေးသွားရန် လိုအပ်သကဲ့သို့ ကျုံးဘေး၌ မျက်စိပသာဒဖြစ်စေရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဟံသာဝတီမြို့ရိုးနှင့် ကျုံးဘေးတစ်လျှောက်နှင့် ပဲခူးမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ပဲခူးမြို့အတွင်း ဖြတ်သန်းစီးဆင်းသွားသည့် ပဲခူးမြစ်ကို ကျောက်စီနံရံများပြုလုပ်၍ ရေစီးဆင်းမှုများကောင်းမွန်စေရေး စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့သည်။

မြန်မာသက္ကရာဇ် ၉၁၅ (အေဒီ ၁၅၅၃) ခုနှစ်တွင် ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီဒေသ၌ အကျယ်အဝန်း စတုရန်းမီတာ ၃၄၀၀ ရှိကာ မြို့ရိုးပတ်လည်တစ်ဖက်တစ်ချက်စီတွင် မြို့တံခါးငါးပေါက်ပါရှိပြီး စုစုပေါင်းမြို့တံခါး ၂၀ ဖြင့် တည်ဆောက်ထားသည့် ကြီးကျယ်ခမ်းနားသည့် နန်းတော်သစ်တစ်ခုကို တည်ဆောက်ခဲ့ပြီး "ကမ္ဘောဇသာဒီ" ဟု ခေါ်တွင်စေခဲ့ကြောင်း၊ မြန်မာသက္ကရာဇ် ၉၄၃ ခုနှစ် (အေဒီ ၁၅၈၁)ခုနှစ် သက်တော် ၆၆ နှစ်တွင် ဘုရင့်နောင်မင်းတရားကြီး နတ်ရွာစံခဲ့ပြီး သားတော် နန္ဒဘုရင်လက်ထက်တွင် ဟံသာဝတီမြို့ပျက်စီးခဲ့ရကာ "ကမ္ဘောဇသာဒီ" နန်းတော်ကြီးမှာလည်း မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း၊ ထို့နောက် နှစ်ပေါင်း ၄၀၀ ကျော်ခန့် အပျက်အစီးများအောက်တွင် တိမ်မြုပ်ပျောက်ကွယ်ခဲ့ရသည့် "ကမ္ဘောဇသာဒီ" နန်းတော်ကြီးကို ရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၉၀ ပြည့်နှစ်နှစ်ဆန်းပိုင်းမှ ၁၉၉၇ ခုနှစ်ထိ သုတေသနပြုတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မြေနန်းပြာသာဒ်ဆောင်နေရာကို ၁၉၉၃ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် စတင်သုတေသနပြုတူးဖော်ခဲ့ရာ မြေနန်းပြာသာဒ်ဆောင်၊ စနုဆောင်၊ လက်ဝဲဝင်းဆောင်နှင့် လက်ယာဝင်းဆောင်တို့၏ အုတ်ခုံပန္နက်များကို တွေ့ရှိခဲ့ကြောင်း၊ အဆိုပါနေရာများမှ ကျွန်းတိုင်လုံး အကြွင်းအကျန်များကို တွေ့ရှိခဲ့ရပြီး အချို့ကျွန်းတိုင်များတွင် ပေးပို့ဆက်သသူများ၏ အမည်များကို ရေးထိုးထားသည်ကို တွေ့ရှိရကြောင်း၊ ဘုရင့်နောင်မင်းတရားကြီး၏ မြေနန်းပြာသာဒ်ဆောင်၊ လက်ဝဲဝင်းဆောင်၊ လက်ယာဝင်းဆောင်နှင့် စနုဆောင်တို့ကို ပုံစံတူပြန်လည်တည်ဆောက်ရေးအတွက် တူးဖော်တွေ့ရှိရသည့် ပန္နက်ပုံ၊ မှတ်တမ်း အထောက်အထားများနှင့် ညှိနှိုင်း၍ ပုံစံတူပြန်လည်တည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် ပြည်တွင်း၊ ပြည်ပမှ လာရောက်လေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲကျင်းပ



တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် စိုက်ထူလှူဒါန်းပွဲကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၃**

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့်စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ပဲ၊ဆေးနှင့်ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ မဟာဓမ္မိကာရာမအုန်းတောကျောင်းတိုက်၌ပြုလုပ်ရာ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယ ပုဗ္ဗသီရိမြို့ အောင်စည်သာပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစက္ခဏအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ဩဝါဒါစရိယ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့်စေတနာရှင် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့်ဆီ၊ဆား၊ပဲ၊ဆေးများအား ဆရာတော်အရှင်သူမြတ်များထံ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့၊ မဟာဓမ္မိကာရာမအုန်းတောကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တတိသထံမှ သာဓုအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နေပြည်တော် ပျဉ်းမနားမြို့နယ် ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၁၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေ ၂၃၆ သိန်း ၈ သောင်း ၈ ထောင်ကျပ်၊ ဆန် ၁၁၇၇ အိတ် သုံးပြည်၊ ဆီ ၃၈၄ ဒသမ ၈၀ ပိဿာ၊ ဆား ၃၁၉၈ ပိဿာ၊ ပဲ ၃၁၉၈ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၁၂၀၆ ဘူး၊ နိုင်ငံခြားဆေးမျိုးစုံ နှစ်ခြင်း၊ သွားတိုက်ဆေး၊သွားတိုက်တံ ခြောက်ဖာတို့ကို လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



ဆရာတော်ထံ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများအား ဆက်ကပ်လှူဒါန်းစဉ်။

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၂၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဩဂုတ် ၃**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကိုပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်း ဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၄ ရက်မှ ၁၀ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၂၄၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

ဦးကျော်ညွန့်(ရေနံချောင်း)

## "တက်လူတေးသံ"

* ကြက်ဖသာလျှင်
အရုဏ်ရောင်လှ ဝင်းဝါကြ၏။
* ဥသြသာလျှင်
ရာသီနွေလ ဖူးပွင့်ကြ၏။
* ဖားငယ်သာလျှင်
အာကာမိုးက မိုးရွာကြ၏။
* တက်လူသာလျှင်
မြန်မာပြည်လှ အားသစ်ရ၍
ဇေယျအောင်လံ ထူမည်တည်း။

ဇော်ဂျီ

(အိုးဝေမဂ္ဂဇင်း၊ ဒီဇင်ဘာလ၊ ၁၉၃၅ ခုနှစ်)

ယနေ့ကျောင်းနေအရွယ်မောင်မယ်တို့သည် တက်လူငယ်များဖြစ်ကြသည်။ တက်လူငယ်တို့သည် အနာဂတ်ကိုပိုင်စိုးကြရမည်။ အနာဂတ်ကို ပုံဖော်ထုဆစ်ကြရမည်။ အနာဂတ်သည် ယနေ့တက်လူငယ်တို့၏လက်ထဲတွင်ရှိနေသည်။ ယနေ့တက်လူငယ်တို့၏ စွမ်းရည်စွမ်းအားအပေါ် တည်မှီနေသည်။ ယနေ့ကျောင်းနေအရွယ် တက်လူငယ်တို့၏ စွမ်းရည်စွမ်းအားပြည့်ဝသည့်အလျောက် အနာဂတ်သည်တောက်ပြောင်၊ ထွန်းသစ်နေမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ ခေတ်မီဖွံ့ဖြိုးတိုးတက်နေမည်မှာလည်း သေချာသည်။

ကမ္ဘာဦးကာလ လူနေမှုအဆင့်အတန်းသည် နိမ့်ကျ၏။ ယနေ့မျက်မှောက်ကာလ လူနေမှုအဆင့်အတန်းသည် မြင့်မား၏။ ကမ္ဘာဦးကာလနှင့် ယနေ့မျက်မှောက်ကာလသည် လွန်စွာကွာခြားသွားသည်။ အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာသောကြောင့် နိမ့်ရာမှမြင့်ရာသို့ ရောက်ရှိလာခြင်းဖြစ်သည်။အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာသော ဖြစ်စဉ်များတွင် လူသားတို့၏ တီထွင်ဆန်းသစ်မှု၊ တွေးခေါ်မြော်မြင်မှု၊ စဉ်းစားဆင်ခြင်ချင့်ချိန်မှု၊ ကြံရည်ဖန်ရည်ဉာဏ်ရည်ကျယ်ပြန့်လာမှုတို့က အခရာကျသည်။ ဖွံ့ဖြိုးတိုးတက်မှုအလုံးစုံ၏ မူလရင်းမြစ်လည်းဖြစ်သည်။ ထိုမူလရင်းမြစ်များကိုပိုင်ဆိုင်သူများသည်ကား မဟာလူသားများဖြစ်ပေသည်။

မဟာလူသားများဟုခေါ်ဆိုဂုဏ်ပြုအပ်သော ယနေ့ ကျောင်းနေအရွယ် တက်လူငယ်တို့သည် လူသားအရင်းအမြစ်များ၏ အညွန့်အဖူးများပင် မဟုတ်ပါလော။

လူသားအရင်းအမြစ် အညွန့်အဖူးများကို ရှင်သန်ကြီးထွားလာအောင် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးကြရသည်။ ဗလငါးတန်ပြည့်ဝအောင် ဖြည့်ဆည်းပေးကြရသည်။

ထိုသို့ဖြည့်ဆည်းရာတွင် အခြေခံပညာသင်ကျောင်းများသည် အရေးကြီးသောအခန်းကဏ္ဍ၌ ပါဝင်နေပေသည်။ အကြောင်းမူကား အခြေခံပညာကျောင်းများသည် ပညာအခြေခံကောင်းများဖြစ်သည့် "ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ရသ၊ သက်မွေးဘက်စုံပညာရေး"ကို သင်ကြားလေ့ကျင့်ပေးနေသောကြောင့်ဖြစ်သည်။ အတန်းလိုက်သင်ရိုးညွှန်းတမ်းများသည် "ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ရသ၊ သက်မွေးဘက်စုံပညာရေး"ကို ဦးတည်ထားခြင်းဖြစ်သည်။

ယခုအခါအကောင်အထည်ဖော်ဆောင်ရွက်နေသော အခြေခံပညာရေးအဆောက်အအုံသည် (KG+12)သူငယ်တန်း+ဒွါဒသမတန်း အဆောက်အအုံဖြစ်သည်။ အခြေခံပညာရေးအဆောက်အအုံသည် အခြေခံပညာမူလတန်းဆင့်အုတ်မြစ်ပေါ်တွင် အခြေခံပညာအလယ်တန်းဆင့်နှင့် အခြေခံပညာအထက်တန်းဆင့်တို့ကို ဆင့်တင်ထားခြင်းဖြစ်ပေသည်။ အခြေခံပညာရေး၏ အုတ်မြစ်ဖြစ်သောအခြေခံပညာမူလတန်းဆင့်တွင် KG+ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း၊ စတုတ္ထတန်း၊ ပဉ္စမတန်း အထိ တန်းစဉ်(၅)ဆင့်၊ အခြေခံပညာအလယ်တန်းဆင့်တွင် ဆဋ္ဌမတန်း၊ သတ္တမတန်း၊ အဋ္ဌမတန်း၊ နဝမတန်းအထိ တန်းစဉ်(၄)ဆင့်၊ အခြေခံပညာအထက်တန်းဆင့်တွင် ဒသမတန်း၊ ဧကာဒသမတန်း၊ ဒွါဒသမတန်းအထိ တန်းစဉ်(၃)ဆင့်ရှိသည်။ အခြေခံပညာရေးအုတ်မြစ်ဖြစ်သော အခြေခံပညာမူလတန်းဆင့်(၅)ဆင့်ပေါ်တွင် အခြေခံပညာအလယ်တန်းဆင့်(၄)ဆင့်၊ နောက်အခြေခံပညာအထက်တန်းဆင့်(၃)ဆင့်ဖြင့် တြိဂံပုံ(၅၊၄၊၃) အဆင့်(၃)ဆင့်နှင့်တည်ဆောက်ထားရာ အခြေခံပညာရေးအဆောက်အအုံသည် တောင့်တင်းခိုင်မာနေသည်။

အခြေခံပညာမူလတန်းဆင့်တွင်သင်ရိုးဝင်ဘာသာရပ်များဖြစ်သော မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေးဘာသာရပ်များနှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များဖြစ်သော စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ၊ အနုပညာ(ဂီတနှင့်ပန်းချီ) စသည့်ဘာသာရပ်များ၊အခြေခံပညာအလယ်တန်းဆင့်တွင် သင်ရိုးဝင်ဘာသာရပ်များဖြစ်သော မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ ပထဝီဝင်၊ သမိုင်းဘာသာရပ်နှင့်တွဲဖက်သင်ရိုးဝင်ဘာသာရပ်များဖြစ်သော စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ၊ အနုပညာ(ဂီတနှင့်ပန်းချီ)စသည့်ဘာသာရပ်များ၊ အခြေခံပညာအထက်တန်းဆင့်တွင် ဘာသာတွဲအလိုက်ယူထားသောသင်ရိုးဝင်ဘာသာရပ်များဖြစ်သည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ ပထဝီဝင်၊ သမိုင်းဘာသာရပ်များနှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များဖြစ်သော စာရိတ္တနှင့်ပြည်သူ့နီတိ၊ ဘဝတွက်တာကျွမ်းကျင်စရာ၊ ကာယပညာ၊ အနုပညာ(ဂီတနှင့်ပန်းချီ)စသည့်ဘာသာရပ်များကို သင်ကြားလေ့ကျင့်ပေးနေသည်။

အတန်းလိုက်သင်ရိုးဝင်ဘာသာရပ်များကိုသင်ယူလေ့ကျင့်ခြင်းဖြင့် ဘာသာရပ်နယ်ပယ်အလိုက် တတ်မြောက်ကျွမ်းကျင်လာမည်။ အတန်းလိုက်တွဲဖက်သင်ရိုးဝင်ဘာသာရပ်များကိုသင်ယူလေ့ကျင့်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု၊ ကြံ့ခိုင်သန်စွမ်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ ရိုးသားဖြူစင်မှု၊ ကျင့်ဝတ်စည်းကမ်းစောင့်ထိန်းလိုက်နာမှု၊ ပူးပေါင်းဝိုင်းဝန်းဆောင်ရွက်မှု၊ ပေါင်းသင်းဆက်ဆံရေးဝင်ဆံ့မှု၊ ထောက်ထားညှာတာစာနာမှု၊ သည်းခံခွင့်လွှတ်မှုစသည့်အလေ့အကျင့်ကောင်းများကိုရရှိလာမည်။ သင်ရိုးဝင်ဘာသာရပ်များက စဉ်းစားမြော်မြင်တွေးခေါ်ဆန်းသစ်နိုင်သည့်ဉာဏ်ရည်ဖွံ့ဖြိုးထက်သန်စေသည်။ တွဲဖက်သင်ရိုးဝင်ဘာသာရပ်များက စာရိတ္တနှင့် ကိုယ်ကျင့်တရားကိုကြံ့ခိုင်စေသည်။ ထိုသည်ကား ဘက်စုံပညာရေး၏အနှစ်သာရဖြစ်သည်။ အခြေခံပညာကျောင်းများက သင်ကြားလေ့ကျင့်ပေးနေသော ဘက်စုံပညာရေးသည် ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းနေအရွယ်တက်လူငယ်များကိုမွေးဖွားပေးနေခြင်းပင်မဟုတ်ပါလော။

**သင်ရိုးဝင်ဘာသာရပ်များက စဉ်းစားမြော်မြင်တွေးခေါ်ဆန်းသစ်နိုင်သည့်ဉာဏ်ရည်ဖွံ့ဖြိုးထက်သန်စေသည်။ တွဲဖက်သင်ရိုးဝင်ဘာသာရပ်များက စာရိတ္တနှင့် ကိုယ်ကျင့်တရားကိုကြံ့ခိုင်စေသည်။ ထိုသည်ကား ဘက်စုံပညာရေး၏အနှစ်သာရဖြစ်သည်။ အခြေခံပညာကျောင်းများက သင်ကြားလေ့ကျင့်ပေးနေသော ဘက်စုံပညာရေးသည် ဗလငါးတန်နှင့်ပြည့်စုံသည့်ကျောင်းနေအရွယ်တက်လူငယ်များကိုမွေးဖွားပေးနေခြင်းပင်မဟုတ်ပါလော . . .**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ဘက်စုံပညာရေးမှတစ်ဆင့် ဗလငါးတန်ပြည့်ဝသည့်တက်လူငယ်များကိုမွေးဖွားပေးနိုင်ရန်အတွက်အထူးတလည်အကောင်အထည်ဖော်ကာ စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ အခြေခံပညာကျောင်းများမှသင်ကြားလေ့ကျင့်ပေးလိုက်သောကျောင်းနေအရွယ်ကလေးများ ပညာရေးအဟောသိကံဖြစ်စေမည့်၊ သင်ယူမှုအခွင့်အလမ်း အလှမ်းဝေးစေမည့်၊ ပညာသင်ယူရန်အဟန့်အတားဖြစ်စေမည့် စသည့်စိန်ခေါ်မှုများကိုကူညီပံ့ပိုးဖြေရှင်းပေးကာ အတန်းကူးပြောင်းမှုနှုန်းမြင့်မားအောင်စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်၊ အဆက်ဆက်ကမသင်မနေရမူလတန်းပညာရေးကိုသာ အကောင်အထည်ဖော်နိုင်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းဆင့် နဝမတန်း(KG+9)အထိ မသင်မနေရပညာရေးကိုအောင်မြင်စွာဆောင်ရွက်ပေးနိုင်ခဲ့သည်မှာ အနာဂတ်လမ်းအတွက် ပညာပန်းများဖြင့် လမ်းခင်းပေးနိုင်ခဲ့ခြင်းဖြစ်ပေသည်။

အခြေခံပညာအလယ်တန်းဆင့်နဝမတန်း(KG+9)အထိ မသင်မနေရပညာရေးနှင့်အတူ အခြေခံပညာအလယ်တန်းဆင့်နဝမတန်း(KG+9)ကို ပြီးမြောက်အောင်မြင်သူများသည် အခြေခံပညာအထက်တန်းကျောင်းများသို့လည်းကောင်း၊ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းများသို့လည်းကောင်း နှစ်သက်ရာ၊ ဝါသနာပါရာ၊ စိတ်ဝင်စားရာအခြေခံပညာအထက်တန်းကျောင်းများသို့ စိတ်ကြိုက်ရွေးချယ်ကာ သင်ယူနိုင်သည့် အခွင့်အလမ်းများကိုလည်းလမ်းဖွင့်ပေးထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေခံပညာအထက်တန်းကျောင်းပေါင်း ၈၉ ကျောင်းကိုဖွင့်လှစ်ပေးခဲ့သည်။ အခြေခံပညာအထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်/သိပ္ပံအသီးသီးသို့တက်ရောက်ပြီး ပညာသင်ယူနိုင်သကဲ့သို့ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေခံပညာအထက်တန်းအောင်မြင်သူများသည်လည်း သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်/သိပ္ပံအသီးသီးသို့တက်ရောက်ပြီး ပညာသင်ယူနိုင်သည်။

အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန်ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးတို့နှင့်တိုင်ပင်ဆွေးနွေးပြီး Polytechnic တက္ကသိုလ်များဖွင့်လှစ်နိုင်ရေးကိုဆောင်ရွက်ခဲ့ရာ Polytechnic တက္ကသိုလ် ၈ ခုအထိဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ဥပဒေဆိုင်ရာ၊ စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်ပြီး သိရှိထားရန်လိုအပ်သည်၊ ထို့ကြောင့် တက္ကသိုလ်အားလုံးတွင်ဥပဒေပညာရပ်ဆိုင်ရာနှင့်စီးပွားရေးပညာရပ်ဆိုင်ရာ B.A(Law)နှင့် B.A(Eco)ဘွဲ့များ သင်ကြားနိုင်အောင်ဆောင်ရွက်ပေးခဲ့သည်၊ ထိုသို့နိုင်ငံတော်က စီမံဆောင်ရွက်အားပေးနေခြင်းသည် အနာဂတ်မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားပြီး ပညာရည်မြင့်မားသောအနာဂတ်မျိုးဆက်သစ်လူငယ်များနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်လိုသောကြောင့် ဖြစ်သည်။ ထိုသို့ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရာတွင် အရေးကြီးဆုံးသောအချက်မှာ လူသားအရင်းအမြစ်ပင်ဖြစ်သည်။ ဘက်ပေါင်းစုံသောကဏ္ဍတို့တွင် ကျွမ်းကျင်သောအသိပညာရှင်၊ အတတ်ပညာရှင်များရှိနေမှသာလျှင် မိမိတို့နိုင်ငံသည် သူများနိုင်ငံများနည်းတူ ကမ္ဘာ့အလယ်တွင် ရင်ပေါင်တန်းနိုင်ပေလိမ့်မည်။ ဥပမာအနေဖြင့် မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွင် မိရိုးဖလာနည်းအတိုင်း စိုက်ပျိုးမွေးမြူနေ၍ မလုံလောက်တော့ပေ။ ခေတ်မီနည်းစနစ်များနှင့်ပေါင်းစပ်မှသာ အထွက်နှုန်းပိုမိုကောင်းမွန်ခြင်း၊ အရည်အသွေးကောင်းသော ထွက်ကုန်များထွက်ခြင်း စသည့်ရလဒ်များကို ပိုင်ဆိုင်ရလိမ့်မည်ဖြစ်သည်။ ထိုသို့ခေတ်မီနည်းစနစ်များကို ပညာတတ်သော အသိပညာရှင်၊ အတတ်ပညာရှင်တို့ကသာ ဦးဆောင်လမ်းပြနိုင်ပေလိမ့်မည်။ ဤသည်မှာ ပညာ၏အရေးပါပုံ၊ အရာဝင်ပုံကို ရိုးရှင်းစွာဥပမာပြခြင်းပင်ဖြစ်သည်။ အခြားဘက်ပေါင်းစုံသော ကဏ္ဍတို့တွင်လည်း ထိုသို့သာဖြစ်သည်။

သို့အတွက်ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ယခုကဲ့သို့ပင် ပညာရေးကိုအစဉ်တစိုက် အားပေးဆောင်ရွက်နေရမည်မှာ မလွဲမှားနိုင်သော ဓမ္မအမှန်တရားပင်ဖြစ်သည်။ ကျောင်းနေအရွယ် တက်လူငယ်များကို ပညာပြည့်ဝနှလုံးလှသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပေါ်လာအောင် သင်ကြားလေ့ကျင့်မွေးမြူပေးကြရမည်ဖြစ်သည်။ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် တက်လူငယ်မောင်မယ်များ၏ စွမ်းရည်စွမ်းအားစွမ်းပကားက မိုးပေါ်ရောက်အောင်ပျံသန်းနိုင်သည်အထိ အစွမ်းထက်လှပါပေသည်။ ကျောင်းနေအရွယ် တက်လူငယ်မောင်မယ်များသည် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ဇေယျအောင်လံထူပေးကြမည့် လူ့စွမ်းအားအရင်းအမြစ်များပင် မဟုတ်ပါလော။ ထို့ကြောင့် "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့" ဆိုသည့်အတိုင်း ကျရာကဏ္ဍအသီးသီးမှ တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ။

# ဟိုတောင်ဆီမှာပြိုသည့်မိုး

**ကျော်ဦး**

မိုးမရွာ ရေမတက်လို့
အက်ကြောင်းနဲ့ ဗရပွေ
တို့မြေကွဲ့လယ်တော။
နေ့ချင်းကွယ် ရေလျှံလို့
ညချင်းကွယ် ရေလျှံလို့
တာတမံ အနိုင်တုတ်ရတယ်
စုပ်ရေကပေါ။

**မင်းသုဝဏ်**



မိုးရေလှောင်ကန်သဲတမံ


“စိုက်ပျိုးရေလိုအပ်ချိန် နွေရာသီမှာ ရေခန်းခြောက်နေပေမယ့်စိုက်ပျိုးပြီးမိုးရာသီရောက်ရင်ရေဖုံးနေလို့ တောင်သူအများစု ဆင်းရဲတွင်းနက်နေပါတယ်”

“မိုးရေတစ်ခုကိုအားကိုးပြီး တစ်နှစ်တစ်ကြိမ်မီအောင် ကြိုးစားပမ်းစားစိုက်ရတဲ့ စားသုံးသီးနှံများ ယခင်ကလို မစိုက်နိုင်တာ နှစ်တွေကြာခဲ့ပါပြီ”

“ဆောက်ခဲ့တဲ့ ဆည်အချို့ဟာ ရေမရှိတဲ့ ဆည်ကောများသာဖြစ်နေတယ်၊ ရေရှိတဲ့ဆည်အချို့ကျတော့ မြောင်းမရှိလို့ ရေမသွယ်နိုင်ဘူး”

“မြောင်းရှိတဲ့ဆည်များရဲ့အနီးတစ်ဝိုက်အများဆုံးသုံးလေးမိုင်ခန့်သာ ရေသောက်သီးနှံစိုက်နိုင်တယ်”

ဤသည်တို့မှာ မြန်မာနိုင်ငံအလယ်ပိုင်း ခြောက်သွေ့ဒေသတောင်သူအချို့၏ညည်းတွားသံ မကျေမနပ်ပြောဆိုသံများဖြစ်ကြသည်။ မြန်မာနိုင်ငံ၏ ခြောက်သွေ့ဒေသသည် ရေသံသရာပျက်ယွင်းလာမှုကြောင့် မိုးတွင်း၌ ရေပို၍ကြီးလာ၊ မုတ်သုံကာလ တိုတောင်းလာသောဒဏ်ကို ခံနေရသော ဒေသများထဲတွင်ပါသည်။ သဘာဝက မိုးနည်းနေသော်လည်း အဆိုပါအနည်းငယ်ရွာကျသည့် မိုးရေများသည်ပင် စိုက်ပျိုးရေး၊ သောက်သုံးရေရရှိရေးတို့ကို မည်သို့မျှ အကျိုးမပြုဘဲ ခြောက်သွေ့ဒေသ တောင်သူများ၏ မျက်စိအောက်တွင်ပင် ချောင်းများ၊ မြစ်များထဲသို့ စီးဆင်းသွားနေကြသည်မှာ ရေဘက်ဆိုင်ရာစီမံခန့်ခွဲမှု၌ အားနည်းချက်ကို ထုတ်ဖော်ပြသနေခြင်းပင်ဖြစ်သည်။




**တောင်ကြားလွင်ပြင်တစ်ခုတွင် ရေတားဖြင့် ရေစီးကိုဖြန့်ထုတ်ကာ စိုက်ပျိုးဧရိယာကို ချဲ့နိုင်သည်။**

## လျှံရေကို အသုံးချ

ခြောက်သွေ့ဒေသများတွင် မြေအောက်ရေ၊ မိုးတွင်း၌ရွာသော မိုးရေအသင့်အတင့်အပြင် ဒေသဝန်းကျင်ရှိ တောင်တန်းများ၊ ကုန်းမြင့်များမှစီးဆင်းလာသော တောင်ကျရေများကိုလည်း ရယူအသုံးချနိုင်သည်။ တောင်ကျရေများ၏ သဘာဝအတိုင်း တောင်ပေါ်၌ မိုးရွာပြီးမကြာမီ ဝါးလုံးထိုးကျလာကာ အချို့သောချောင်းခြောက်များတွင် လျှံတက်လာသည်အထိ စီးဆင်းပြီး မိုးတိတ်သည်နှင့် ရေပြန်ခန်းသွားရာ ယင်းရေများကို အသုံးမချနိုင်လျှင် ထီပေါက်ပြီး လက်မှတ်ပျောက်သူ၏ အဖြစ်နှင့် အလားတူသည်။

အာဖရိက၊ အနောက်အာရှ၊ ဗဟိုအာရှ၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အမေရိကတိုက်တို့ရှိ ခြောက်သွေ့ဒေသများ၊ တစ်ဝက်တစ်ပျက် ခြောက်သွေ့ဒေသအချို့တွင် “လျှံရေရယူသိုလှောင်အသုံးချခြင်းစနစ်” ဟုခေါ်သည့် တောင်ကျရေဖြင့်စိုက်ပျိုးရေးနှင့် သောက်သုံးရေရယူရေးကို လုပ်ဆောင်လျက်ရှိသည်။ ယင်းစနစ်သုံးစိုက်ပျိုးဧကသည် တစ်ကမ္ဘာလုံးတွင် ဧကခြောက်သန်းကျော်မျှရှိသည်ဟု ခန့်မှန်းကြသည်။ မြန်မာနိုင်ငံတွင် လျှံရေစနစ်သုံးစိုက်ပျိုးမြေအချို့ကို တွေ့နိုင်သော်လည်း လက်ရှိထက် များစွာတိုးချဲ့နိုင်သေးသည်ဟု သိရသည်။

လျှံရေတားဆီးလွှဲယူသည့် တမံကို ချောင်းအကျယ်အတိုင်းဖြစ်စေ၊ ချောင်းအကျယ်၏ တစ်စိတ်တစ်ပိုင်းဖြစ်စေ တည်ဆောက်၍ ရေလွှဲယူနိုင်သည်။ ကွန်ကရစ်အုတ်စသည်ကိုသုံး၍အခိုင်အမာတည်ဆောက်သည်လည်းရှိ၍ သစ်တုံး၊ သစ်ခက်၊ ကျောက်တုံး၊ မြေသား စသည်တို့ဖြင့်လည်း ယာယီတည်ဆောက်ကြသည်။ ယာယီတမံတို့သည် ဒေသတွင်းရနိုင်သော ပစ္စည်းနှင့်လူအင်အားတို့ဖြင့် ဆောက်လုပ်သဖြင့် ကုန်ကျစရိတ်မများလှသော်လည်း လျှံရေပမာဏများ၍ အရှိန်ပြင်းသောအခါတွင်လည်းကောင်း၊ ချောင်းကြမ်းပြင် မြေသားမတည်ငြိမ်လျှင်လည်းကောင်း တမံများပြိုလဲပျက်စီးနိုင်သည့် အားနည်းချက်ရှိသည်။ အာဖရိကတိုက် ကျေးရွာအချို့တွင် ချောင်းခြောက်ထဲ၌ ယာယီရေတားတမံလုပ်ပြီး တောင်ကျရေကို လွှဲယူကြသည်၊ ရေစီးအားကောင်း၍ ယာယီတမံပြိုသောအခါ ရွာသားတို့၏ လုပ်အားဖြင့် နောက်တမံတစ်ခုထပ်ဆောက်ကြသည်။ ဝင်ငွေနည်းသောဒေသဖြစ်၍ ယင်းနည်းအတိုင်း ဒေသထွက်ပစ္စည်းများ၊ ရွာသားတို့၏ ညီညွတ်သောလုပ်အားတို့ဖြင့် လျှံရေရယူနေကြသည်။ ရေရှည်တည်တံ့သော လျှံရေတားတမံကို ဆောက်လျှင်မူ ဒေသ၏ဇလဗေဒအချက်အလက်တို့ကို လေ့လာပြီးမှ ဒီဇိုင်းထုတ်တည်ဆောက်ရန် လိုအပ်သည်။




**အထက်ပါသရုပ်ပြပုံသည် အာဖရိကတိုက် တူနီးရှားနိုင်ငံတွင် တည်ဆောက်ထားသော လျှံရေရယူရေးစနစ်အများအပြားထဲမှ တစ်ခုဖြစ်သည်။**


လျှံရေစနစ်သုံးဒေသများတွင် မိုးရေစတင်စီးဆင်းရာ မြေမှပါလာသောအနည်များသည် မြေဩဇာအာဟာရများအဖြစ် အပင်များကို အကျိုးပြုသည်။ သို့သော် အနည်ပို့ချမှုများလာသည့်အခါ တမံထိန်းသိမ်းရေး၌ အခက်အခဲတွေ့နိုင်သည်။ မိုးပြတ်သည့်နောက် မြေဆီလွှာထဲတွင် တင်ကျန်ရစ်သောရေများကြောင့် အပင်များ ဆက်လက်ရှင်သန်နိုင်သည်။ ထို့ပြင် မြေပေါ်တွင် အချိန်အတိုင်းအတာတစ်ခုအထိ ကျန်နေသော ရေများကြောင့် အပင်ကြီးများ ပေါက်ရောက်နိုင်သည်။


လျှံရေများကို ချောင်းဘေးစိုက်ခင်းများသို့ လွှဲယူသကဲ့သို့ မြစ်များ၊ တောင်ကြားများထဲတွင် ရေစီး၏လားရာကို ကန့်လန့်ဖြတ်ရေတားတည်ဆောက်ပြီး လျှံရေကိုတန့်စေကာ မြစ်ကြမ်းပြင်အောက်မြေသားထဲ စိမ့်ဝင်စေခြင်းဖြင့်လည်း အပင်များကို ရေပေးစိုက်ပျိုးနိုင်သည်။ ပိုလျှံသောရေများသည် ရေတားကိုကျော်၍ ချောင်းရိုး၊ မြစ်ရိုးအတိုင်း ဆက်လက်စီးဆင်းသွားသည်။ ရေကြီးရေလျှံမှုကို အထိုက်အလျောက် တားဆီးထားခြင်းဖြင့် မြေလွှာများရေတိုက်စားခံရမှု လျော့နည်းခြင်းအကျိုးကိုလည်း ရသည်။

ပြန့်ပြူးသောမြေပြင်တွင် ဖြတ်စီးသော ချောင်းကို ကန့်လန့်ဖြတ်၍ ရေတားကို တစ်ဖက်ပါပုံအတိုင်း တည်ဆောက်ခြင်းဖြင့် ရေစီးကိုဖြန့်ထုတ်ကာ ဘေးပတ်ဝန်းကျင်မြေပြင်ကို ဖုံးလွှမ်းစေခြင်း၊ မြေအောက်သို့စိမ့်ဝင်စေခြင်းဖြင့် အပင်စိုက်ဧရိယာကို ချဲ့ထုတ်သော စိုက်ခင်းများလည်းရှိသည်။

ရေစီးတွင်ပါလာပြီး တမံ၏နောက်တွင် ထိုင်ကျန်ခဲ့သောမြေသားနှင့် အနည်များသည် စိုက်ခင်းဖြစ်လာသည်။ မြေသားထဲတွင် စိမ့်ဝင်နေသောရေများကြောင့် အပင်များရှင်သန်သည်။ ပုံပါစနစ်သည် တည်ဆောက်စရိတ် အမေရိကန်ဒေါ်လာ ၃၀၀၀ ကုန်ပြီး ထိန်းသိမ်းစရိတ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၉၀၀ ခန့်ရှိသည်။ တစ်နှစ်လျှင် ခုနစ်လခန့် စိုက်ပျိုးနိုင်သည်။

လျှံရေရယူခြင်းစနစ်ကို ထိန်းသိမ်းရန် ဒေသခံတို့၏လုပ်အားကို အဓိကမှီခိုရသည့်အတွက် ယင်းတို့ဝင်ငွေကောင်းသော အခြားအလုပ်အကိုင်များရလာသည့်အခါတွင်လည်းကောင်း၊ မြေအောက်ရေရလာသည့်အခါတွင်လည်းကောင်း ယင်းစနစ်ကို




**တောင်ကျရေများကို တားဆီးလွှဲယူ၍ စိုက်ခင်းများသို့ ရေပေးဝေပုံ။**

**စာမျက်နှာ ၂၃ သို့**

**စာမျက်နှာ ၂၂ မှအဆက်**


ဆက်မသုံးတော့သဖြင့် လျှံရေရယူခြင်းစနစ်သည် ပို၍တွင်ကျယ်လာခြင်းမရှိပေ။ သို့သော် ခြောက်သွေ့ဒေသအများအပြားတွင် ဆက်သုံးနေကြဆဲဖြစ်သည်။

**ပုံမှန်မိုးရေ**

ရံဖန်ရံခါပေါ်လာသော မုန်တိုင်းကြောင့် အလုံးအရင်းနှင့်ရေကြီးရေလျှံကာ မုန်တိုင်းစဲသည်နှင့် ပြီးပြီးပျောက်ပျောက်ဖြစ်သွားခြင်းမဟုတ်ဘဲ တောင်တန်းနှင့်ကုန်းမြင့်တို့မှ မိုးကာလတစ်လျှောက်လုံး ရွာကျစီးဆင်းလာသော မိုးရေကို ခံယူအသုံးချသည့်စနစ်များလည်းရှိသည်။ ဤစနစ်တွင် မိုးရေများကို စိုက်ခင်းသို့ တိုက်ရိုက်ပို့ဆောင်အသုံးပြုကြသကဲ့သို့ အထက်ပုံပါအတိုင်း စိုက်ခင်းထဲမဝင်မီ ရေလှောင်ကန်ဖြင့် သိုလှောင်၍လည်း တစ်ဆင့်ခံအသုံးချနိုင်သည်။ ရေလှောင်ကန်ကြားခံခြင်းဖြင့် ရေဝေဒေသတွင် ရွာကျသော မိုးအနည်းအများကိုကြည့်၍ စိုက်ခင်းထဲဝင်သော ရေပမာဏကို လိုသလိုထိန်းညှိပေးနိုင်သည်။ မိုးပြတ်ပြီးသည့်နောက်တွင် ဆက်လက်ရေပေးနိုင်သည်။ ကန်အောက်ခြေမှရေများ မြေအောက်သို့စိမ့်ဝင်ကာ မြေအောက်ရေကို ဖြည့်တင်းပြီးလည်း ဖြစ်သွားသည်။ မြေပေါ်ရေပြတ်သည့်အခါ မြေအောက်ရေကို စုပ်ယူအစားထိုးအသုံးပြုနိုင်သည်။ မိုးပြတ်ကာလရှည်ကြာသော ဒေသများ၊ မိုးရေချိန် အနည်းအများကွာဟမှုကြီးမားသောဒေသများတွင် အသုံးတည့်သောစနစ်ဖြစ်သည်။

ဤစနစ်သည် အကြီးစားဆည်များနှင့် သဘောတရားတူညီသော်လည်း ပြင်ပအကူအညီအနည်းဆုံးဖြင့် ဒေသတွင်းပစ္စည်းကိရိယာ၊ ငွေကြေးအင်အား၊ လူသားအရင်းအမြစ်ကိုသုံး၍တည်ဆောက်ထိန်းသိမ်းနိုင်သောစနစ်များကိုသာ မိုးရေရယူသိုလှောင်အသုံးချခြင်းစနစ်ဟု ခေါ်ကြသည်၊ ရေဝေဒေသအကျယ်အဝန်းအားဖြင့် ၅ ဧကမှ အများဆုံး ဧက ၅၀၀ အထိရှိသည်။

ဥပမာတစ်ခုအနေဖြင့် အာဖရိကတိုက် ဇမ်ဘီယာနိုင်ငံတွင် အသုံးများသည့် စနစ်တစ်ခုတည်ဆောက်ပုံကို လေ့လာနိုင်သည်။ တမံတူးမည့်မြစ်ကြမ်းပြင်ကို ကန့်လန့်ဖြတ်၍ ကျင်းငယ်တစ်ခုတူးသည်။ ကျင်းတစ်ဖက်တစ်ချက်တွင်လည်း ရွှံ့ရောသောမြေများကို စီ၍ချထားသည်။ ရေစိမ့်မထွက်နိုင်အောင် ရွှံ့များကို လူအား၊ စက်အားတို့ဖြင့် ကောင်းစွာသိပ်ထည့်သည်။




**သဲဆန်သောဒေသရှိ ချောင်းကို ရေတားဖြင့်ပိတ်လိုက်သောအခါ ရေတားနောက်တွင် သဲများဖြင့် တဖြည်းဖြည်းပြည့်သွားသည်။ သဲထဲတွင် ခိုနေသောရေများကြောင့် အပင်များစိုက်ပျိုးနိုင်သည်။ သောက်သုံးရေရရှိသည်။**



**သဲတမံဆောက်လုပ်နေစဉ်။**



**သဲတမံတစ်ခု**

တမံမျက်နှာပြင်နှစ်ဖက်တွင် ရေတိုက်စားမှုမရှိအောင် မြက်စိုက်သည်။ တမံအလျားသည် ပေ ၁၅၀ ခန့်ရှည်ပြီး ရေအနက် ၁၅ ပေခန့် သိုလှောင်ထားနိုင်သည်၊ ရေလှောင်ပမာဏမှာ ကုဗပေ ၁၇၀၀၀၀၀ ကျော်ဖြစ်သည်။ ဆောက်လုပ်စရိတ် အမေရိကန်ဒေါ်လာ ၅၀၀၀၀ ခန့်ကုန်ကျသည်။ ဇမ်ဘီယာနိုင်ငံ၏တောင်ပိုင်း ပြည်နယ်တစ်ခုတည်းတွင်ပင် ယင်းတမံမျိုး ၃၀၀ ခန့်ရှိပြီး လူတစ်သန်းကျော်၏ စိုက်ပျိုးမွေးမြူရေးနှင့် သောက်သုံးရေတို့အတွက် အထောက်အကူပြုလျက်ရှိသည်။


တောင်တန်းနှင့်ကုန်းမြင့်တို့မှ စီးကျလာသော လျှံရေနှင့် ပုံမှန်မိုးရေတို့ကို မိုးရေလှောင်ကန်ဖြင့် စုဆောင်းရယူခြင်း၏ အခြားကောင်းကျိုးမှာ မြေတိုက်စားခံရမှု သက်သာခြင်းဖြစ်သည်။ အဟုန်ပြင်းသော မိုးရေကြောင့် မြေသားတိုက်စားခံရပြီး သဲနုန်းမြေသားတို့ အနိမ့်ပိုင်းရှိချောင်းများ၊ မြစ်များ၊ ကန်များ စသည်တို့အတွင်းသို့ ဝင်ရောက်ကြသည်၊ သဲနုန်းပို့ချခြင်းကြောင့် မြစ်ချောင်းကန်ကြမ်းပြင်များ မြင့်တက်လာပြီး ရေစီးနိုင်သည့်နေရာနည်းသွားခြင်းသည် ရေကြီးရေလျှံမှုကိုဖြစ်စေသော အကြောင်းတစ်ရပ်ဖြစ်သည်။ ရေကြီး၍ ကမ်းပါးတိုက်စားခံရခြင်း၊ ရေကြောင်းပြောင်းခြင်း၊ ဆည်များထဲ ဝင်ရောက်ပို့ချလျှင် လှောင်ရေထုထည်နည်းသွားခြင်း စသည့်ဆိုးကျိုးများပေါ်ပေါက်သည်၊ မိုးရေလှောင်ကန်များသည် ယင်းဆိုးကျိုးများကို လျော့ပါးစေသည်။

**သဲတမံ**


သဲတမံဟုဆိုရာတွင် သဲဖြင့်တည်ဆောက်ထားသောရေတားတမံဟု ဆိုလိုခြင်းမဟုတ်ပေ။ သဲချောင်းများ၊ သဲဆန်သော မြေသားရှိရာဒေသများတွင် ချောင်းထဲ၌ ရေတားတမံတည်ဆောက်ကာ တမံနောက်တွင် ဖြည်းဖြည်းချင်း ပြည့်တက်လာသောသဲများထဲတွင်ရေသိုလှောင်သောစနစ်ကိုခေါ်ခြင်းဖြစ်သည်။ တောင်တန်းနှင့်ကုန်းမြင့်တို့မှ စီးဆင်းလာသောမိုးရေများကို မြေပေါ်တွင်မဟုတ်ဘဲ ချောင်းကြမ်းပြင်ပေါ် မို့တက်လာသော သဲထုထဲတွင် သိုလှောင်အသုံးချခြင်းဖြစ်သည်။

သဲတမံတည်ဆောက်နည်းမှာ သဲချောင်းများထဲတွင် ရေစီးကိုကန့်လန့်ဖြတ်၍ အောက်ခြေကျောက်လွှာ သို့မဟုတ် ရေမစိမ့်နိုင်သော မြေမာအထိရောက်အောင် တူးပြီး အုတ် သို့မဟုတ် ကွန်ကရစ်ဖြင့် တမံနိမ့်တည်ဆောက်ရသည်။ ရန်ပုံငွေမလုံလောက်မှုကြောင့် အုတ်နှင့်ကွန်ကရစ်ကို မသုံးနိုင်လျှင် အောက်ပိုင်းတွင် ရွှံ့စေးများကို ရေဖြတ်မစီးနိုင်အောင်အထိ သိပ်ပေးကာ မြေတွင်ပေါ်နေသည့်အပိုင်းကို မြေမာများဖြင့် ခိုင်ခံ့အောင်စီမံ၍လည်း တမံတည်ဆောက်နိုင်သည်။ တမံပြီး၍ မိုးရေစီးဆင်းဝင်ရောက်လာသည့်အခါ နုန်းများ၊ အရွယ်သေး၍ ပေါ့ပါးသောမြေမှုန်များသည် ရေနှင့်အတူ တမံကိုကျော်၍ ဆက်လက်စီးဆင်းသွားပြီး တမံနောက်တွင် သဲကြမ်းများ တဖြည်းဖြည်း မို့တက်လာကာ တမံထိပ်အထိရောက်လာသည်။

အချို့နေရာများတွင် မိုးတစ်ကြိမ်ရွာပြီးသည်နှင့် သဲများဖြင့်ပြည့်သွားကြပြီး အချို့ဒေသများတွင်မူ မိုးနှစ်ကြိမ်သုံးကြိမ်ခန့် ရွာသောအခါမှ သဲပြည့်သည်။ မျက်မြင်၌ သဲကိုသာတွေ့ရသော်လည်း သဲပြင်အောက်သဲလုံးများကြားတွင် ရေများပြည့်နေသည်။ သဲထုထည် ၂၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသည် ရေများဖြစ်ကြသည်။ ဘေးနှစ်ဖက်မြေပြင်ရှိ သဲများထဲသို့လည်း ရေများစိမ့်ဝင်ကူးလူးကာ တင်ကျန်နေသည်။ ယင်းရေများကို လက်ယက်တွင်းများဖြင့်လည်းကောင်း၊ ဆန်ခါတပ်ထားသောပိုက်ဖြင့် တမံဘေးမှဖောက်၍လည်းကောင်း၊ ရေတွင်းများလက်ဆွဲတုံ့ကင်များဖြင့်လည်းကောင်း ရယူအသုံးချနိုင်သည်။




**ရေတားကိုဖောက်၍ သဲတမံရှိရေကို ရယူနိုင်သည်။**




**လက်ဆွဲတုံ့ကင်ဖြင့် သဲတမံရှိရေကို ရယူနိုင်သည်။**

သဲတမံများသည် ရေဂါလန်ပေါင်းသိန်းနှင့်ချီ၍ သိုလှောင်ထားနိုင်ပြီး သုံးလိုက်၊ မိုးရွာလျှင် ပြန်ပြည့်လိုက်ဖြစ်နေသောကြောင့် လူဦးရေ ၁၀၀၀ ခန့်ကို တစ်နှစ်ပတ်လုံးသောက်သုံးရေ၊ စိုက်ရေများပေးနိုင်သည်။

သဲကြောထဲရှိရေများသည် တိရစ္ဆာန်အညစ်အကြေး စသည်တို့ကြောင့်ညစ်ညမ်းမှုနည်းပါးသည့်အပြင် မြေပေါ်ရေကဲ့သို့ အငွေ့ပြန်ဆုံးရှုံးမှုမရှိသဖြင့် လှောင်ထားသောရေအား ကြာကြာသုံးရသော အကျိုးကိုရရှိသည်။ ခြင် စသည့်ပိုးမွှားများပေါက်ပွားခြင်းမပြုနိုင်။ အခြားတမံကြီးများကဲ့သို့ ဂေဟစနစ်ကို ထိခိုက်နိုင်ခြင်းမရှိ။ တမံကို ချောင်း၏ကြမ်းပြင်ပေါ်အထိ မဆောက်ဘဲ မြေအောက်တွင်သာ မြှုပ်ထားခြင်းဖြင့် မြေအောက်တမံတည်ဆောက်ကာ မြေအောက်သဲလွှာများတွင်း၌ ရေသိုလှောင်ထားနိုင်သည်။

ယင်းနည်းဖြင့် ဆောက်ထားသော သဲတမံများသည် မိုးရေရယူသိုလှောင်အသုံးချစနစ်အမျိုးမျိုးတွင် ကုန်ကျစရိတ်အနည်းဆုံးဖြစ်သည်။ ရေအမြဲမစီးသည့် တောင်ကျချောင်းများ၌ တောင်ပေါ်တွင် မိုးရွာသည်နှင့် သဲနုန်းများ၊ သစ်ပင်များ၊ အမှိုက်သရိုက်များ အရှိန်ဖြင့်ဆင်းလာကာ စီးရာလမ်းတစ်လျှောက် အပျက်အစီးများစွာ ဖြစ်ပေါ်စေနိုင်ရာ သဲတမံများက ယင်းအန္တရာယ်ကို လျော့နည်းစေသည်။

ရေထုထည်ကုဗပေ ၃၅၀၀၀ မှကုဗပေ ၃၅၀၀၀၀၀ အထိ သိုလှောင်နိုင်သော သဲတမံများကို ခြောက်သွေ့ဒေသများ၌ တွေ့နိုင်သည်။ အာဖရိကတိုက် ကင်ညာနိုင်ငံရှိ သဲတမံအများစုသည် ၆ ပေအမြင့် ပေ ၁၂၀ ခန့်ရှည်သည်။ ဘိလပ်မြေအိတ် ၅၀၀ အပါအဝင် ပစ္စည်းနှင့်လုပ်အားခ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ခန့်ကုန်ကျသည်။ ထိန်းသိမ်းစရိတ် အလွန်နည်းပါးသည်။ သဲတမံတစ်ခုသည် ပျမ်းမျှ နှစ်ပေါင်း ၅၀ ခန့်ခံသည်။ ကင်ညာနိုင်ငံရှိ ရေထုထည်ကုဗပေ ၇၀၀၀၀ ခန့်အထိ သိုလှောင်ထားနိုင်သော သဲတမံတစ်ခုက အနီးရှိရွာတစ်ရွာအပေါ် အကျိုးပြုနိုင်မှုကို လေ့လာသည့်အခါ ပေါ်ထွက်လာသောရလဒ်မှာ အောက်ပါအတိုင်းဖြစ်သည်။ ။

| | သဲတမံမဆောက်မီ | သဲတမံဆောက်ပြီး |
|---|---|---|
| ရေသယ်ရသောအကွာအဝေး | နှစ်မိုင်ခွဲ | မိုင်ဝက် |
| ရေမလုံလောက်သောလူပေါင်း | ၆၀၀ | ၀ |
| စိုက်ပျိုးနိုင်သည့်အိမ်ထောင်စု | ၃၈ ရာခိုင်နှုန်း | ၆၈ ရာခိုင်နှုန်း |
| စိုက်ရေရရှိမှု | ၁ ရက် ၂၂ ဂါလန် | ၁ ရက် ၈၅ ဂါလန် |
| အိမ်တွင်းလုပ်ငန်းဝင်ငွေ | ၀ | ၁ နှစ် ဒေါ်လာ ၆၀ |
| မိသားစုဝင်ငွေ | ၁ နှစ် ၂၃ ဒေါ်လာ | ၁ နှစ် ဒေါ်လာ ၃၃၀ |

# မြန်မာ-တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့ မူဆယ်ဒေသအတွင်း တတိယအကြိမ် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းနှင့် မူဆယ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်ကာ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းလုပ်ကိုင်သူများအား ဖော်ထုတ်ဖမ်းဆီးခဲ့သည့် တရုတ်နိုင်ငံသား ၂၅၆ ဦးကို ပြန်လည်လွှဲပြောင်းပေးအပ်



မြန်မာ-တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့ မူဆယ်ဒေသ အတွင်း တတိယအကြိမ် အွန်လိုင်း လိမ်လည်မှု တိုက်ဖျက်ရေး အတွက် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ်အောင်နိုင်သူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မှူခင်းရဲတပ်ဖွဲ့ နိုင်ငံရေးမှူး Mr. Jiang Guoli ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်တိုင်း မန်စီမြို့ရှိ YESTE ဟိုတယ် အစည်းအဝေးခန်းမ၌တွေ့ဆုံကာ မူဆယ်ဒေသအတွင်း တတိယအကြိမ် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးအတွက် မြန်မာ-တရုတ် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက်တွင် တွေ့ဆုံဆွေးနွေးညှိနှိုင်းခဲ့သည်။


ဆွေးနွေးပွဲတွင် မူဆယ်ဒေသအတွင်း အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကို မြန်မာ- တရုတ် နှစ်နိုင်ငံပူးပေါင်း၍ ၂၀၂၄ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ကရင်ပြည်နယ် မြဝတီဒေသတွင်လည်း တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးများဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ နိုင်ငံခြားသား ၉၂၉၉ ဦးကို ဖော်ထုတ်စစ်ဆေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍ တရားမဝင် အွန်လိုင်းလိမ်လည်မှု ကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေး သတင်းဖလှယ်ခြင်း၊ ဖမ်းဆီးရမိတရားခံများအား ပြန်လည်လွှဲပြောင်းလက်ခံခြင်းနှင့် ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံ ရဲတပ်ဖွဲ့များ၊ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူဆယ်ဒေသအတွင်း တတိယအကြိမ် အွန်လိုင်းလိမ်လည်မှု စစ်ဆေးဖော်ထုတ်ရေးအား ဇူလိုင် ၂၈ ရက်မှ ၃၀ ရက်ထိ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း တရားမဝင် ဝင်ရောက်၍ အွန်လိုင်းလိမ်လည်မှုကျူးလွန်သူ တရုတ်နိုင်ငံသား ၂၅၆ ဦးတို့ကို အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၁၅ လုံး၊ ကွန်ပျူတာ အလုံး ၃၀၊ Laptop ခုနစ်လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၃၁၁ လုံး၊ Wifi စက် ၁၄ လုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။



တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။





တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။



မူဆယ်မြို့နယ် အတွင်း တရားမဝင် ဝင်ရောက်ကာ အွန်လိုင်းလိမ်လည်မှု လုပ်ငန်းလုပ်ကိုင်သူ များအား ဖော်ထုတ် ဖမ်းဆီးခဲ့သည့် တရုတ်နိုင်ငံသား ၂၅၆ ဦးကို ပြန်လည် လွှဲပြောင်း ပေးအပ်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါ ဖမ်းဆီးရမိခဲ့သူများကို မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် ဆွေးနွေးပွဲ သဘောတူညီချက်များအရ ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ် ဝင်ထွက်ပေါက် မန်ဝိန်းဂိတ်၌ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)


ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |


## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် ဩဂုတ် ၃ ရက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ


## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဝတ္ထုတိုကဏ္ဍ

# ရုန်းထွက်ရန် ခက်ခဲပါဘိ

**မောင်ခြိမ့်**



ညနေစောင်းပြီဖြစ်၍ ဝင်လုဆဲနေရောင်ခြည်သည် မြစ်ပြင်ကိုရိုက်ခတ်ပြီး သင်္ဘောပေါ်သို့ ရောင်ပြန်ဟပ်လျက်ရှိသည်။ ခပ်ဝေးဝေးဆီ၌ ပင်လယ်ကူး ကုန်တင်သင်္ဘောကြီးများသည် ရေလယ်တွင် ကျောက်ချထားသော သံဗောဝိုင်းကြီးများတွင် ကြိုးတန်းလန်း နှင့် ရပ်နားလျက်ရှိသည်။

သေးငယ်လှသော အမြီးနှစ်ခွနှင့်စက်တပ်သမ္ဗန်ကလေးများသည် ဟိုဘက်ကမ်းမှ သည်ဘက်ကမ်း၊ သည်ဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ ခေါက်တုံ့လူးလာ စင်ရော်ငှက်ကလေးများပမာ ကူးခပ်သွားလာနေကြသည်။

သင်္ဘောပေါ်တွင်တော့ ခရီးသည်များ ဆူညံစွာ နှစ်ထပ် လှုပ်ရှားသွားလာပြောဆိုနေကြသည်။ သင်္ဘော၏အပေါ်ထပ်တွင် နေရာယူထားသည်မို့ လေကတဖြူးဖြူးနှင့်နေ၍ကောင်း၏။ ရန်ကုန်ဘုရားဖူးအဖွဲ့သည် သင်္ဘောပဲ့ပိုင်းဘက်တွင် နေရာယူထားပြီး ဖိုးနီတို့မိသားစုဘေးတွင် ကိုညိုတို့မိသားစုနှင့် ကိုရွှေဖောင်တို့မိသားစုရှိသည်။ သူတို့နှင့် မျက်နှာချင်းဆိုင်တွင်မူ ကိုတင်အုံး၊ ငချွေကြီးနှင့် စိန်ကုလားတို့ မိသားစု နေရာယူထားကြသည်။

ရွာဦးကျောင်းဆရာတော် ဦးကေသရကတော့ ပတ်ဝန်းကျင်ဆူညံနေမှုကို ဂရုမထား၊ ပက်လက်ကုလားထိုင်ပေါ်တွင် မျက်စိမှိတ်ကာ ပုတီးတချောက်ချောက်စိပ်လျက်ရှိ၏။ ဆရာတော်၏ဘေး ပက်လက်ကုလားထိုင်ပေါ်မှာတော့ ဦးတောကျော်သည် မြစ်ပြင်တွင် လူးလာဆန်ခတ်သွားနေကြသော သင်္ဘောတွေကို လည်းကောင်း၊ သင်္ဘောပေါ်မှ ပစ်ကျွေးလိုက်သော မုန့်အစအနကလေးများကို ရေပေါ်မကျမီ ကျင်လည်စွာထိုးသုတ်စားကာ ပျော်မြူးနေကြသည့် စင်ရော်တစ်အုပ်ကိုလည်းကောင်း စိတ်ဝင်စားစွာ ငေးလျက်ရှိ၏။

အဖြူဆွတ်ဆွတ်များ၊ အဖြူတွင် အနက်ရစ်များပါသော စင်ရော်ငှက်များက လူကိုမကြောက်၊ လက်ဝါးပေါ်ဖြန့်တင်ထားသော ပေါင်မုန့်စကလေးတွေကိုပင် ဝင်ရောက်ထိုးသုတ်စားကာ တကီးကီး၊ တဂဲဂဲ အော်သံပေးလျက်ရှိ၏။ နေရောင်ခြည်ကြောင့် နောက်ကျိသောမြစ်ရေပြင်သည် ရွှေရောင်သန်းနေသည် ထင်ရသည်။

ယခုကဲ့သို့ ရန်ကုန်ကို ဘုရားဖူးလာကြသော ဇုက္ကနိရွာသားများ၏အပြန်ခရီးတွင် တစ်စုတစ်ဝေးတည်းနေရာရအောင် ကြိုတင်လက်မှတ်ယူပေးသည့် ငါးဒိုင်သူဌေးလင်မယားကို ဦးတောကျော်တို့ တစ်ရွာသားလုံး ကျေးဇူးတင်လျက်ရှိကြသည်။

ဝါးခယ်မနှင့် ရန်ကုန် မိုင် ၁၀၀ ကျော်သာဝေး၍ တစ်ညအိပ် သင်္ဘောစီးလျှင် ရောက်နိုင်ပေမဲ့လည်း သူတို့အရောက်အပေါက်မရှိကြပေ။ ယခင်က ရန်ကုန်မရောက်ဖူးဘဲ သေသွားရသူများ၊ ရွှေတိဂုံဘုရားကြီးကို ဖူးချင်စမ်းပါဘိဟုတမ်းတရင်း မျက်စိမှိတ်သွားရသူများ သူတို့ရွာတွင် ရှိခဲ့ဖူးပါ၏။

ယခုတော့မူ ရန်ကုန်ကို အတော်အတန်အရောက်အပေါက်များလာကြပြီ။ ဟိုတုန်းကတော့ ရန်ကုန်ဆိုတာဟုအစချီ၍ ရောက်ဖူးသူများက ပြောလာသောစကားများတွင် လာချင်စရာ၊ ကြည့်ချင်စရာ၊ ရောက်ချင်စရာ၊ ဖူးချင်စရာ ဘုရားတွေများလှပေမဲ့ ကြောက်စရာတွေကလည်း များလှပါ၏။

သူတို့ရွာသားတွေသည် သူတို့မွေးရပ်မြေကို ချစ်ကြသူများဖြစ်၏။ သံယောဇဉ်တွယ်ကြသူများဖြစ်၏။ သူတို့ဘာသာသူတို့ ရိုးရိုးသားသားရှာဖွေစားသောက်ကာ အေးအေးချမ်းချမ်းနေလိုကြသူများသာ ဖြစ်ကြပါ၏။

ရန်ကုန်မှာလူကွဲသွားရင် ပြန်ရှာရတာမလွယ်ဘူးနော်ဟုပြောထားသဖြင့် လမ်းသွားလျှင် တစ်ယောက်နှင့်တစ်ယောက် လက်ချင်းတွဲကာ သွားကြ၏။ လမ်းဖြတ်ကူးလျှင်တောင် တစ်ယောက်ခါး တစ်ယောက်ဆွဲ၍ ရွှေစွန်ညိုကစားသလို ကူးကြ၏။

ခါးပိုက်နှိုက်တွေပေါသတဲ့ဟု ကြားဖူးထားသဖြင့် ပါလာသမျှ ပိုက်ဆံကလေးကို အတွင်းခံအင်္ကျီအိတ်ထဲထည့်ကာ တိုက်ချိတ်ကြီးဖြင့် နှစ်ထပ်လောက်တွယ်ပိတ်ထားကြ၏။

ကိုယ်နှင့်မသိသူတွေကို အရောမဝင်နဲ့၊ စကားရော၊ ဖောရောနဲ့ လိမ်သွားတတ်တယ်ဆိုကြသဖြင့် ခပ်တည်တည်နှင့်နေကာ မေးလျှင် ပြောချင်မှပြောကာ တစ်ဖက်လှည့်နေတတ်ကြ၏။

ရန်ကုန်တွင်မူ သူတို့ရွာသားတစ်စုသည် ဗျိုင်းဖြူများကြားတွင်နားမိသော ကျီးမည်းများကဲ့သို့ အသွင်မတူ ဖြစ်နေကြတော့၏။ တိရစ္ဆာန်ရုံရောက်တော့လည်း"အဖေရေ၊ အမေရေ မြန်မြန်လာပါဗျ ကျားကြီး၊ ကျားကြီး"ဟူ၍တစ်မျိုး၊ "ဆင်ကြီးတွေဗျို့၊ မနည်းမနောကြီးတွေပါလား"ဟု တစ်သွယ် ဆူဆူညံညံ တအံ့တဩအော်ဟစ်ပြောဆိုကြလျှင် ဘေးနားကလူများက ဝိုင်းကြည့်လျက် လှောင်ပြောင်ရယ်မောတတ်ကြ၏။ တောသားတွေပါလားဟု အထင်သေးသည့်အကြည့်နှင့် ကြည့်ရတာလည်း ခံရသေး၏။

ထိုကဲ့သို့ ရန်ကုန်လည်ပတ်ခြင်း ငါးရက်ခရီးကို ဦးဆောင်ဦးရွက်ပြုသူ၊ ကမကထပြုသူ၊ ခရီးစရိတ်ခံကာ ခေါ်လာသူများကတော့ ဝါးခယ်မသား ငါးဒိုင်ပိုင်ရှင် လင်မယားနှင့် ရွာဦးကျောင်းဆရာတော် ဦးကေသရပင် ဖြစ်တော့၏။

သူတို့တစ်တွေ ဘယ်သောအခါမှရောက်မည်ဟု မခန့်မှန်းနိုင်သော မြို့ရွှေရန်ကုန်သို့ ရောက်ခဲ့ကြရပြီ။ ဘုရားစုံတို့ကိုလည်းဖူးပြီးပြီ။ တိရစ္ဆာန်ရုံနှင့် သဘာဝသမိုင်းပြတိုက်ကိုလည်း လေ့လာကြည့်ရှုပြီးကြပြီ။ ဦးတောကျော်တို့ရွာသားတစ်စု ကျေနပ်ဂုဏ်ယူစွာ သင်္ဘောပေါ်မှာ လက်ပံပင် ဆက်ရက်ကျသကဲ့သို့ ဆူညံစွာ ပြောဆိုရယ်မောလျက်ရှိ၏။

မကြာမီ သင်္ဘောကြီး ရန်ကုန်ဆိပ်ကမ်းမှထွက်ခွာတော့မည်။ "အဘရေ ထမင်းစားကြရအောင်ဗျို့"ဖိုးနီ၏အသံကြောင့် ဦးတောကျော်တစ်ယောက် မြစ်ပြင်ကိုငေးရင်း တွေးနေရာမှထလာခဲ့၏။ ငါးဆင့်ချိုင့်ကြီးများဖြင့်ထည့်လာခဲ့သော ထမင်းများ၊ ငါးခူငါးပိကောင်ကြော်များ၊ ငါးသလောက်အကွင်းလိုက်ကြော်များသည် ထမင်းမြိန်စရာကောင်းလှပါ၏။

"ဟေ့ဟေ့ ဆရာတော်ကိုအအေးကပ်ကြပါအုံးဟ"

ဦးတောကျော်ကပြော၍ အအေးပုလင်းဝယ်၍ ကပ်ရသေး၏။

"မအေးညွန့် ငါးခူငါးပိကောင်ကတော့ ဟေ့ထမင်းဝိုင်းမှာ ဇာတ်လိုက်ပါပဲလား"ဟု ဦးတောကျော်က ချီးမွမ်းရင်း တစ်ဖတ်နှိုက်၏။

"ဟုတ်ပ့ါ အဘရယ်၊ ကျွန်တော်တို့လဲ အိမ်မှာ ထည့်ကြည့်တာပဲ။ ဒါပေမဲ့ အရီးအေးညွန့်ထည့်တဲ့ ငါးပိကောင်လောက် နူးနူးနပ်နပ်လဲမရှိဘူး။ စားလို့လဲ မကောင်းဘူးဗျ"

ကိုတင်အုံးက ထောက်ခံသည်။ မကျင်ငွေက ငါးသလောက် အကွင်းလိုက်ကြော်များကို တစ်ယောက်တစ်ကွင်း ကျစီဝေပေးရင်း လက်ကျန် ငါးသလောက်ဥကြော်ကို ဦးတောကျော်ပန်းကန်ထဲထည့်ပေးသည်။

"စားပါကွယ်၊ 'အဘက ငါးခူငါးပိကောင်နဲ့တင်ခံတွင်းကနေပါပြီ ဟုပြောကာ ငရုတ်သီးစပ်သဖြင့် ရေနွေးကြမ်းတစ်ခွက်ငှဲ့ကာ သောက်၏။

"တစ်ခါတစ်ခါတော့လဲ အလုပ်ကိစ္စတွေမေ့ထားပြီး အခုလို ခရီးထွက်ရတာ ပျော်သလိုလိုပဲနော်အဘ" ဟု ကိုညိုက ပြောသည်။

"အေးကွ။ ဒါကြောင့်လဲ ငါတို့ကိုစရိတ်စကအကုန်ခံပြီး ရန်ကုန်ဘုရားဖူးပို့ပေးတဲ့ ငါးဒိုင်ပိုင်ရှင်တွေကို ကျေးဇူးတင်သကွ။ ဘုရားစုံအောင် လိုက်ပို့ပေး၊ ရှင်းပြပေးတဲ့ ငါတို့ဆရာတော်ကိုလဲ စိတ်ထဲကနေ ရှိခိုးပူဇော်မိသကွ။ သူတို့ ကျေးဇူးတွေကြောင့်သာ ငါတို့ အခုလိုရောက်လာခဲ့ရတာမဟုတ်လား။ နို့မို့ဆိုရင်တော့ မလွယ်ဘူး"

"ရွှေတိဂုံဘုရားကြီးကိုထိုင်ဖူးပြီး ရင်ထဲမှာ အေးချမ်းလိုက်တာ အဘရာ။ ပြန်တောင်မပြန်ချင်ဘူး" ရွှေဖောင်က တမ်းတမ်းတတပြော၏။

"ဘုရားအရိပ်၊ တရားအရိပ်ဆိုတာ အင်မတန်အေးချမ်းတယ်လို့ ပြောကြတာမှန်တယ်ဟေ့။ ငါတို့မှာ တစ်နေ့တစ်နေ့ ငါးရှာ၊ ဖားရှာ၊ ပုစွန်ဖမ်းနဲ့ တို့တစ်တွေရဲ့စိတ်တွေမှာ လောဘတွေ၊ ဒေါသတွေနဲ့ ထုံမွှမ်းနေတာဆိုတော့ ပူလောင်နေတာပေ့ါကွာ။ ငါးမှရပ့ါမလား။ ပုစွန်ရပ့ါမလားဆိုတဲ့ အကုသိုလ်စိတ်တွေစောပြီး တစ်နေ့ပြီးတစ်နေ့ ကုန်လွန်ပြီး ဘုရားမေ့၊ တရားမေ့ထားကြသလို ဖြစ်နေရတာ ဝမ်းနည်းစရာ သိပ်ကောင်းတယ်လို့ စောစောကဆရာတော်ဟောတဲ့တရား ငါ့နားထဲမှာ မထွက်သေးပါဘူးကွာ"ဟု ဝမ်းပန်းတနည်းနှင့် ဦးတောကျော်က ပြောသည်။

"တစ်နှစ်ကို တစ်ခေါက်လောက် ရွှေတိဂုံဘုရားကြီးဖူးခွင့်ရရင် သေပျော်ပါပြီဗျာ"ဟု ကိုညိုက တမ်းတလျှင် "မင်းကလဲကွာ ဒါလောက်အလှမ်းဝေးတဲ့ ရွှေတိဂုံဘုရားကြီးကို ထားပါအုံး။ တို့အနားမှာတင်ရှိနေတဲ့ ရွှေဘုန်းရှိန်ဘုရားတို့၊ သော်ကဘုရားကြီးတို့ကိုတောင် ဘုရားဖူးဖို့သက်သက် တစ်နှစ်တစ်ခေါက်မရောက်ပါဘူး။ ဘုရားပွဲမှာ ပျော်ရအောင်သွားရင်း ဦးချဖြစ်တာမဟုတ်လားကွ"ဟု ကိုတင်အုန်းက ပြန်ပြောသည်။

သူတို့စားသောက်ပြီးသောထမင်းဝိုင်းကို မိန်းမများက သိမ်းသည်။ ယောကျ်ားတစ်သိုက်ကတော့ ရေနွေးကြမ်း၊ လက်ဖက်သုပ်တို့ဖြင့် စကားဖောင်နေဆဲရှိ၏။

သင်္ဘောကြီး ရန်ကုန်ဆိပ်ကမ်းက ထွက်ခွာလာခဲ့ပြီ။ မကြာမီ တွံ့တေးတူးမြောင်းဝကို ဝင်တော့မည်။ ကမ်းစပ်သောင်ခုံပေါ်တွင် အနှစ်နှစ်အလလ သောင်တင်ဆွေးမြည့်နေသော သင်္ဘောပျက်တချို့ကို တွေ့ရ၏။ သူတို့ သင်္ဘောနောက်ကိုလိုက်ကာ အစာတောင်းနေသော စင်ရော်ငှက်တို့ပင် ကျန်နေရစ်ခဲ့ပြီ။

"ဒါထက် ပေ့ါကောင်တင်အုံး၊ သဘာဝသမိုင်းပြတိုက်ထဲက ဝေလငါးကြီး အရိုးစုကြီးတွေ့တယ်မဟုတ်လား။ နည်းတာကြီး မဟုတ်ဘူးကွနော်။ အရှည်က ပေလေးငါးခြောက်ဆယ်ရှိလိမ့်မကွ"လို့ ကိုရွှေဖောင်ကပြောလျှင်–

"အစ်ကိုရွှေဖောင်ကလဲဗျာ၊ ဘယ်ကမလဲဗျ။ အလျား ၇၂ ပေရှိသတဲ့ဗျ။ ကိုယ်လုံးတောင် ၂၇ ပေရှိသတဲ့။ ဘေးနားမှာ စာရေးထားတယ်လေဗျာ"ဟု စိန်ကုလားက ဝင်ပြော၏။

"တောက်... အဲသည်လောက်ကြီးတဲ့ ငါးကြီးတစ်ကောင်လောက်ရလိုက်ရင်တော့ အပွပဲဟေ့"ဟု ကိုတင်အုန်းက မစားရဝခမန်းပြော၏။

"ဟေ့ကောင်တွေရဲ့ ခုနကလေးတင် ဘုရားအကြောင်း၊ တရားအကြောင်း ပြောနေသေးတယ်။ အခုစလာပြီ။ ဒီအကုသိုလ်အလုပ်ကိုပဲ စိတ်မကုန်နိုင်ဘူး"

ဦးတောကျော်က ဟောက်လျှင် ကိုတင်အုန်း ဟီးခနဲရှက်ရယ်ရယ်ရင်း လက်ဖက်ခွက် နှိုက်သည်။

ဆက်လက်ဖော်ပြပါမည်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၁၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြင်းမူ ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၁၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ပဲစင်းငုံ ဧက ၃၅၂၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၂၁၁၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြင်းမူမြို့နယ်အတွင်း ပဲစင်းငုံ ဧက ၃၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံ သီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးပြေမပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးပြေမပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင်များသည် ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်း ငါးပြေမပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးပြေမပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ရန်ကုန်ဈေးကွက်ကို ငါးပြေမပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇွန်လကထက် ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။



မော်လမြိုင်ကျွန်း မြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ဝယ်လိုအားကောင်းပေမဲ့ ဈေးကတော့ ပုံမှန်အခြေအနေမှာပဲ ရှိနေပါတယ်။ အခြားရေထွက်ကုန်တွေကိုလဲ တင်ပို့ရောင်းချနေပါတယ်။ ငါးပြေမကတော့ အများဆုံးတင်ပို့ခဲ့ရတာဖြစ်ပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် လယ်ငါးပြေမနှင့်မွေးမြူရေးငါးပြေမ နှစ်မျိုးထွက်ရှိပြီး ထွက်ရှိလာသည့် ငါးပြေမများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိရာ အဆိုပါ ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ ငါးပြေမသည် ဈေးကွက် အခိုင်အမာရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် ငါးပြေမကိုထပ်တိုးမွေးမြူလာကြကြောင်း သိရသည်။

ကျော်ကျော်လင်း

# မင်းဘူးမြို့နယ် ရွာမကန်ကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မင်းဘူး ဩဂုတ် ၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရွာမကန်ကျေးရွာ၌ မြေနီလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ မင်းဘူးခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ရီရီအေးခိုင်နှင့် တာဝန်ရှိသူများက ရွာမကန်ကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးက လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မင်းဘူးမြို့နယ် ရွာမကန်ကျေးရွာ၌ လမ်းအရှည် ခြောက်ဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့်ရှိလက်မရှိ မြေနီလမ်းခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စု (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေကျပ် ၅၁ ဒသမ ၉၀၁ သန်းဖြင့် မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနကတာဝန်ယူ၍ ယခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီအေးခိုင်ထံမှ သိရသည်။

ဇင်မာ

## အလှတွေဆောင် လဝါခေါင်

\- ဝါဆို ဝါခေါင်
ရေဖောင်ဖောင် ဆိုကြသေး၊
ဖတ်ဆိုသူ အပျော်တိုးတဲ့
မိုးရာသီ တေး။

\- လဝါခေါင်
ထူးရာဆောင်နေသား၊
မြေမဟီ ဝလာထက်တို့
သာလျက် အဆင်းများ။

\- ဝလာထက်
အခါတွက် ညလေး၊
သရဝဏ် လပြည့်စန်းက
လှပေ့ ဆန်းသေး။

\- သိဟ် ရာသီ
ပါဠိအမည် သီဟ၊
ခြင်္သေ့ပုံ ပြရာကျူးလို့
ထူးခြားလှပ။

\- မြင်းတာရာ
အတွင်းမှာပါသေး၊
ရတုအခါ ဥတုအလှကွဲ့
ဝဿာနလေး။

\- မိုးလအလယ်
ရှစ်ခွင်မယ် အုံ့မှိုင်း၊
အနောက်တောင် မိုးသက်ကျလို့
တိုးလျက်အလှသိုင်း။

\- ပန်းခတ္တာ
ပွင့်လန်းရာ ကာလ၊
ရနံ့ကြိုင် လှပလွန်းလို့
တင့်ရွှန်း ဝန်းမျှ။

\- အလှူတို့ပြုတန်
စာရေးတံ ပွဲနွဲ၊
ကုသိုလ်ရည် ပြုဆောင်ယှက်လို့
ရှေးထုံးမပျက်မြဲ။

\- လဝါခေါင်
အလှတွေဆောင် ကဗျာချဲ့၊
ဖတ်သူတွေ ကြည်နူးကြလို့
မှတ်သိကြကွဲ့။
အပ်ဘိ အလှဖွဲ့။ ။

မောင်အောင်ဝေ(ညောင်ခြေထောက်)

## မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နွေနှမ်းများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



မုံရွာ ဩဂုတ် ၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောနွေနှမ်းများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၆၈၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောနွေနှမ်းစိုက်ခင်းများကို ယခုနှစ် မေလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ ဒသမ ၁၀ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက မုံရွာခရိုင်မှာ နွေနှမ်း ၄၆၈၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နွေနှမ်းစိုက်ခင်းတွေလက်ရှိမှာ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်နဲ့ စိုက်ပျိုးဖို့ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် နွေနှမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၄၂၁ ဧက၊ ဘုတလင်မြို့နယ်တွင် ၂၂ ဧက၊ အရာတော်မြို့နယ်တွင် ၂၀၇၈ ဧက၊ ချောင်းဦးမြို့နယ်တွင် ၂၁၆၅ ဧက စုစုပေါင်း ၄၆၈၆ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် နွေနှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ် မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

## သဲကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းနေမှု စစ်ဆေး

သဲကုန်း ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ကရင်ကုန်းကျေးရွာအုပ်စု ကရင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး ဒေါ်မီမီထွေး၊ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူး ဦးရန်မျိုးနိုင်၊ နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးနှင့် တာဝန်ရှိသူများက ကရင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က လုပ်ငန်းတိုးတက်မှု အခြေအနေများနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်အခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

ကရင်ကုန်းကျေးရွာ၌ လမ်းအရှည် ပေ ၅၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်းဖြင့် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင် ၁၄ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သုတ

## မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၅၂၆၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မြောင်းမြ ဩဂုတ် ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၅၂၆၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၇၃၈ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၁၅၂၆၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြောင်းမြမြို့နယ်မှာ မိုးစပါး ဧက ၁၆၅၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါး ဧက ၁၅၀၀၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီဖို့ ဆက်လက်စိုက်ပျိုးနေပါတယ်။ မိုးစပါး စိုက်ပျိုးရာမှာလဲ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။



စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

## သာယာဝတီမြို့နယ် ကြို့ကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

သာယာဝတီ ဩဂုတ် ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြို့ကုန်းကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းနှင့် ဝန်ထမ်းများက ကြို့ကုန်းကျေးရွာ၌ ကျေးရွာတွင်း ဗို့ ၄၀၀ ဓာတ်အားလိုင်း ( ပေ ၃၂၀၀ )တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် စနစ်တကျထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကြို့ကုန်းကျေးရွာ၌ အဆိုပါ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် သိန်း ၁၂၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာပြီး လူနေမှုအဆင့်အတန်းလည်း ယခင်ကထက် ပိုမိုမြင့်မားလာမည် ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

## ရမည်းသင်းမြို့နယ် ဘုရားကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

ရမည်းသင်း ဩဂုတ် ၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့်ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာနေပြည်သူများ၏ သဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ဘုရားကုန်းကျေးရွာ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းလွင်(မကွေး)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**

# ဇီဝအလင်းထုတ်လွှတ်နိုင်သော အပင်နှင့် သက်ရှိများ

ခိုင်ဇင်

ဇီဝအလင်းထုတ်လွှတ်တဲ့ဖြစ်စဉ်ကို Bioluminescence လို့ခေါ်ပါတယ်။ ဒီဖြစ်စဉ်ဖြစ်ပေါ်လာပုံမှာ ထိုဇီဝအလင်းထုတ်နိုင်တဲ့သက်ရှိတွေရဲ့ကိုယ်တွင်းမှာ Luciferase နဲ့ Luciferin ဆိုတဲ့ဓာတုပစ္စည်းတွေရှိပါတယ်။ အဲဒီဓာတုပစ္စည်းတွေဟာ အောက်ဆီဂျင်နဲ့ပေါင်းစပ်သွားတဲ့အခါ တောက်ပတဲ့ဇီဝအလင်းဖြာထွက်မှုကိုဖြစ်စေတဲ့ ဓာတုတုံ့ပြန်မှုတစ်ခုဖြစ်ပေါ်လာစေပါတယ်။ ဇီဝအလင်းထုတ်လွှတ်ပေးနိုင်တဲ့သက်ရှိတွေကို ကုန်းမြေနဲ့ ရေအောက်နှစ်ခုစလုံးမှာ တွေ့နိုင်ပါတယ်။ အဲဒီဇီဝအလင်းထုတ်နိုင်တဲ့တိရစ္ဆာန်တွေဟာ အမှောင်ထဲမှာ သူတို့ကို ရှင်းရှင်းလင်းလင်းမြင်နိုင်ပါတယ်။ ဒီလိုမြင်နိုင်တာဟာ သူတို့အတွက် အန္တရာယ်ကိုဖိတ်ခေါ်နေသလိုဖြစ်နေပါတယ်။ ဒါပေမဲ့လဲ ဇီဝအလင်းထုတ်နိုင်တဲ့ သက်ရှိတွေရဲ့အားနည်းချက်ကို အားသာချက်အနေနဲ့ သားကောင်ကို အမဲလိုက်တာ၊ မိတ်လိုက်ဖို့ဆွဲဆောင်တာ၊ ကိုယ့်ကိုယ်ကိုယ်ကာကွယ်တာ၊ မျိုးတူအချင်းချင်းဆက်သွယ်တဲ့အခါ ဆက်သွယ်ရေးနည်းလမ်းတစ်ခုအနေနဲ့သုံးတာ၊ ပတ်ဝန်းကျင်ရဲ့ဂေဟစနစ်ပြောင်းလဲမှုကိုတုံ့ပြန်တာ၊ အမဲလိုက်တဲ့ရန်သူကို ဇီဝအလင်းထုတ်လွှတ်ပြီး ပြာဝေအောင်ပြုလုပ်တာ စတာတွေမှာ အသုံးချပါတယ်။ ဇီဝအလင်းထုတ်လွှတ်မှုမှာ စိမ်းပြာရောင်၊ အပြာရောင်နဲ့ အစိမ်းရောင်ဆိုပြီး တွေ့ရပါတယ်။ ဇီဝအလင်းထုတ်လွှတ်တဲ့ကမ်းခြေတွေလဲရှိပါတယ်။ ကမ်းခြေတွေမှာ ဇီဝအလင်း ထုတ်လွှတ်မှုဖြစ်ရတာဟာ ရေညှိပွင့်တွေကြောင့်ဖြစ်ပါတယ်။ ရေညှိ ပွင့်တွေဟာ အဆိပ်ရှိပြီး ရေထဲကအောက်ဆီဂျင်ကို စုပ်ယူပစ်တာမို့ ဇီဝအလင်းထုတ်လွှတ်တဲ့ကမ်းခြေမှာ အချိန်ကြာကြာရေကစား၊ ရေချိုးတာ အန္တရာယ်ရှိပါတယ်။ အခုတစ်ပတ်မှာတော့ ဇီဝအလင်းထုတ်လွှတ်တဲ့သက်ရှိတွေထဲက အချို့ကို ဖော်ပြပေးသွားမှာပဲဖြစ်ပါတယ်။

**ပိုးစုန်းကြူး**



ပိုးစုန်းကြူးဟာ ပျံသန်းနိုင်တဲ့ အင်းဆက်သတ္တဝါ အမျိုးအစားဖြစ်ပြီး Lampyridae မျိုးနွယ်စုတွင် ပါဝင်ပါတယ်။ ပိုးစုန်းကြူး မျိုးစိတ်ပေါင်း ၂၀၀၀ ခန့်ကို သမပိုင်းဇုန်နဲ့အပူပိုင်းရာသီဥတုတွေမှာ တွေ့ရပါတယ်။ ဥရောပနဲ့ အာရှမှာ ပိုးစုန်းကြူးသားလောင်းကို "Glowworms" လို့တင်စားခေါ်ကြပါတယ်။ ပိုးစုန်းကြူးတွေဟာ စိုထိုင်းမှုကို နှစ်သက်ပါတယ်။ ပိုးစုန်းကြူးရဲ့ ကိုယ်တွင်းဆဲလ်တွေထဲမှာ luciferin လို့ ခေါ်တဲ့ ဓာတုပစ္စည်းပါဝင်ပြီး အဲဒီဓာတုပစ္စည်းဟာ ပိုးစုန်းကြူးတွေ ရှူသွင်းလိုက်တဲ့အောက်ဆီဂျင်နဲ့ပေါင်းမိတဲ့အခါ ဇီဝအလင်းထုတ်လွှတ်မှုဖြစ်လာပါတယ်။

ပိုးစုန်းကြူးတွေထုတ်လွှတ်တဲ့ဇီဝအလင်းဟာ အနီအောက်ရောင်ခြည်ဖြစ်ပြီး ခရမ်းလွန်ရောင်ခြည်မပါဝင်ဘဲ အေးမြတဲ့အလင်းကိုသာ ထုတ်လွှတ်ပေးပါတယ်။ ပိုးစုန်းကြူးတွေရဲ့ ဇီဝအလင်းထုတ်လွှတ်ပုံဟာ မတူညီပါဘူး။ လင်းရာကနေ မှိန်သွားတာ၊ မှိတ်တုတ်မှိတ်တုတ်လုပ်တာတွေ လုပ်ဆောင်တတ်ကြပါတယ်။

**ဂျယ်လီငါး**


ဂျယ်လီငါးတွေကို ပင်လယ်သမုဒ္ဒရာရေပြင်မှာ တွေ့နိုင်ပါတယ်။ အပူပိုင်းဒေသ၊ အာတိတ်ဒေသ စတဲ့ရေပြင်တော်တော်များများမှာ ဂျယ်လီငါးတွေဟာ ရှင်သန်နိုင်ကြပါတယ်။ ဂျယ်လီငါးဟာ ကျောရိုးမပါရှိကြသလို ဦးနှောက်၊ နှလုံးနဲ့ မျက်လုံးတွေလဲ မပါပါဘူး။ ဂျယ်လီငါးတွေဟာ ရေစီးကြောင်းနဲ့ အတူမျောပါပြီး ကူးခတ်သွားလာနိုင်စွမ်းရှိကြပါတယ်။ ကျောရိုးမဲ့ရေသတ္တဝါဖြစ်တဲ့ ဂျယ်လီငါးဟာ အောက်ဆီဂျင်ကို အမြေးပါးကနေ စုပ်ယူပါတယ်။ ဂျယ်လီငါးတိုင်းက ဇီဝအလင်းမထုတ်လွှတ်နိုင်ပေမဲ့ ဂျယ်လီငါးတော်တော်များများကတော့ ဇီဝအလင်းထုတ်တဲ့ရေသတ္တဝါဖြစ်ပါတယ်။ ဂျယ်လီငါးဟာ သူတို့ရဲ့အစာဖြစ်တဲ့ အပင်ငယ်လေးတွေ၊ ပုစွန်ဆိတ်တွေနဲ့ ငါးပေါက်စ




တွေကို ဇီဝအလင်းထုတ်လွှင့်ကာဖြားယောင်းပြီး စားသောက်တတ်ကြပါတယ်။

**ဒိုင်နိုဖလာဂယ်လိတ်**

ဒိုင်နိုဖလာဂယ်လိတ်ဟာ ဆဲလ်တစ်ခုတည်းရှိတဲ့ ရေနေသက်ရှိပင်ဖြစ်ပါတယ်။ သူ့မှာ အပင်နဲ့ တိရစ္ဆာန် နှစ်မျိုးစလုံးရဲ့ သွင်ပြင်လက္ခဏာတွေရှိပါတယ်။ ဒိုင်နိုဖလာဂယ်လိတ်ဟာ ရေညှိပင်ဖြစ်ပြီး အလွန်အေးတဲ့ ရေပြင်ကလွဲရင် ရေချိုရှိရာရေပြင် အတော်များများမှာ ပေါက်ရောက်ပါတယ်။ ဒိုင်နိုဖလာဂယ်လိတ်ရေညှိပင်တွေကို မျောကောင်နဲ့ လေးကောင်တို့က စားကြပါတယ်။ အဲဒီရေညှိပင်တွေဟာ အလွန်သေးငယ်တဲ့အပင်တွေဖြစ်ပြီး ဇီဝအလင်းထုတ်နိုင်တဲ့အပင်တွေဖြစ်ပါတယ်။ ဒါကြောင့် ဒိုင်နိုဖလာဂယ်လိတ်ရေညှိပင်တွေအများအပြားပေါက်ရောက်နေတဲ့ ပင်လယ်ရေပြင်ဟာ ညအခါမှာ လင်းလက်တောက်ပနေတတ်ပါတယ်။ သတိပြုသင့်တာကတော့ ထိုရေညှိတွေဟာ စွန့်ပစ်ဓာတုပစ္စည်းတွေ စည်းမဲ့ကမ်းမဲ့စွန့်ပစ်ထားတဲ့ရေပြင်မှာဆိုရင် အဆိပ်သင့်ရေညှိတွေအဖြစ် ပြောင်းလဲသွားပါတယ်။ အဲဒီလိုအခြေအနေမျိုးမှာ ရေညှိတွေဟာ လျင်လျင်မြန်မြန်မျိုးပွားပေါက်ရောက်တာတွေဖြစ်ကာ ရေပြင်အတွင်းက အောက်ဆီဂျင်တွေကို စုပ်ယူလိုက်တဲ့အတွက် ရေသတ္တဝါတချို့ကို အသက်ရှူကျပ်ကာ သေကျေမှုတွေဖြစ်ပေါ်စေပါတယ်။



**ပြည်ကြီးငါး**



အလင်းရောင်ထွက်ပြီး တောက်ပတဲ့ပြည်ကြီးငါးတွေကို သမုဒ္ဒရာရေနက်ပိုင်း လျှိုမြောင်တွေနဲ့ သဘာဝမြေအောက်ရေကန်ကြီးတွေမှာ အများဆုံးတွေ့ရတတ်ပါတယ်။ တောက်ပတဲ့ပြည်ကြီးငါးတွေဟာ ရန်သူနဲ့တိုက်ခိုက်တဲ့အခါ စိမ်းပြာရောင်အလင်းမှုန်တွေကို မှင်ရည်အစားထုတ်လွှတ်ကာ ရန်သူကိုအာရုံလွှဲပြီး အခြားတစ်နေရာကို ပုန်းရှောင်ပြေးသွားတတ်ပါတယ်။ အဲဒီတောက်ပတဲ့ ပြည်ကြီးငါးတွေဟာလဲ ပုံမှန်ပြည်ကြီးငါးတွေလိုဖြစ်ကာ ရေဘဝဲအမျိုးအစားမှာ ပါဝင်ပါတယ်။ ပြည်ကြီးငါးဟာ ကျောရိုးမဲ့သတ္တဝါဖြစ်ပြီး သမုဒ္ဒရာအတွင်းတွင် နေထိုင်လေ့ရှိတဲ့ ပြည်ကြီးငါးဟာ အချို့ဝေလငါးတွေရဲ့ အကြိုက်ဆုံးအစားအစာဖြစ်ပါတယ်။ ပြည်ကြီးငါးမှာ လက်တံရှစ်ချောင်းရှိပြီး ဦးမှင်နှစ်စုံစီရှိပါတယ်။

**အန်ဂလာငါး**

အန်ဂလာငါးတွေဟာ ငါးရိုင်းငါးမျိုးစိတ်ဖြစ်ပြီး ဇီဝအလင်းထုတ်လွှတ်နိုင်တဲ့ငါးတွေဖြစ်ပါတယ်။ အန်ဂလာငါးတွေမှာ ဦးမှင်ပါပြီး အဲဒီဦးမှင်ဟာ LED မီးလုံးတွေလို ထွန်းလင်းနေပါတယ်။ ပင်လယ်နက်



တွေမှာ နေထိုင်ကျက်စားကျတာများတဲ့ ငါးအထီးဟာ ငါးအမတွေထက် အကောင်သေးပါတယ်။ အဲဒီငါးတွေဟာ ဇီဝအလင်းကို သူတို့ရဲ့မိတ်ဖက်ကိုဆွဲဆောင်ရာမှာအသုံးချပါတယ်။ ဒ့ါပြင် အန်ဂလာငါးတွေဟာ သူတို့ရဲ့ဇီဝအရောင်ကိုသုံးကာ သားကောင်ကိုဆွဲဆောင်ပြီး ပါးစပ်ထဲဝင်လာတဲ့ ရေနေသတ္တဝါငယ်တွေကို စားပါတယ်။ ဒါကြောင့် အန်ဂလာငါးကို အစားကြူးကာ ရိုင်းစိုင်းတဲ့ငါးတွေအဖြစ် သတ်မှတ်ထားတာပဲဖြစ်ပါတယ်။

အခုဖော်ပြပေးခဲ့တာကတော့ ဇီဝအလင်းရောင်ထုတ်ပေးနိုင်တဲ့ ကုန်းနေနဲ့ ရေနေ သက်ရှိသတ္တဝါတွေပဲဖြစ်ပါတယ်။

**ကိုးကား**

- List_of_bioluminescent_organisms
- Glow animalsthat can glow in land and water

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ကလေးနှင့် အာဟာရ

**ပေါက်ပေါက်**

ကလေးများတွင် အာဟာရချို့တဲ့ကြောင်း ပြသသည့် လက္ခဏာများမှာ သိသိသာသာပိန်လာခြင်း၊ ခေါင်းမူးပြီးမလှုပ်ရှားချင် နုံးခွေခြင်း၊ အသားအရေခြောက်သွေ့ခြင်း၊ အရေပြားများအက်ကွဲလာခြင်း၊ သွားဖုံးသွေးယိုခြင်း၊ ကြွက်သားနှင့် အရိုးများ အားနည်းခြင်း၊ တဖြည်းဖြည်း ဗိုက်ဖောင်းလာခြင်း၊ ကြီးထွားဖွံ့ဖြိုးမှုနှောင့်နှေးခြင်း၊ နှလုံးအားနည်းခြင်း၊ အဆုတ်မကောင်းခြင်းစသည်တို့အပြင် ကိုယ်တွင်းအင်္ဂါများ ကောင်းကောင်းအလုပ်မလုပ်ခြင်းတို့ ဖြစ်ကြသည်။

ကိုယ်ခံအားနည်းသော ကလေးတွင် ပြင်ပရောဂါများ အလွယ်တကူ ကူးစက်နိုင်ပြီး ကိုယ်တွင်းကိုယ်ပနာမကျန်းဖြစ်ခြင်း၊ မှတ်ဉာဏ်မကောင်းဘဲ ထုံထိုင်းခြင်းကို ဖြစ်စေသည်။ ထို့ကြောင့် ကိုယ်ခံအားကောင်းမွန်စေရန်အတွက် အုတ်ဂျုံနှင့်ပြုလုပ်သော အစားအစာများ၊ အခွံမာသီးအစေ့အဆန်များ၊ ကန်စွန်းဥ၊ အချဉ်ဓာတ်ပါသော သစ်သီးဝလံများ၊ ဘယ်ရီသီး အမျိုးမျိုး၊ ဒိန်ချဉ်၊ ပန်းဂေါ်ဖီစိမ်းနှင့် ဟင်းနုနယ်ကဲ့သို့ အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များ ကျွေးမွေးသင့်သည်။ ကျောင်းနေအရွယ် ကလေးငယ်များအတွက် အတွေ့ရများသော အာဟာရချို့တဲ့မှုများမှာ ကယ်လ်စီယမ်၊ သံဓာတ်၊ ဖော်လိတ်၊ မဂ္ဂနီစီယမ်၊ ပိုတက်စီယမ်၊ ဗီတာမင်(D)နှင့် ဗီတာမင်(E)တို့ဖြစ်သည်။ ဖြည့်စွက်စာကျွေးသောအခါ ကာဗွန်ဟိုက်ဒရိတ်၊ အသားဓာတ်၊ အဆီဓာတ်တို့အပြင် ဗီတာမင်နှင့် သတ္တုဓာတ်များလည်း ဖြည့်စွက်ရန်လိုသည်။

ယနေ့ကာလ ထမင်းပေါင်းအိုးဖြင့် ချက်ကြ၍ ထမင်းရည်သောက်သုံးသော အလေ့အထမရှိတော့ပေ။ သို့သော် ထမင်းပေါင်းအိုးချက်ရာ၌ ရေပိုထည့်၍ ထမင်းအိုးပွက်သောအချိန်မှာ အပေါ်ယံအရည်များကိုခပ်ယူခြင်းဖြင့် ထမင်းရည်ကိုရနိုင်သည်။ ထမင်းရည်တွင် ကာဗွန်ဟိုက်ဒရိတ်အပြင် ဗီတာမင်(B1) နိုင်ရာစင်၊ ဗီတာမင်(B6)စသည့် ဗီတာမင်များနှင့် သတ္တုဓာတ်များ ပြည့်ဝစွာပါဝင်ပြီး အာဟာရတန်ဖိုးမြင့်မားသည်။ ထို့ကြောင့် စွမ်းအင်ပြည့်ဝသော ထမင်းရည်ကို အစာအာဟာရအဖြစ် နေ့စဉ်သောက်သုံးနိုင်သလို ကလေးဝမ်းလျှောဝမ်းပျက်ဖြစ်ချိန်၊ နေမကောင်း၍ နာလန်ထချိန်များတွင်လည်း အားဖြည့်ဓာတ်စာအဖြစ် ကျွေးနိုင်သည်။

**ကလေးများအတွက် ဗီတာမင်(C)ဓာတ်**

ဗီတာမင်(C)သည် ကိုယ်ခံစွမ်းအားကို တိုးတက်ကောင်းမွန်စေပြီး အအေးမိဖျားနာခြင်းမှ ကာကွယ်ပေးသည်။ ဗီတာမင်(C)က သွေးနီဥဆဲလ်များ၊ အရိုး၊ သွားဖုံးနှင့်အခြားတစ်သျှူးများ တည်ဆောက်ပြုပြင်မှုအတွက် အရေးပါသည်။ သွေးကြောများ ကြံ့ခိုင်စေသည့်အတွက် လဲကျခြင်းသို့မဟုတ် ထိခိုက်အနာတရဖြစ်ခြင်းအတွက် သွေးခြည်ဥဒဏ်ရာကိုသက်သာစေပြီး အနာမြန်မြန်ကျက်စေသည်။ ထို့ပြင် အာရုံကြောစနစ်၏ အချက်ပြမှုအတွက်လည်းကောင်း၊ ဖက်တီးအက်ဆစ်(အဆီဓာတ်) များကို ဖြိုခွဲရန်အတွက်လည်းကောင်း၊ သံဓာတ်စုပ်ယူမှုအားကောင်းစေရန်အတွက်လည်ကောင်း ဗီတာမင်(C)ကို မရှိမဖြစ်လိုအပ်သည်။ ကလေးခန္ဓာကိုယ်တွင်း ကော်လာဂျင်ထုတ်လုပ်မှုအတွက် ဗီတာမင် (C) ကို မရှိမဖြစ်လိုအပ်သည်။ ကော်လာဂျင်က အရေပြား၊ သွေးကြောများ၊ အရိုးနုနှင့်ကြွက်သားများ တည်ဆောက်မှုအတွက် လိုအပ်သည်။

ဗီတာမင်(C)ကို ခန္ဓာကိုယ်က မထုတ်လုပ်နိုင်သောကြောင့် ဖြည့်စွက်စာ စားပေးရန်လိုအပ်သည်။ လိမ္မော်သီး၊ သင်္ဘောသီး၊ ကီဝီသီး၊ စတော်ဘယ်ရီသီး၊ ဂရိတ်ဖရုသီးကျွေးပါ။ ရုံဖန်ရုံခါ ၎င်းအသီးများကို ဖျော်ရည်လုပ်၍ တိုက်ကျွေးပါ။ ဟင်းချက်ရာတွင်လည်း ဗီတာမင်(C)ကြွယ်ဝသော ငရုတ်ချိုပွ၊ ဂေါ်ဖီအမျိုးမျိုးနှင့် အခြားအစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များ ထည့်သွင်းကျွေးမွေးသင့်သည်။ ဗီတာမင်(C)သည် ရေတွင်ပျော်ဝင်သည့်အတွက် ပိုလျှံပါက ဆီးမှတစ်ဆင့်စွန့်ထုတ်သည်။ လိုအပ်သော ပမာဏထက် ဗီတာမင်(C)ကို စားသုံးမိပါက ကျောက်ကပ်ကိုထိခိုက်စေသည်။ ကလေးတို့အတွက် နေ့စဉ်ဗီတာမင်(C)လိုအပ်ချက်ပမာဏမှာ အသက်တစ်နှစ်မှ သုံးနှစ်ထိ ၁၅ မီလီဂရမ်၊ အသက်လေးနှစ်မှ ရှစ်နှစ်ထိ ၂၅ မီလီဂရမ်၊ အသက် ကိုးနှစ်မှ ၁၃ နှစ်ထိ ၄၅ မီလီဂရမ်လိုအပ်သည်။

**ကလေးများအတွက် ဇင့်ဓာတ်**

ဇင့်ဓာတ်သည် မရှိမဖြစ်အာဟာရဓာတ်



တစ်မျိုးဖြစ်ပြီး လုပ်ငန်းပေါင်း ၃၀၀ ကျော်မှာ ပါဝင်ကြောင်း အာဟာရသုတေသီများက ဆိုထားသည်။ ကလေးတို့၏ နေ့စဉ်လုပ်ဆောင်မှုနှင့် ကြီးထွားမှုအတွက် ဇင့်ဓာတ်လိုအပ်သကဲ့သို့ အပြင်းအထန်ဝမ်းလျှောခြင်း၊ ကိုယ်ခံအားနည်းခြင်း၊ မကြာခဏဖျားနာခြင်းတို့အပြင် တုပ်ကွေး သို့မဟုတ် အဆုတ်ရောင်ရောဂါ သို့မဟုတ် ကိုဗစ်-၁၉ ရောဂါ အပါအဝင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများစသည့် ရောဂါပိုးကူးစက်ခံရခြင်းတို့အတွက်လည်း ဇင့်ဓာတ်လိုအပ်သည်။

**ကလေးများအတွက် သံဓာတ်**

ကလေးအရွယ်မှစ၍ ဘဝတစ်သက်တာလုံးတွင်သံဓာတ်သည်လွန်စွာအရေးသည်။ ထို့ကြောင့် သံဓာတ်ကြွယ်ဝသော အစားအစာများကို နေ့စဉ်ဖြည့်စွက်စာအဖြစ် စားသုံးရပေမည်။ ငယ်ရွယ်သော ကလေးများအတွက် သံဓာတ်အားဖြည့်အာဟာရမှုန့်နှင့်ကျက်အောင်ချက်ပြုတ်ထားသော အသား၊ ငါးများကျွေးပါ။ ကလေးများကို အနီရောင်ရှိသော အသားများ၊ ငါး၊ ပဲအမျိုးမျိုး၊ အစိမ်းရောင်ဟင်းသီးဟင်းရွက်များကျွေးပါ။ သံဓာတ်စုပ်ယူမှု အားကောင်းစေရန်အတွက် ဗီတာမင်(C)ပါဝင်သော အစားအစာများကို တွဲဖက်ကျွေးမွေးပါ။ သန်ချဆေးပုံမှန်တိုက်ကျွေးပါ။

**ကလေးများအတွက် ကယ်လ်စီယမ်**

ကယ်လ်စီယမ်သည် ခန္ဓာကိုယ်၏ လုပ်ငန်းဆောင်တာများအတွက် မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်ဖြစ်သည်။ ကြီးကောင်အရွယ်ဝင်လာမည့် ကလေးငယ်များအတွက် အထူးလိုအပ်သည်။ ထို့ပြင် ကလေးများ ကြီးထွားဖွံ့ဖြိုးမှု၊ အရိုး၊ သွားများ ကြီးထွားသန်မာမှု၊ နှလုံး၊ ကြွက်သားနှင့် အာရုံကြောများ တည်ဆောက်မှုအတွက်အရေးပါသော ဓာတ်တစ်ခုဖြစ်သည်။ ကလေးများတွင် ကယ်လ်စီယမ်ဓာတ်နည်းခြင်းကြောင့် သွားများကျိုးပဲ့လွယ်ခြင်း၊ ခြေလက်များထုံကျင်ခြင်း၊ ကြွက်သားနာကျင်ခြင်း သို့မဟုတ် ကြွက်တက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အရိုးပျော့ရောဂါဖြစ်ခြင်း၊ ကြီးထွားဖွံ့ဖြိုးမှု နှေးကွေးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ တိရစ္ဆာန်များ၏ နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုးတွင် ကယ်လ်စီယမ်ဓာတ်ကို ရရှိနိုင်သည်

**ကလေးများအတွက် ကြက်ဥ**

လတ်လတ်ဆတ်ဆတ် ကြက်ဥကြီးကြီး တစ်လုံးတွင် အသားဓာတ် ၆ ဒသမ ၅ ဂရမ်ပါရှိသည်။ မျက်စိကိုအားကောင်းစေသည့် ဗီတာမင်(A)နှင့် အခြားသတ္တုဓာတ်များပါဝင်သည်။ ကြက်ဥသည် မှတ်ဉာဏ်ကောင်းစေသည့် အိုမီဂါ-၃ ပါဝင်သည်။ ကြက်ဥအနှစ်ထဲတွင် ပါရှိသော သံဓာတ်ကို ကလေးများ၏ အစာခြေစနစ်ကလွယ်ကူစွာ စုပ်ယူနိုင်သဖြင့် သွေးအားနည်းရောဂါမှ ကာကွယ်ပေးသည်။ ကြက်ဥတွင် ကလေးများ၏ လက်သည်းခွံနှင့် ဆံပင်တို့ကို အားဖြည့်ပေးသော ဆာလဖာ၊ ဘိုင်အိုတင် သတ္တုဓာတ်များလည်းပါရှိသည်။

**ကလေးများကို ငါးကျွေးစေလို**

အဆီပါသော ငါးများမှရရှိသော အိုမီဂါ-၃ နှင့် အိုမီဂါ-၆ သည် ကလေးများဦးနှောက်ဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်သည်။ ငါးတွင် ကာဗွန်ဟိုက်ဒရိတ်နှင့် ပရိုတင်းဓာတ်၊ ဗီတာမင်ဓာတ်များ ပြည့်ဝစွာပါဝင်သည်။ ငါးစားခြင်းဖြင့် ပန်းနာရင်ကျပ်ဖြစ်နှုန်းကို လျော့ချပေးသည်။ မျက်စိနှင့်နှလုံး ကျန်းမာရေးအတွက်ကိုလည်း အထောက်အကူပြုသည်။ အရိုးပါဝါးစားနိုင်သော ငါးသေးသေးလေးများက ကယ်လ်စီယမ်ဓာတ်ကြွယ်ဝသဖြင့် ကလေးများ၏ အရိုးများကို သန်မာစေသည်။ သို့သော် ခြွင်းချက်အနေဖြင့် သင့်ကလေး ကျေကျေညက်ညက်ဝါးစားနိုင်သော အရွယ်ရောက်မှသာ ငါးသေးသေးလေးများကိုကျွေးပါ။

**ကလေးများအတွက် အကျိုးများသော ရွှေဖရုံသီး**

ကလေးအများစုသည် ချိုမြိန်လှသော ဝါဝါဝင်းဝင်း ရွှေဖရုံသီးကို နှစ်ခြိုက်ကြသည်။ ရွှေဖရုံသီးသည် အရသာရှိသည့်အပြင် အာဟာရပြည့်ဝစေခြင်း၊ သံကောင်ကျစေခြင်း၊ ခန္ဓာကိုယ်အကျိုးပြုဓာတ်တိုးဓာတ်ဆန့်ကျင်ပစ္စည်းများပါဝင်ခြင်း၊ ကိုယ်ခံစွမ်းအားကောင်းစေခြင်း၊ ကလေးများဖြစ်လေ့ရှိသောတုပ်ကောင်ထိုး၍ စအိုဝယားယံမှုကို ပြေပျောက်စေခြင်းစသည်ဖြင့် ရွှေဖရုံသီးသည် ကလေးများအတွက် များစွာကောင်းကျိုးပြုသည်။

**ကလေးများအတွက် အာလူး**

ကစီဓာတ်နှင့် ဗီတာမင် (C) ကြွယ်ဝသော အာလူးကို ကလေးများစားသုံးပေးခြင်းဖြင့် စွမ်းအင်ပြည့်ဝစေသည်။ အစာအိမ်နှင့် အူလမ်းကြောင်းကို အထောက်အကူဖြစ်စေသည်။ ဗိုင်းရပ်စ်ပိုးမွှားများကို သေစေနိုင်သော အစွမ်းရှိသဖြင့် ကလေးများတွင် ကူးစက်ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ရာရောက်သည်။ အသည်းရောဂါမှ ကာကွယ်ပေးသည်။ အသားအရေကို ကောင်းမွန်စေသည်။

**ကလေးများ ဝမ်းမချုပ်စေဖို့**

ရေမှန်မှန်သောက်သော အလေ့အထကို ပြုစုပျိုးထောင်ပေးပါ။ ကလေးများအတွက် အမျှင်ဓာတ်လိုအပ်ချက်သည် တစ်ရက်လျှင် ၂၀ ဂရမ်ခန့်ဖြစ်သည်။ ပေါင်မုန့်၊ အုတ်ဂျုံ၊ ပဲစေ့အမျိုးမျိုး၊ ဟင်းသီးဟင်းရွက်စသည့် အမျှင်ဓာတ်ပါသော အစားအစာများကို စနစ်တကျကျွေးပါ။ ဒိန်ချဉ်၊ ငှက်ပျောသီးမှည့်တို့က Prebiotic နှင့် Probiotic ပါဝင်သော အစားအစာဖြစ်၍ ဝမ်းချုပ်ခြင်းအတွက် ပြေလျော့ သက်သာစေသည်။

**ကလေးများ အရပ်ရှည်စေလိုလျှင်**

လေ့လာကြည့်ရာ၌ သကြား (အချိုဓာတ်) လွန်စွာစားသောကလေးသည် သကြားစားမှုနည်းသော ကလေးများထက်ပို၍ အရပ်ပုလေ့ရှိသည်။ အချိုဓာတ်သည် ခန္ဓာကိုယ်ထဲတွင် အင်ဆူလင်ပမာဏကို မြင့်တက်စေပြီး ကောင်းစွာဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည်။ ထို့ကြောင့် ကလေးကို အရပ်ရှည်စေလိုလျှင် သကြား၊ သကြားလုံးနှင့် အချိုအစားအစာများကို အသင့်အတင့်သာကျွေးပါ။ ကလေးများအရပ်ရှည်စေရန်အတွက် အဓိကလိုအပ်ချက်မှာ အသားဓာတ်ဖြစ်သည်။ အကယ်၍ ကလေးတွင် အသားဓာတ် လုံလောက်စွာမရရှိပါက ကြက်ဥ၊ ဘဲဥ၊ ငုံးဥစသည်ဖြင့် ဥအမျိုးမျိုးကျွေးပါ။ ဥအမျိုးမျိုးတွင် အသားဓာတ်ပြည့်ဝစွာ ပါဝင်သည်။ နွားနို့တိုက်ပါ။ နွားနို့တွင် အသားဓာတ်၊ ကယ်လ်စီယမ်နှင့်ဗီတာမင်(D)ပြည့်ဝစွာပါဝင်သည်။ ဒိန်ချဉ်တိုက်ပါ။ ဒိန်ချဉ်တွင် ကယ်စီယမ်နှင့် ဗီတာမင်(D) အပြင် အကျိုးပြုဘက်တီးရီးယားများပါဝင်သည်။ ပဲနို့တိုက်ပါ။ နွားနို့နှင့် ဓာတ်မတည့်သောကလေးများ၊ နွားနို့မကြိုက်သော ကလေးများအတွက် ပဲနို့သည် အထူးသင့်တော်သည်။ သန့်ရှင်းလတ်ဆတ်သော သစ်သီးမျိုးစုံကျွေးပါ။ သစ်သီးတွင် ဗီတာမင်နှင့် သတ္တုဓာတ်တို့ ပြည့်ဝစွာပါဝင်သည်။

အချုပ်အားဖြင့်ဆိုသော် ကလေးငယ်များ ကျန်းမာနေစေရန် အစာအာဟာရကုထုံးသည်လည်း အရေးကြီးသကဲ့သို့၊ ကျန်းမာရေးနှင့် ညီညွတ်သော ဘဝနေထိုင်မှုပုံစံကလည်း အလွန်အရေးကြီးပါသည်။ ညဥ့်နက်သည်ထိ မဆော့စေဘဲ အိပ်ရေးဝဝအိပ်ခိုင်းပါ။ နံနက်ခင်း ၁၅ မိနစ်ခန့် နေရောင်ခံပေးပါ။ ရေမှန်မှန်သောက်စေပြီး ပုံမှန်လက်ဆေးသော အလေ့အကျင့်ကိုလုပ်ခိုင်းပါ။ မလိုအပ်ဘဲ အိမ်ပြင်ခေါ်ထုတ်မသွားဘဲ ပြင်ပညှော်သည်လာလျှင်လည်း အနီးကပ်နေခြင်း၊ ကလေးကိုချစ်၍ နမ်းရှုပ်ခြင်းတို့ကို ရှောင်ခိုင်းပါ။ ဇင့်ဓာတ်နှင့် ဗီတာမင် (C)ပါသော အစားအစာများကို နေ့စဉ်ပါဝင်အောင်စီမံကျွေးပါ။ ကလေးငယ်များ ကြံ့ခိုင်ကျန်းမာပျော်ရွှင်၍ မိသားစုများလည်း စိတ်ချမ်းသာကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

ခရီးသွားဆောင်းပါး

# ပျော်စရာလမ်းမြို့အောင်ပန်း ဆက်လက်သွားလာစိတ်ချမ်းသာ

သက်နိုင်(ပြင်ဦးလွင်)

အိမ်အပြန်ခရီးအဖြစ် ရှမ်းပြည်နယ်တောင်ပိုင်းက မောက်မယ်မြို့၊ လင်းခေးမြို့၊ နမ့်စန်မြို့၊ လွိုင်လင်မြို့၊ မိုင်းပွန်မြို့တွေကနေတစ်ဆင့် ဟိုပုံးမြို့မှာရှိတဲ့ အထင်ကရနေရာတွေကို ဝင်ရောက်လေ့လာလည်ပတ်ခဲ့ပြီး တောင်ကြီးမြို့ရှိရာကို ဆက်လက်ခရီးနှင်လာခဲ့ကြပါပြီ။ အချိန်က မွန်းလွဲ ၂ နာရီကျော်အချိန်ပါ။ ဟိုပုံးမြို့နဲ့ တောင်ကြီးမြို့က ၁၁ မိုင်ကျော်၊ ၁၂ မိုင်နီးပါးသာရှိနေတာမို့ အချိန်ကြာကြာမောင်းရတော့မှာမဟုတ်ပါဘူး။ ဒါပေမဲ့ ဟိုပုံးမြို့ကနေ စထွက်လာပြီးကတည်းက မိုးသားတိမ်လိပ်တွေ မည်းမှောင်လာသလို မကြာခင်မှာ မိုးတွေရွာချတော့မဲ့ အခြေအနေမျိုးနဲ့ ရင်ဆိုင်ကြုံတွေ့နေရတယ်။

မိမိတို့ခရီးဖော်တွေအထဲမှာ တောင်ကြီးမြို့ကို မရောက်ဖူးကြသေးသူတွေ၊ နှစ်ကာလအတန်ကြာကြာ ထပ်မံရောက်ရှိနိုင်ခြင်း မရှိသူတွေ ပါဝင်နေတာကြောင့် တောင်ကြီးကိုရောက်ရင် သူတို့အတွက် အချိန်ပေးပြီး နေရာတချို့ကို လေ့လာလည်ပတ်ပေးရအုံးမှာပါ။ အလာခရီးစဉ်ကတည်းက အပြန်မှဝင်ကြရအောင်ဆိုပြီး ပြောဆိုထားတဲ့စကားကလဲရှိနေသေးတယ်။ အခုလိုမိုးတွေမည်းမှောင်နေတဲ့ ရာသီဥတုအခြေအနေကြောင့် တစ်ခုခုကိုစဉ်းစားစီစဉ်ရတော့မှာပါ။ ထင်ထားတဲ့အတိုင်း တောင်ကြီးမြို့ကို နီးကပ်လာတာနဲ့ မိုးတွေကတဖွဲဖွဲနဲ့ စတင်ရွာသွန်းတော့တယ်။ ဒါကြောင့် တောင်ကြီးကိုရောက်ရင် ထွေထွေထူးထူးဘယ်နေရာမှမသွားကြတော့ဘဲ တောင်ပေါ်ကိုတက်မယ်၊ ရွှေဘုန်းပွင့်ဘုရားရပ်ကြည့်မျှော်စင်ပေါ်ကနေ မြို့ရှုခင်းတွေကိုကြည့်ကြမယ်၊ တောင်ပေါ်ကနေပြန်ဆင်းလာတဲ့အခါ မြို့တစ်ပတ်ကားမောင်းပြီး လက်ဖက်ရည်ဆိုင်တစ်ဆိုင်ဆိုင်မှာ ထိုင်ကြမယ်လို့စဉ်းစားဆုံးဖြတ်ထားလိုက်ကြတယ်။ ခရီးဖော်တွေအားလုံးကလဲ သဘောတူညီကြပါတယ်။

ဒီလိုနဲ့ တောင်ကြီးမြို့တွင်းကိုဝင်ရောက်လာတဲ့အခါမှာ တောင်ပေါ်ကိုစတင်မောင်းနှင် တက်ရောက်လာခဲ့ကြတယ်။ တောင်ကြီးမြို့တွင်းကနေ တောင်ပေါ်ကိုတက်လို့ရတဲ့ လမ်းတွေအများအပြားရှိနေပါတယ်။ မိမိတို့က ဟိုပုံးမြို့ရှိရာဘက်ကနေ လာရောက်နေကြတာကြောင့် အနီးဆုံးဖြစ်တဲ့ မြို့အထွက်လမ်းနေရာကနေ တက်လာခဲ့ရတယ်။ ဒီလမ်းက တောင်ကြောတစ်ကြောလုံးကိုလဲ သွားရောက်လို့ရနေပါတယ်။ တောင်တက်ကားလမ်းအတိုင်း ကားကိုမောင်းနေပေမဲ့ မိုးတွေကတဖွဲဖွဲနဲ့ ရွာသွန်းနေဆဲပါ။ ရွှေဘုန်းပွင့်ဘုရားအနားကို ရောက်တဲ့အခါမှာလဲ မိုးကဆက်လက်ရွာနေဆဲမို့ ဘုရားကိုမဝင်ကြတော့ဘဲ နောက်ထပ်တစ်နေရာကို လာခဲ့ကြရတယ်။ ဘုရားကိုဝင်ရင် မိုးရေတွေစိုကုန်ကြတော့မှာဖြစ်တဲ့အပြင် ရပ်ကြည့်မျှော်စင်ကနေ မြို့ရှုခင်းတွေကို ကြည့်လို့ရနိုင်မှာလဲမဟုတ်ပါဘူး။ တောင်ကြီးမြို့ရှုခင်းတွေကို ကြည့်မယ်ဆိုရင် ရွှေဘုန်းပွင့်ဘုရားနေရာကနေကြည့်ရတာ အကောင်းဆုံးပါ။ ဒါပေမဲ့ ရာသီဥတုအခြေအနေကြောင့် ကြည့်ရှုခွင့်မရကြတော့ပါဘူး။

နောက်ထပ်ရောက်ရှိလာတဲ့နေရာက မြို့ရှုခင်းတွေကိုကြည့်လို့ရတဲ့တောင်ပေါ်ကားလမ်းတစ်နေရာပါ။ ဘုရားတွေ၊ စေတီတွေ၊ မျှော်စင်တွေမရှိဘဲ လမ်းပေါ်ကနေ မြင်နေရပါတယ်။ ဒီနေရာကို ရောက်တော့ ပါလာတဲ့ထီးတွေဆောင်းပြီး ကားပေါ်ကနေမြန်မြန်ဆင်း၊ မြန်မြန်ကြည့်၊ ကားပေါ်ကိုမြန်မြန်ပြန်တက် လုပ်ကြရတယ်။ အချိန်ကခဏလေးပါ။ ဘယ်လိုပဲဖြစ်ဖြစ် တောင်ကြီးမြို့ကို မရောက်ဖူးသေးတဲ့သူတွေ၊ မြို့ရှုခင်းတွေကို မမြင်ဖူးသေးတဲ့သူတွေအတွက်တော့ အကျိုးရှိသွားခဲ့ရပါတယ်။ တောင်ကြီးမြို့ကို တောင်ပေါ်အမြင့်အထက်စီးကနေ ကွင်းကွင်းကွက်ကွက်ထင်ထင်ရှားရှား မြင်တွေ့နေရတာကြောင့် မြို့ရဲ့အနေအထားကဘယ်လို၊ လူနေအိမ်တိုက်တာအဆောက်အအုံတွေရဲ့ အခြေအနေကဘယ်လို၊ မြေမျက်နှာသွင်ပြင်နဲ့ တည်နေရာအကျယ်အဝန်းတွေကဘယ်လိုဆိုတာတွေကို သိရှိသွားကြပါတယ်။ ဒီလိုသိရှိမြင်တွေ့သွားခဲ့ရတဲ့အတွက်ကြောင့်လဲ မရောက်ဖူးသေးတဲ့ခရီးဖော်တွေအားလုံးက ဝမ်းသာကျေနပ်သွားကြရတယ်။

တောင်ကြီးမြို့ရှုခင်းတွေကို တွေ့မြင်ကြည့်ရှုကြပြီးတာနဲ့ တောင်ပေါ်ကားလမ်းအတိုင်း ဆက်လက်မောင်းနှင်လာခဲ့ပြီး လမ်းခွဲတစ်နေရာအရောက်မှာ မြို့တွင်းကို ဆင်းသက်မောင်းနှင်လာခဲ့လိုက်တယ်။ ဒီလိုမောင်းနှင်လာတဲ့အခါ အကွေ့အကောက်တွေကများလဲများ၊ အချို့လမ်းနေရာတွေက ကျဉ်းလဲကျဉ်း၊ ကားတွေ၊ ဆိုင်ကယ်တွေ အတက်အဆင်းတွေကလဲရှိနေတာကြောင့် တဖြည်းဖြည်းနဲ့သတိထားမောင်း




နေရပါတယ်။ တောင်ဆင်း၊ တောင်တက်လမ်းဆိုပေမဲ့ လမ်းဘေးဝဲယာတစ်လျှောက် နီးနီးကပ်ကပ်နေရာတွေမှာ လူနေအိမ်တွေ၊ ဈေးဆိုင်မျိုးစုံတွေ၊ ကျောင်းတွေ၊ ရုံးတွေ၊ ကုမ္ပဏီတွေ စတဲ့အဆောက်အအုံပေါင်းများစွာ တည်ရှိနေကြပြီး တောင်ကြီးမြို့ရဲ့ မြို့ပြရုပ်ဝန်းအခြေအနေတွေကို ထပ်မံသိမြင်ခွင့်ရကြပါတယ်။ မကြာခင်မှာ မြို့တွင်းအဓိကလမ်းမကြီးတစ်ခုပေါ်ရောက်လာခဲ့ကြပြီး တစ်ခဏတာနားနေရင်း လက်ဖက်ရည်သောက်ကြဖို့အတွက် ကောင်းနိုးရာရာဆိုင်ကို ရှာဖွေကြရတယ်။ ဆိုင်ကိုတွေ့တော့မှ နားကြရတယ်။

ဆိုင်အတွင်းကို ဝင်ရောက်လာကြတဲ့ထိ မိုးက ကောင်းကောင်းမတိတ်သေးဘဲ တဖွဲဖွဲနဲ့ရွာသွန်းနေဆဲပါ။ ဒါပေမဲ့ နေ့ရက်က သင်္ကြန်အကြတ်နေ့ဖြစ်နေတာကြောင့် လက်ဖက်ရည်ဆိုင်ရှေ့မှာ ရေစည်တွေချပြီး ရေဆော့ကစားနေကြသူတွေကို တွေ့မြင်နေရတယ်။ ရေပက်နေကြတဲ့သူတွေ၊ လမ်းပေါ်မှာလှုပ်ရှားသွားလာနေကြသူတွေ၊ ကား၊ ဆိုင်ကယ်တွေရပ်ပြီး ရေပက်ခံနေကြတဲ့သူတွေနဲ့ စည်ကားနေပါတယ်။ တွေ့မြင်နေရသမျှလူတွေအားလုံးက တစ်ကိုယ်လုံးမှာ ရွှဲရွှဲစိုနေကြပြီဖြစ်နေကြပေမဲ့ မိုးရေတွေလား၊ သင်္ကြန်ရေတွေလားဆိုတာကတော့ မသိနိုင်တော့ပါဘူး။ လူတွေအကုန်လုံးကတော့ ပျော်ပျော်ရွှင်ရွှင်ဖြစ်နေကြပါတယ်။

မိမိတို့ခရီးဖော်အဖွဲ့က လက်ဖက်ရည်သောက်ပြီးကြတာနဲ့ သတ်မှတ်ခရီးစဉ်အတိုင်း အောင်ပန်းမြို့ရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ အချိန်က ညနေ ၃ နာရီလောက်ရှိနေပါပြီ။ တောင်ကြီး–အောင်ပန်းခရီးလမ်းအကွာအဝေးက ၃၈ မိုင်သာရှိနေပြီး လမ်းတွေကကျယ်လဲကျယ်၊ ကောင်းလဲကောင်းတာကြောင့် အောင်ပန်းမြို့ရောက်တဲ့ထိ တစ်နာရီလောက်သာမောင်းရတော့မှာပါ။ တောင်ကြီးမြို့ကထွက်လာခဲ့ကြပြီး မကြာခင်မှာ ဘဝသံသရာတံတားနေရာကိုရောက်တော့ ကားပေါ်ကနေပဲ လေ့လာကြည့်ရှုကြတယ်။ ဘဝသံသရာတံတားဆိုတာကို ခရီးဖော်တွေအားလုံး သိရှိနေကြပြီးဖြစ်သလို အပေါ်နဲ့အောက် မီးရထားလမ်းနှစ်ခုသာဖြစ်နေပါတယ်။ ထူးထူးခြားခြား ဘာမှမရှိတာကြောင့်လဲ ကားပေါ်ကနေမဆင်းကြတော့တာပါ။ ဘဝသံသရာတံတားကို ရောက်တဲ့အချိန်မှာ မိုးကတိတ်သွားပြီး ရာသီဥတုအခြေအနေက သာသာယာယာဖြစ်နေပါပြီ။

မကြာခင်မှာ ဟဲဟိုးမြို့ကိုဖြတ်သန်းလာခဲ့ပြီး ညနေ ၄ နာရီကျော်မှာ အောင်ပန်းမြို့ကိုရောက်လာခဲ့ကြတယ်။ အောင်ပန်းမြို့ကိုရောက်တာနဲ့ အရင်အခေါက်တွေတုန်းက ညအိပ်တည်းခိုခဲ့တဲ့ ဟိုတယ်က ကားရပ်နားရတာ အဆင်မပြေတာကြောင့် နောက်ထပ်ဟိုတယ်အသစ်တစ်ခုကို လိုက်လံရှာဖွေနေရတယ်။ အရင်အခေါက်တွေတည်းခိုခဲ့တဲ့ ဟိုတယ်မှာ ကားရပ်နားစရာနေရာကျဉ်းမြောင်းပြီး ကားနေရာရွှေ့ပြောင်းပေးဖို့ မကြာခဏလာရောက်ပြောဆိုနေတာကြောင့် ကောင်းကောင်းမနားရ၊ ကောင်းကောင်းမအိပ်ရတော့ဘဲ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရတယ်။ ခရီးတွေသွားလာပြီး ရပ်နားကြတဲ့အခါ အစစအရာရာ အဆင်ပြေတဲ့တည်းခိုခန်းတစ်ခုခု၊ ဟိုတယ်တစ်ခုခုဖြစ်ဖို့ဆိုတာကလဲ အရေးကြီးတဲ့ အကြောင်းအချက်ဖြစ်ပါတယ်။

ကားမောင်းပြီးလမ်းမကြီးတစ်လျှောက် လိုက်လံရှာဖွေနေရင်းနဲ့ ကလော–အောင်ပန်းလမ်းအနီးက ဟိုတယ်တစ်ခုမှာ အဆင်ပြေသွားခဲ့တယ်။ မိမိတို့ရောက်ရှိတည်းခိုကြမဲ့ဟိုတယ်က မကြာသေးမီက လှုပ်ခတ်သွားခဲ့တဲ့ မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးသွားတဲ့ ဟိုတယ်အောင်ပန်းနဲ့လဲ မဝေးလှပါဘူး။ ဟိုတယ်အောင်ပန်းကိုတော့ အုတ်ပုံကြီးအဖြစ်သာတွေ့မြင်နေရတယ်။ ဒီနေရာမှာလူတွေရဲ့ ကံကြမ္မာဆိုတာ အလွန်ဆန်းကြယ်တာကို တွေ့မြင်သိရှိလိုက်ရတယ်။ ကံကြမ္မာအလှည့်အပြောင်းတစ်ခုကြောင့် ထင်မှတ်မထားရတဲ့ အကောင်းအဆိုးတွေက အမြဲတစေဖြစ်ပေါ်နေတာလဲ ရှိနေပါတယ်။ မိမိတို့တည်းခိုကြမဲ့ ဟိုတယ်ပိုင်ရှင်ရဲ့ပြောပြချက်အရ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့တဲ့ မတ် ၂၈ ရက်မနက်က သူ့ရဲ့ဟိုတယ်ရှိရာကို တည်းခိုကြဖို့မိသားစုဝင်ခုနစ်ယောက်ရောက်ရှိလာကြတယ်။ အဘိုးဖြစ်သူနေမကောင်းတာကြောင့် ဆေးကုသဖို့အတွက် လာရောက်ကြတာပါ။ ဟိုတယ်ကိုရောက်ရှိကြပြီး အခန်းခဈေးနှုန်းတွေ ပြောဆိုဈေးညှိကြရင်းနဲ့ ငွေကျပ်နှစ်သောင်းတည်းကို ပြောဆိုညှိနှိုင်းမရကြတာကြောင့် လာရောက်ခဲ့ကြတဲ့ မိသားစုတွေအားလုံး ဟိုတယ်အောင်ပန်းကို သွားရောက်တည်းခိုလိုက်ကြတယ်။ ဒီလိုနဲ့ နေ့လယ်ပိုင်းရောက်ရှိလာပြီး ငလျင်ကြီးလှုပ်ခတ်လို့ ဟိုတယ်အောင်ပန်းပြိုကျတဲ့အခါ နေမကောင်းတဲ့ အဘိုးတစ်ယောက်ကလွဲပြီး ကျန်မိသားစုတွေအားလုံး သေဆုံးသွားခဲ့ရပါတယ်။ မျက်စိနဲ့မြင်တွေ့ခွင့်မရတဲ့ ကံကြမ္မာအပြောင်းအလဲတွေက တစ်ခါတစ်ရံမှာ အလွန်ကြောက်ဖို့ကောင်းနေပါတယ်။

ဟိုတယ်ကိုရောက်ရှိ အခန်းတွေယူပြီးကြတာနဲ့ ကျန်တဲ့ခရီးဖော်တွေအားလုံးက နားနားနေနေနဲ့ ရေမိုးချိုးကြဖို့ပြင်ဆင်ကြတယ်။ မိမိကတော့မနားနိုင်သေးဘဲ ဟိုတယ်ပိုင်ရှင်ကို မေးမြန်းစုံစမ်းပြီး ကားဝပ်ရှော့တစ်ခုကိုထွက်လာခဲ့တယ်။ သင်္ကြန်အကြတ်နေ့ဖြစ်နေပေမဲ့ ထူးထူးခြားခြားဖွင့်လှစ်ထားတဲ့ ဝပ်ရှော့ကိုရောက်တော့ ကားရဲ့လက်ရှိအခြေအနေတွေဖြစ်တဲ့ ဂီယာထိုးလို့မရကြောင်း၊ ရှေ့က ခလုတ်အနီလေးကိုနှိပ်ပြီးထိုးနေရကြောင်း၊ ကားမှန်အတင်အချခလုတ်တွေ အလုပ်မလုပ်တော့ကြောင်းစတာတွေကိုပြောပြတဲ့အခါ ဝပ်ရှော့ဆရာက ခဏထိုင်ပါအုံးဆိုပြီး ထိုင်ခုံလေးတစ်လုံးပေးတာနဲ့ ထိုင်ခုံမှာဝင်ထိုင်နေလိုက်တယ်။ ဒါပေမဲ့ ထိုင်ခုံနေရာက နေအနည်းငယ်စူးတဲ့နေရာဖြစ်နေလို့ အရိပ်ကျတဲ့နေရာတစ်ခုကို ပြောင်းရွှေ့ထိုင်အပြီးမှာ ဝပ်ရှော့ဆရာက ကားကိုပြင်ဆင်ပြီးပြီဖြစ်ကြောင်း၊ အားလုံးပုံမှန်အတိုင်း ကောင်းသွားပြီဖြစ်ကြောင်း ပြောလိုက်တာကြောင့် အံ့ဩသွားခဲ့ရတယ်။ မိမိထင်ထားတာက ဝပ်ရှော့ဆရာက ကားကိုစစ်ဆေးပြီး ဘာတွေဖြစ်နေတာ၊ ဘာတွေကိုပြင်ဆင်ရမယ်၊ အချိန်ဘယ်လောက်ကြာမယ်၊ ကုန်ကျစရိတ်ဘယ်လောက်ရှိမယ် စတာတွေကို ပြောပြလိမ့်မယ်ဆိုပြီး ထင်မှတ်ထားခဲ့တာပါ။ မိမိရဲ့စိတ်ထဲမှာလဲ ကားကိုအချိန်ရလို့ အဆင်ပြေရင် ပြင်မယ်၊ အဆင်မပြေရင် ဒီအတိုင်းဆက်မောင်းသွားပြီး ပြင်ဦးလွင်ရောက်မှ ပြင်မယ်လို့ စဉ်းစားဆုံးဖြတ်ထားခဲ့တယ်။ အခုတော့ ကားက ဝပ်ရှော့ကိုရောက်ပြီး အချိန်နှစ်မိနစ်၊ သုံးမိနစ်လောက်အတွင်း ပြင်ဆင်ပြီးသွားပြီ၊ အားလုံးကောင်းသွားပြီဆိုတာကြောင့် အံ့ဩသွားရတော့တယ်။

ဒီလိုအံ့ဩမှုတွေနဲ့အတူ ဝပ်ရှော့ဆရာကို ကားကဘာဖြစ်သွားတာလဲ၊ ဘယ်လိုပြင်ဆင်လိုက်တာလဲ၊ ကုန်ကျငွေဘယ်လောက်လဲလို့ မေးမြန်းလိုက်တဲ့အခါ ဖြူးပြတ်နေတာပါ။ အခုဖြူးအသစ်တစ်ခုထည့်လိုက်ပြီ။ ဖြူးဖိုးနှစ်ထောင်ကျပ်ပဲပေးပါဆိုတာကြောင့် ဝမ်းသာသွားခဲ့ရပြန်တယ်။ မိမိရဲ့အထင်က လိုအပ်တဲ့ပစ္စည်းတွေလဲရမယ်၊ ပြင်ဆင်ခတွေပေးရမယ်၊ ငွေကုန်ကြေးကျများပြီး အချိန်တွေလဲကြာမြင့်မယ်လို့ တွေးဆထားခဲ့တာပါ။ ဒါ့ပြင် ဝပ်ရှော့ဆရာက ဂီယာထိုးကြည့်ပါ၊ မှန်အတင်အချတွေလုပ်ကြည့်ပါ၊ နောက်ပြီးဘရိတ်နင်းကြည့်ပါ၊ ဖြူးပြတ်နေရင် ဘရိတ်မီးတွေလဲမလင်းဘူး၊ အခုအကုန်လင်းနေပြီဆိုလို့ အားလုံးကိုစမ်းသပ်လုပ်ကိုင်ကြည့်နေရတယ်။ ကားကအရင်အတိုင်း အားလုံးကောင်းသွားပါပြီ။ ပြင်ဆင်ချိန်နှစ်မိနစ်၊ သုံးမိနစ်လောက်နဲ့ ကုန်ကျငွေနှစ်ထောင်ကျပ်သာ ရှိခဲ့ပါတယ်။ ဒီနေရာမှာ မိမိအနေနဲ့ ဘရိတ်မီးတွေမလင်းဘူးဆိုတာကို လုံးဝမသိရှိခဲ့ပါဘူး။ ဝပ်ရှော့ဆရာက ပြောပြမှသိရပါတော့တယ်။ အခုတော့ ဒိုင်ခွက်မီးတွေကော၊ ဘရိတ်မီးတွေကော ပြန်လင်းနေပါပြီ။ ကားမှာရှိတဲ့ဖြူးလေးတစ်ခု ပြတ်သွားတာနဲ့ မောက်မယ်မြို့မရောက်ခင်လမ်းတစ်ဝက်ကတည်းကနေ အခုအချိန်ထိ ရောက်ခဲ့ရတဲ့ ဒုက္ခတွေက မနည်းခဲ့ပါဘူး။ အောင်ပန်းမြို့ကိုရောက်မှ ဝမ်းသာပျော်ရွှင်သွားခဲ့ရပြီဖြစ်သလို ရှေ့ဆက်ခရီးလမ်းကိုလဲ စိတ်အေးချမ်းသာစွာနဲ့ သွားရောက်ရပါတော့မယ်။










## မန္တလေးတိုင်းဒေသကြီး ကုန်တင်ယာဉ်/ခေါက်တိုယာဉ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပေးမည်

မန္တလေးတိုင်းဒေသကြီး ကုန်တင်ယာဉ်/ခေါက်တိုယာဉ် ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် လုပ်ငန်းကော်မတီတွင် မှတ်ပုံတင်ထားသည့် ကုန်တင်ယာဉ်နှင့် ခေါက်တိုယာဉ်များ၏ ယာဉ်ပိုင်ရှင်/မောင်းနှင့် ယာဉ်နောက်လိုက်များ၏(၂၀၂၅-၂၀၂၆)ခုနှစ် ပညာသင်ကြားနေသော သားသမီးများအား ပညာသင်ထောက်ပံ့ငွေနှင့် (၂၀၂၄-၂၀၂၅)ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ထူးချွန်စွာအောင်မြင်သူများအတွက် ပညာရည်ချွန်ဆုများ ချီးမြှင့်သွားမည်ဖြစ်၍ ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆုလျှောက်ထားလိုသူများသည် ယကက(ကုန်တင်ယာဉ်နှင့် ခေါက်တိုယာဉ်)ရုံး၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း(စွယ်တော်)၊ အခန်းအမှတ်(MM-5)တွင် လျှောက်လွှာများ အခမဲ့ထုတ်ယူပြီး(၂၀-၈-၂၀၂၅)ရက်နေ့ နောက်ဆုံးထားပေးပို့ကြပါရန် အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး
ကုန်တင်ယာဉ်/ခေါက်တိုယာဉ်
ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ
မန္တလေးမြို့။

## အဖိုးတန်ရေချိုကို ချွေတာပါ

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စံဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်အံ့ရှင်းသန့်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးကျန်ဖြစ်ပါကြောင်း။

ဦးကျန်(၈/မမန(နိုင်)၁၂၈၆၉၈)

## ဖခင်အမည်မှန်

ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အထက စဉ့်ကိုင်၊ Grade-8(A) မှ မောင်နေခ်ထူးလွင်၏ ဖခင်အမည်မှန်မှာ ဖွားစာရင်းအရ ဦးဆန်းလွင်ထွန်း(၅/စကန(နိုင်)၁၀၀၇၇၁)ဖြစ်ပါကြောင်း။

ဦးဆန်းလွင်ထွန်း(၅/စကန(နိုင်)၁၀၀၇၇၁)

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ အထက(၃)၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်သိန်းထွန်းအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးလှငွေဖြစ်ပါကြောင်း။ ဦးလှငွေ(၉/မနတ(နိုင်)၀၃၇၂၄၁)

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သော ကြောင့် ရှောင်ကြဉ်သင့်သည်။




**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



❖ စည်းလုံးသောနိုင်ငံ၊ ညီညွတ်သောနိုင်ငံ၊ နိုးကြားကြိုးစားသော နိုင်ငံသည် အမြဲထာဝရဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပြီး စည်းလုံး ညီညွတ်မှုမရှိပါက နိုင်ငံပါ ရေနစ်ဆားကဲ့သို့ ပျက်စီးပျောက် ကွယ်သွားမည်သာဖြစ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေး



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၃

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် ဇနီး ဒေါ်ကြူကြူလှ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများလိုက်ပါ၍ ပဲခူးမြို့ ကမ္ဘောဇသာဒီရွှေနန်းတော်ကြီးရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာအမွေအနှစ်နေရာများပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ကမ္ဘောဇသာဒီရွှေနန်းတော်သို့ ရောက်ရှိကြပြီး ရွှေနန်းတော်အတွင်း ယခင် မြေနန်းပြာသာဒ်ဆောင်နေရာမှ တူးဖော်ရရှိသည့် ကျွန်းတိုင်လုံးကြီးများပြသထားရှိမှု၊ ရှေးခေတ်မြန်မာမင်းတို့၏ ကန်တော့ခံအခမ်းအနားပုံစံအား

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

## စစ်တောင်းမြစ်ရေ၊ ရွှေကျင်မြစ်ရေနှင့် သံလွင်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၃

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့

ဆောင်းပါး စာမျက်နှာ- ၂၁

ဟိုတောင်ဆီမှာ ပြိုသည့်မိုး

ဆောင်းပါး စာမျက်နှာ- ၂၂

